
www.burmeseclassic.com



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အင်ပါယာစာပေ

-တိုက် ၂၁၊ အခန်း ၁၁
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

-တိုက် ၉၊ တတိယထပ် (ဝဲ)
ယုဇနလမ်း၊ စစ်တောင်းရိပ်မွန်
ယုဇနဥယျာဉ်မြို့တော်။
ဖုန်း - ၅၉၃၂၆၅

-E-mail: EPC@mail2world.com
-P.O.Box - 234

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်

၁၆၄/၂၀၀၄ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၂၀၆/၂၀၀၄ (၂)

ထုတ်ဝေခြင်း

ပထမအကြိမ်

၂၀၀၄ ခုနှစ်၊ ဧပြီလ။

အုပ်ရေ

၅၀၀

တန်ဖိုး

၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မောင်ညီမြအား (ပန်းစာ)

(လုံးချင်းဝတ္ထုသစ်)

## ပိတောက်စေရာ နွေများစွာငြိမ်း

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် ၂၁၊ အခန်း ၁၁၊
စိပ္ပွားကူးသန်းဝန်ထမ်းအိမ်ယာ၊
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ပုံနှိပ်သူ
ဦးမောင်မောင်လွင် (သဝိရတနာအော့ဖ်ဆက်)
၂၀၄၊ လမ်း ၃၀၊ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( တစ် )

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ရာသီစက်ဝိုင်းရဲ့
ကြမ္မာလှိုင်းအောက်မှာ
နွေ . . . တွေ
ရောက်ရောက်လာမယ် . . . ။

နွေရဲ့အယုယကြောင့်ပဲ
ပိတောက်တွေ ပွင့်
. . . ပွင့်နေမယ် . . . ။

အဝေလှိုင်လို့
အကြွေမြိုင်တယ်ဆိုတဲ့အမျက်နဲ့
တစ်သက်လုံးစောင့်ဆိုလည်း
နွေအရောက် . . .
ပိတောက်အပွင့်မှာ
မျှော်လင့်ခြင်းတွေက
အတောမသတ်နိုင်ဘူး . . . ။

www.burmeseclassic.com

www.burmeseclassic.com

# ၁

နွေသည် လိုအပ်သည်ထက် ပိုပြီး ပူလောင်နေ၏။ ခပ်လှမ်းလှမ်းဆီမှ ဥသြငှက်သည် ဆွေးမြေ့စွာ အော်မြည်နေသည်။ အပင်တို့တွင် ရိုးတံကျဲ၍ ပုရစ်များကို မြင်တွေ့ရသည်။

"ပော့ကောင် အောင်မင်းထိုက် . . . ဒီသင်္ကြန်မှာ ငါတော့ မင်းနဲ့အတူရှိနေမှာ သေချာတယ်"

နွေကို ငေးနေစဉ်မှာပင် သူငယ်ချင်းဖြစ်သူ ကျော်လတ် ရောက်လာ၏။ မနှစ်က သင်္ကြန်မှာတော့ အနားမှာ ကျော်လတ် ရှိမနေပေ။

"ဘာလဲ ကျော်လတ် . . . ခိုင်ပွင့်က သင်္ကြန်မတိုင်ခင် နောက်တစ်ယောက် တွဲနေလို့ ဒီစကားပြောတာ မဟုတ်လား၊ မနှစ်က သင်္ကြန်မတိုင်ခင်မှာ မင်းနဲ့ခိုင်ပွင့် စ,တွဲခဲ့တာ တစ်နှစ်တောင်

www.burmeseclassic.com

www.burmeseclassic.com



မလည်သေးဘူး၊ မင်းတို့က ကွဲကြပြန်ပြီပေါ့”

ကျော်လတ်က သူနှင့် အထက်တန်းတုန်းကတည်းက တွဲလာခဲ့သူ။

“ဒီသကြၤန်မှာတော့ တစ်ယောက်ယောက်နဲ့ ငြိအောင်လုပ်ယူရမှာပဲ အောင်မင်းထိုက်ရာ”

“အဲဒါပြောတာပေါ့ . . . အချစ်ဆိုတာထက် ရင်ခုန်သာယာမှုတွေနောက် မင်း လိုက်နေလို့ အခုလိုဖြစ်တာ၊ ခိုင်ပွင့်နဲ့ဆိုရင် မင်းမှာ ရည်းစားသုံးယောက်မြောက် ဖြစ်သွားပြီ၊ ရင်နဲ့ချစ်ရမယ့်သူ တစ်ယောက်ကိုတော့ မင်းရှာသင့်နေပြီ ကျော်လတ်”

ငယ်ငယ်တုန်းက တစ်ယောက်၊ တက္ကသိုလ်တက်မှ နှစ်ယောက် ကျော်လတ် တွဲဖြစ်သည်။

အခုမှ ကျော်လတ်က ဒုတိယနှစ် ကျောင်းသားဘဝပင် ရှိသေး၏။

“ငါ့ကို မပြောနဲ့ အောင်မင်းထိုက်၊ သကြၤန်တွေလည်း တစ်နှစ်ပြီးတစ်နှစ် ပြီးသွားခဲ့ပြီ၊ မင်းအသက်ကလည်း ကြီးကြီးလာပြီ မင်းမှာသာ တွဲသွားတွဲလာရမယ့် ရင်ခုန်ရမယ့်ကောင်မလေး တစ်ယောက်မှ မတွေ့သေးဘူး မဟုတ်လား၊ အလကားနေရင်း ဟိုတွေးဒီတွေး ချေးများပြီး လူပျိုသိုးကြီး ဖြစ်တော့မှာ၊ အချိန်တွေ အခွင့်အရေးတွေကို အရမ်းနှမြောဖို့ကောင်းနေပြီ အောင်မင်းထိုက်”



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အတူတွဲအတူလာ များခဲ့ကြပေမယ့် ချစ်သူအဖော်ကိစ္စမှာတော့ ကျော်လတ်နှင့် အတွေးချင်း အမြင်ချင်း မတူ။ ရင်ခုန်ရုံ သက်သက်မျှနှင့်တော့ သွေးမတော်သားမစပ်သူတစ်ဦးကို သံယောဇဉ်တွေ ပုံအောမပေးချင်သလို၊ ချစ်သူအဖြစ်လည်း အခွင့်အရေး မပေးချင်ပေ။

"နေပါစေ ကျော်လတ်ရာ၊ ငါကတော့ တစ်ယောက်ဆို တစ်ယောက်ပဲ ချစ်ပြီး မျက်နှာများရမယ့် စိတ်ညစ်ရမယ့် အလုပ်မျိုးကိုတော့ မလုပ်ချင်တာ အမှန်ပဲ"

BURMESE CLASSIC .com

ကျော်လတ်ကို ပြောရင်းကပင် ခြံထဲမှ ပိတောက်ပင်ဆီ အကြည့်ရောက်မိသည်။

စိမ်းရွှက်စိုကြားမှာပင် ဖူးတံလေးတွေကို မြင်နေရ၏။ ပိတောက်ဖူးတို့သည် သင်္ကြန်အရောက်ကို တမင်ကြိုနေကြသယောင်ပင်။

"မင်းကတော့ ဘယ်လိုတရားချချ ဘာမှဖြစ်လာမှာ မဟုတ်ဘူး၊ ဒီလိုချေးထူတာမျိုးနဲ့ဆိုရင် မင်း လူပျိုကြီးဖြစ်မှာ သေချာနေပြီ အောင်မင်းထိုက်"

ကျော်လတ်နှင့် စကားပြောနေကြစဉ်မှာပင် ခြံထဲသို့ ကားဖြူလေး ဝင်လာ၏။

သူလှမ်းကြည့်လိုက်တော့ ကားပေါ်မှာ အစ်မဖြစ်သူ သင်းသင်းထိုက်နှင့် ကိုဝေစိုးလှိုင်တို့ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မမတို့ ဆရာဝန်ပေါက်စအဖွဲ့ကတော့ ဒီနှစ်သင်္ကြန်မှာ မဏ္ဍပ်လုပ်ထားတယ် ပြောတယ် ကျော်လတ်"

"မမလင်းနဲ့ ကိုဝေစိုးလှိုင်တို့ လက်ထပ်ဖို့ကိစ္စကရော"

"ဒီဝါမဝင်ခင် ဖြစ်လိမ့်မယ်လို့ ပြောသံကြားတာပဲ"

"မမသင်းက ကံကောင်းပါတယ်၊ စိတ်တူကိုယ်တူချင်း တွေ့ကြပြီး လက်ထပ်ဖြစ်တာ၊ ကိုဝေစိုးလှိုင်က မရှုပ်မပွေဘူး၊ မမသင်းအပေါ်လည်း အရမ်းချစ်ပုံရတယ်၊ မင်း အားမကျဘူးလား အောင်မင်းထိုက်"

"မမတို့စုံတွဲမျိုးကိုတော့ ငါ အားကျချင်တယ်၊ ဒါပေမဲ့ မင်းကိုတော့ ငါ အားမကျချင်ဘူး"

"ရည်းစားထားတယ်ဆိုတာ ရင်ခုန်ရတယ်ဆိုတာ အရွယ်ရှိတုန်း လုပ်ရတဲ့အလုပ်ကွ၊ အသက်ကြီးသွားရင် ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး၊ အခြေအနေပေးတုန်း ပျော်ပျော်ပဲ နေချင်တယ်၊ ဒီသင်္ကြန်မှာတော့ မမသင်းကို အားကိုးပြီး အဖော်ရှာရမှာပဲ"

"ကြည့်လဲလုပ်ဦးနော်၊ မမသင်းတို့အဖွဲ့က အားလုံး စည်းစနစ်ရှိကြတာ၊ တော်ကြာ မင်းနာမည်ပျက်နေဦးမယ်"

"ငါဆိုတဲ့ကောင်ကလည်း မပိုင်ဘဲနဲ့ သွေးတိုးစမ်းပုံမလား အောင်မင်းထိုက်ရာ"

သင်္ကြန်တေးသံတွေကတော့ အဝေးဆီမှ လွင့်ပျံ့ပြီးလာနေ၏။ သင်္ကြန်ရောက်တော့မည့် အရိပ်လက္ခဏာများနှင့် နွေသည့်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးလှလို့နေပြန်၏။

"ဟိုတက်အိမ်ကလူတွေက သင်္ကြန်မစောင့်ဘဲ ပြောင်းကြ ရွှေ့ကြပြီနော် မေမေ"

တစ်ဖက်ခြံမှ အပြောင်းအရွှေ့တွေကို ကြည့်ရင်း ပြော လိုက်မိသည်။ ခြံနှင့်အိမ်ကလည်း သူတို့အပိုင်ပင်။ အိမ်ငှားတွေတင် ထားတော့ အပျက်အစီးနည်းတာပေါ့ဆိုသော ရည်ရွယ်ချက်ဖြင့် မေမေတို့ ဖေဖေတို့ ငှားထားခြင်း ဖြစ်၏။

"ဟုတ်တယ် မောင်လေး၊ သင်္ကြန်ပြီးတာနဲ့ အဲဒီအိမ်ကို၊ ကိုဝေစိုးလှိုင်တို့ ပြောင်းလာကြမှာလေ"

ကိုဝေစိုးလှိုင်တို့က မော်လမြိုင်ကဆိုတာကို သိထား၏။ ကိုဝေစိုးလှိုင်တို့မိဘတွေ အိမ်လာလည်တာကို တစ်ခါနှစ်ခါဆုံခဲ့ဖူး ၏။

"ဒါဆို မော်လမြိုင်ကနေပြီး မိသားစုလိုက် ရွှေ့လာကြမယ့် သဘောပေါ့ဟုတ်လား မမ"

"မဟုတ်ဘူး၊ ကိုဝေစိုးလှိုင်နဲ့ သူ့ညီမလေးပဲ နေကြမှာလေ၊ သူ့ညီမလေးက ဒီနှစ် စီးပွားရေးတက္ကသိုလ် တက်မှာလေ"

"အော် . . ."



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဦးလှိုင်နဲ့သားနဲ့က မဆုံဖြစ်ကြသေးလို့ပါ၊ အရမ်းချစ်ဖို့ကောင်းတာ၊ မေမေတို့နဲ့ကတော့ ဆုံဖြစ်ကြပြီးပြီ၊ အခုလောလောဆယ် သူ့အဒေါ်အိမ်မှာ နေနေတာလေ၊ သက်နှိုပြီးတာနဲ့ ဒီပြောင်းလာတော့မှာ၊ သားအတွက် အဖော်ရတာပေါ့"

မေဦးလှိုင်အကြောင်းကို မိတ်ဆက်ပေးပြီး အနားမှ မေမေထ,ထွက်သွားသည်။

"ဟုတ်သားပဲ မေဦးလှိုင်နဲ့ မောင်လေးတို့က ဆုံမှမဆုံဖူးကြသေးဘဲ၊ မောင်လေးတွေ့ရင် ခင်သွားမှာပါ၊ ပြောစရာ တစ်ခုပဲရှိတာယ်၊ မေဦးလှိုင်ကတော့ အပေါင်းအသင်းများပြီး ခေတ်ဆန်ချင်တယ်"

BURMESE CLASSIC .com

မေမေတို့ ညွှန်းဆိုနေသော ကိုဝေစိုးလှိုင်၏ညီမဖြစ်သူကို စိတ်ဝင်စားချင်သလိုလို ရှိသော်လည်း မမပြောလိုက်သော နောက်ဆက်တွဲစကားများကြောင့် ဘဝင်မကျချင်စရာ ဖြစ်သွားမိ၏။

"ဒါဆိုရင်တော့ မောင်လေး မျက်စိနောက်တော့မှာ သေချာတယ် မမ"

"စောင့်ကြည့်ပါဦးကွယ်၊ ခင်ဦးလှိုင်က ခင်စရာကောင်းပါတယ်"

"စောင့်မကြည့်လည်း တွေ့ရတော့မှာပဲ မဟုတ်လား မမ၊ အခုခေတ်ကောင်မလေးတွေနဲ့ တစ်ပုံစံတည်းပဲ နေမှာပါ"

"မင်းက အသက်ဘယ်လောက်ကြီးသေးလို့လဲ မောင်လေး



www.burmeseclassic.com

www.burmeseclassic.com



ရယ်”

အစ်မဖြစ်သူနှင့်တော့ အတိုက်အခံတွေ ပြောမနေချင်။

မေဦးလှိုင်ဆိုသော ကောင်မလေးက တခြားသူမဟုတ်။ ကိုဝေစိုးလှိုင်၏ညီမအရင်း ဖြစ်နေ၏။

“စိတ်ချပါ မမရာ၊ အလိုက်အထိုက်တော့ မောင်လေး ဆက်ဆံပေးပါ့မယ်၊ မမမျက်နှာ ပျက်လောက်အောင်တော့ မောင်လေး မရိုင်းပါဘူး”

“ကိုဝေစိုးလှိုင်ကလည်း မောင်လေးအကြောင်းကို သိနေလို့ စိုးရိမ်နေတာ၊ သူ့ညီမလေးအတွက် ကြိုပြောပေးထားပါလို့ တဖွဖွ ပြောနေတာ”

“မောင်လေး ကတိပေးပြီးပြီပဲ”

ပြဿနာရှိပြီဆိုတာကို ရိပ်စားမိလိုက်၏။ သူ့အတွက်က အဆင်ပြေအောင်နေဖို့ ထိုင်ဖို့က သိပ်အရေးမကြီး။

သူငယ်ချင်းဖြစ်သူ ကျော်လတ်ကိုပဲ သူလန့်နေမိသည်၊

အစ်မစကားအရဆိုရင်တော့ ကျော်လတ်နှင့်မေဦးလှိုင်တို့ ထိပ်တိုက်ဆုံပြီး ပြဿနာဖြစ်မှာပဲ သူစိုးရိမ်နေ၏။

✝✝✝

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၂

သူ အိပ်ရာမှနိုးနိုးချင်းမှာပင် သင်္ကြန်တေးသံကို ကြားလိုက်ရသည်။

ဒီနေ့က သင်္ကြန်အကြိုနေ့။

ညတုန်းက မေဦးလှိုင်ကိစ္စကြောင့် ဟိုးတွေးဒီတွေးရင်းကပင် အတော်ညဉ့်နက်သွားခဲ့၏။

အစ်မတို့မဏ္ဍပ်မှာ မေဦးလှိုင်ရှိနေမှာ သေချာ၏။

ကျော်လတ်ကလည်း သူနှင့်အတူ အစ်မတို့အဖွဲ့နှင့် သင်္ကြန်လည်ဖို့ အစီအစဉ် ရှိပြီးသား။

သူ့အတွက်တော့ မေဦးလှိုင်နှင့်ကျော်လတ်တို့ ဆုံဖြစ်ကြမည့်အရေးမှာ ခေါင်းစားစရာ ဖြစ်နေတော့၏။

“သားက အခုမှ နိုးတာလား။ မေမေတို့က မင်းအစ်မတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာမြို့မက္ကျွပ်ပါသွားပြီ ထင်နေတာ”

မေမေ့လက်ထဲမှာတော့ ပိတောက်ပန်းတွေက တစ်ပွေ့ တစ်ပိုက်ပင်။

ညဉ့်နက်တော့ မိုးရိပ်ကြောင့်ပင် အအိုက်ပြေသွား၏။ မိုးပေါက်ကျသံကို အိပ်ရာဝင်ရင်း ကြားမိသေး၏။

“ပိတောက်တွေ ပွင့်ပြီဟုတ်လား မေမေ”

ပိတောက်ပန်းကတော့ သူ့အတွက် နှစ်သက်ခုံမင်ရာပန်း ပင်။

“ဟုတ်တယ် သား၊ ခြံထဲက ပိတောက်ပင်ကတော့ လှိုင် အောင် မပွင့်ကြသေးဘူး၊ ညတုန်းက မိုးက ကွက်ကြားရွာသွားတာ လေ၊ ဟိုဘက်ရပ်ကွက်ထဲမှာတော့ မိုးရွာတာများလို့ ပိတောက်တွေ လှိုင်နေတာပဲ၊ ဈေးသွားရင်းကနေ မေမေ ဝယ်လာခဲ့တာ”

မေမေကတော့ ပိတောက်ပန်းနှင့် ပတ်သက်ပြီး ရှင်းပြနေ ၏။

“မေမေတို့ရော မမတို့မက္ကျွပ်ကို မသွားဘူးလား”

“သွားမယ်သား၊ မင်းဖေဖေ လိုက်ပို့လိမ့်မယ်၊ သားရော”

“ကျော်လတ် လာခေါ်မယ်ပြောလို့ သူ့အလာကို စောင့် ရမယ် မေမေ”

“မင်းမမတို့မက္ကျွပ်ကို ရောက်အောင်သွားနော်၊ နေ့လယ် သကြံန်ထမင်းကျွေးမယ်လည်း ပြောတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေမေ"

မေမေ့ကို ပြောလိုက်ရပေမယ့် သူ့အဖို့ကတော့ မမတို့ မဏ္ဍပ်သို့ရောက်ဖြစ်လိမ့်မည် မထင်ပေ။

သူရောက်သွားရင် ကျော်လတ်ပါ,ပါမည်။ ကျော်လတ်နှင့် မေဦးလှိုင်တို့ တွေ့ဆုံဖြစ်ပါက အတောမသတ်နိုင်သော ပြဿနာတွေက ဆက်တိုက်ပေါ်ပေါက်လာတော့မှာ သေချာသည်။

မေဦးလှိုင်ဆိုသော မမြင်မတွေ့ရသေးသည့် ကောင်မလေးကြောင့်ပင် ဒီနှစ်သင်္ကြန်မှာ စိတ်သွားတိုင်း ကိုယ်မပါနိုင်မှာ သေချာနေ၏။

သူ ရေမိုးချိုး အဝတ်အစားလဲပြီးသောအခါ နံနက်ကိုးနာရီပင် ခွဲနေ၏။

မေမေတို့ကတော့ မမတို့မဏ္ဍပ်ကို ထွက်သွားကြပြီ။

ဗိုက်ထဲမှာ ဆာဆာရှိသည်နှင့် ထမင်းကြော်ကို ဝင်စားလိုက်သည်။

"ဟော့ကောင်ကြီး . . . အခုမှ နိုးပြီး စားနေသောက်နေတာလား၊ အတော်ပဲ ဗိုက်ဆာတာနဲ့ ငါလည်း နည်းနည်းဝင်စားလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်လတ်ကတော့ စားအိမ်သောက်အိမ်လို ဖြစ်နေသည်မို့ အလွယ်တကူပင် ဝင်စားတော့၏။

ကျော်လတ်ကိုယ်ကတော့ သင်္ကြန်ရေတွေ ရွှဲရွှဲစိုနေ၏။

"ဘယ်လိုလဲ ကျော်လတ် . . . မင်း မြို့တစ်ပတ် လည်ပြီး လောက်ပြီမဟုတ်လား၊ စည်တယ် မဟုတ်လား"

"စည်တာတော့ ပြောမနေနဲ့ကွာ၊ ငါက မင်းဆီ အရင်ဆုံး လာမလို့ပဲ၊ ငါ့သူငယ်ချင်းတွေကား ရောက်လာတာနဲ့ သူတို့နဲ့ တစ်ပတ်လျှောက်လည်ဖြစ်တာ၊ ဒီကောင်တွေအုပ်စုက မူးနေကြတာ များတယ်၊ ယောကျ်ားလေးတွေချည်းပဲ"

သင်္ကြန်မတိုင်ခင်ရက်များကတည်းကပင် သူနှင့်အတူတူ လည်မည် . . . ဟု ကျော်လတ် ပြောပြီးသားဖြစ်နေ၏။

"မင်းသူငယ်ချင်းတွေနဲ့ လက်စနဲ့ လည်လိုက်ရောပေ့ါကွာ"

"ဘာလဲ . . . မင်းက သင်္ကြန်မလည်ဘဲ အိမ်ထဲမှာ ဒီအတိုင်း ထိုင်နေနိုင်လို့လား အောင်မင်းထိုက်"

ဒီပြင်ပွဲလမ်းသဘင်တွေကိုသာ စိတ်မဝင်စားဘဲ နေနိုင်မည်။ သင်္ကြန်ကိုတော့ သူ . . . လက်လွှတ်အဆုံးရှုံးမခံနိုင်မှန်း ကျော်လတ် သိထား၏။

"လည်တော့လည်မယ်၊ ကိုယ်တိုင်လည်တာထက် သူများတွေ ပျော်ကြရွှင်ကြတာကို ပိုပြီးကြည့်ချင်မြင်ချင်တယ်ဆိုတာကို မင်းအသိပဲ၊ ငါ့ကြောင့် မင်း လွတ်လွတ်လပ်လပ် မပျော်ရမှာစိုးလို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ကျော်လတ်ရာ”

အလိမ္မာဖြင့် ကျော်လတ်ကို သူ ပ,ထုတ်ကြည့်မိသည်။

သူ့ကြိုးစားမှုက အရာမရောက်ခဲ့ပေ။

“ဟော့ကောင် . . . မမသင်းတို့မဏ္ဍပ်ကို ငါရောက်ခဲ့ပြီးပြီ သိလား”

“မင်းက အဲဒီကိုတောင် ရောက်ခဲ့ပြီးပြီ . . . ဟုတ်လား ကျော်လတ်”

ကျော်လတ်၏အရည်အချင်းကိုတော့ သူ ဖြုံသွားသည်။ ဒါဆို . . . မဏ္ဍပ်အခြေအနေနှင့် ခင်ဦးလှိုင်အကြောင်းကို ကျော်လတ် သိနေသည်လားမသိ။

“မင်းပုံစံက ဘာဖြစ်နေတာလဲ ငါ အဲဒီမဏ္ဍပ်ရောက်တာ ဘာဖြစ်လို့လဲ၊ ဒီစကားပြောလိုက်တာနဲ့ မင်းပုံစံက လူထ,သတ်တော့မယ့်အတိုင်းပဲ”

ခင်ဦးလှိုင်နှင့် ပတ်သက်ပြီး သူ့စိတ်တွေ ယောက်ယက်ခတ်သွားတာကိုတော့ ဝန်ခံရပေလိမ့်မည်။

“တခြားတော့ မဟုတ်ပါဘူး၊ ငါမပါဘဲ မင်းရောက်သွားတဲ့အတွက် အံ့သြသွားလို့ပါ ကျော်လတ်”

“စားပြီးသောက်ပြီးတာနဲ့ မမသင်းတို့မဏ္ဍပ်မှာ စတည်းချမယ် အောင်မင်းထိုက်၊ အဲဒီမှာ ရေကစားမယ်၊ သူတို့အဖွဲ့နဲ့ရောပြီး သင်္ကြန်လည်ကြတာပေါ့၊ အချောအလှလေးတွေ အများကြီးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အရွယ်စုံဆိုဒ်စုံပဲ၊ မမသင်းတို့ကတော့ အားကိုးလောက်တယ်”

ဒီကောင့်ခြေစလက်စကို သိထားပြီးဖြစ်၏။ မဏ္ဍပ်ကို ရောက်ပြီး အသေအချာ စေ့စေ့စပ်စပ် ကြည့်ပြီးမှာ သေချာ၏။

အခုချိန်ထိတော့ ခင်ဦးလှိုင်ဆိုသော အမည်နာမကို ကျော်လတ်တစ်ယောက် မပြောဆိုသေးပေ။

“သင်္ကြန်ထမင်းကျွေးမယ်လို့ ပြောတယ်၊ သူတို့မဏ္ဍပ်က ဘယ်လိုလဲ”

“အေး . . . အဲဒါပြောဖို့ မေ့နေတာ၊ ဒီနှစ်ကတော့ ထူးခြားတယ် ပြောရမယ်၊ ရေပက်တာ ရှိုးရှိုးပက်ကြတာ မဟုတ်ဘူး”

“ဘယ်လိုပက်လို့လဲ၊ မီးသတ်ပိုက်တွေ ကိုယ်စီကိုင်ပြီး ပက်ကြလို့လား”

“မင်းကလည်း ပိုက်နဲ့ပက်တာ မဟုတ်ဘူး၊ ဟိုလေ ရခိုင်ရိုးရာပုံစံမျိုးပဲ၊ ဆန်းတယ်ကွ”

“ပြောစမ်းပါဦး”

“မဏ္ဍပ်ထဲမှာ လောင်းလှေကြီး ထည့်ထားတာ၊ ကောင်မလေးတွေက စီတန်းပြီး ရပ်နေတယ်၊ မဏ္ဍပ်ထဲကို တန်းစီပြီး ဝင်ရတာ၊ ရပ်နေတဲ့ မိန်းကလေးဦးရေအတိုင်းပဲ ဝင်ရတာ၊ နေရာယူပြီး ခရာမှုတ်တာနဲ့ ရေပက်ရတယ်၊ ဒါပေမဲ့ ငါတို့ကို ခွက် မပေးထားဘူး၊ ကောင်မလေးတွေ ခွက်ပေးမှ ရေထည့်ပေးမှ ပက်လို့ရတာ၊ သူတို့ကဦးတော့ ဘယ်လို ပက်နိုင်မှာလဲ၊ ခရာမှုတ်ရင် ရပ်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



ရော၊ ပျော်စရာတော့ ကောင်းတယ်၊ အဲဒီမဏ္ဍပ်မှာ ယောက်ျားလေးတွေ ပက်ချင်လို့ တန်းစီနေကြရတာ”

“မင်း ဝင်ခဲ့သေးလား”

“မဝင်ဖြစ်ဘူး၊ မမသင်းနဲ့ စကားပြောပြီး မင်းကို လာခေါ်တာပဲ အောင်မင်းထိုက်”

“မမတို့အုပ်စုက စိတ်ကူးကောင်းသားပဲ၊ ကန္တြေရုနဲ့ ပျော်စရာကောင်းတဲ့ ရေကစားနည်းပဲ”

ကျော်လတ်ပြောသော မိန်းကလေးအုပ်စုထဲမှာတော့ ခင်ဦးလှိုင် ပါဝင်နေမှာ သေချာ၏။

ခင်ဦးလှိုင်နှင့်ကျော်လတ်တို့ မဆုံရသေး . . . ဟု တွေးယူလို့ရသည်။ ဒီနေ့အဖို့တော့ သူရော ကျော်လတ်ပါ ခင်ဦးလှိုင်ကို တစ်ပြိုင်နက် တွေ့ခွင့်ရတော့မည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၄

အိမ်ရှေ့မှာ အသင့်ရပ်ထားသော ကိုဝေစိုးလှိုင်၏ အမိုးဖွင့်ဂျစ်ကားဖြင့် နှစ်ယောက်သား ထွက်လာခဲ့ကြသည်။ ဒီဂျစ်ကားက သက်နှင်းလည်ဖို့အတွက် ကိုဝေစိုးလှိုင် ငှားထားသော ဂျစ်ကားဖြစ်၏။

ကားပေါ်မှာ သူတို့နှစ်ယောက်တည်းပါပေမယ့် ရေပက်သူများကတော့ အလွတ်မပေးခဲ့ပေ။

မဏ္ဍပ်မရောက်ခင် လမ်းခုလတ်မှာပင် သူ့တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပြီ။

"တွေ့တယ် မဟုတ်လား အောင်မင်းထိုက်၊ မမသင်းတို့ မဏ္ဍပ်က တော်တော်လေး လူစည်နေတာလေ"

မဏ္ဍပ်ကို လှမ်းမြင်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျော်လတ်ကတော့ လုပ်ချင်တာလုပ်ရတော့မည်ဆိုသော အတွေးဖြင့် အပျော်ကြီးပျော်နေ၏။

အခြေအနေကို ကြည့်ပြီးတော့ ကျော်လတ်ကို ထိန်းသိမ်းဖို့သာ ဆုံးဖြတ်လိုက်ရတော့၏။

"မောင်လေးတို့ ရေကစားချင်သေးလား"

အစ်မဖြစ်သူက အခြေအနေကိုမသိဘဲ မေး၏။

ကျော်လတ်ကတော့ မငြင်းဘဲ ဝင်ပြော၏။

"ကစားရမှာပေါ့၊ ဒါပေမဲ့ မိန်းကလေးတွေနဲ့ ရေကစားချင်လွန်းလို့ တန်းစီနေတဲ့လူတွေကို ဘယ်လိုလုပ်သည်းခံပြီး စောင့်ရမှာတုန်း"

"ဒီတစ်ခါတော့ မင်းတို့နှစ်ယောက်ကို ထိပ်ဆုံးက ဝင်ခွင့်ရအောင် လုပ်ပေးမယ်၊ အတော်ပဲ ဒီမိန်းကလေးတွေလဲရင် မမတို့ခင်ဦးလှိုင်တို့ အလှည့်ပဲ"

"မမသင်းရေ ကျွန်တော်ကတော့ ခပ်ချောချောလေးနဲ့ မျက်နှာချင်းဆိုင်ပြီး ရေကစားမှဖြစ်မှာနော်"

"မင်းကတော့ ကံကျရာပဲ၊ ဒါပေမဲ့ မမသင်းတို့မဏ္ဍပ်မှာက အချောတွေကြီးပဲ မောင်ကျော်လတ်၊ ငါ့မောင်ကိုတော့ ခင်ဦးလှိုင်နဲ့ ကျအောင် လုပ်ပေးရမယ်"

ကျော်လတ်ရှေ့ကျမှ အစ်မဖြစ်သူက ခင်ဦးလှိုင်အကြောင်းကို ပြောနေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



အစ်မဖြစ်သူက ရေကစားဖို့အစီအစဉ်တွေလိုက်လုပ်နေ၏။ အစ်မအနားမှာ မရှိခိုက်မှာပင် ကျော်လတ်က စပ်စုတော့၏။

"နေစမ်းပါဦး အောင်မင်းထိုက် . . . စောစောက မမသင်း ပြောသွားတဲ့အထဲမှာ ခင်ဦးလှိုင်ဆိုတာ ပါတယ်၊ အဲဒါ ဘယ်တစ်ယောက်လဲ၊ ဘယ်လိုပတ်သက်နေလို့လဲ အောင်မင်းထိုက်"

အစ်မဖြစ်သူက ပြောသာသွားသည်။ အခုချိန်ထိတော့ ခင်ဦးလှိုင် ဘယ်သူဘယ်ဝါဖြစ်သည်ဆိုတာကို သူလည်း မသိရသေးပေ။

"အေး . . . ငါလည်း အဲဒီအကြောင်းကို မင်းသိအောင် ပြောမလို့ပဲ၊ ခင်ဦးလှိုင်ဆိုတာ တခြားသူ မဟုတ်ဘူး၊ ကိုဝေစိုးလှိုင်ရဲ့ ညီမအရင်းပဲ၊ မော်လမြိုင်က ဒီနှစ်မှ တက္ကသိုလ်စ,တက်မှာ"

"ကိုဝေစိုးလှိုင်ရဲ့ညီမဆိုတော့ အချောလေးပဲနေမှာပေါ့နော်"

"ငါလည်း နာမည်သာ ကြားဖူးနေတာ၊ အခုချိန်ထိတော့ လူချင်း မဆုံရသေးဘူး၊ ငါ မင်းကို အပြတ်သတိပေးထားမယ်၊ ကောင်မလေးက ကြားစကားအရတော့ ခပ်ကဲကဲလေးပဲ၊ မင်း . . . ဆင်ခြင်နော်"

"ဟော့ကောင် . . . မင်းအတွက် သတ်မှတ်ထားရင်တော့ ငါ အလျှော့ကြည့်နေလိုက်ပါ့မယ်"

"အဲဒီလို ခပ်ကဲကဲလေးမျိုးကို ငါဘယ်တုန်းကမှ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



မမက်ဘူး”

“ဒါဆိုလည်းကွာ . . .”

“လုပ်မနေနဲ့ ကျော်လတ်၊ ဒီမဏ္ဍပ်ထဲက ဒွိပြင်မိန်းကလေးတွေကို မင်းဘာသာမင်း စည်းရုံးပြီး တွဲရင်တွဲ၊ ခင်ဦးလှိုင်ဆိုတဲ့ ကောင်မလေးကိုတော့ မင်း လုံးဝ မပစ်မှားမိစေနဲ့၊ အေး . . . ငါ့စကား နားမထောင်ရင်တော့ မင်းနဲ့ငါ သေခန်းပြတ်ပဲကျော်လတ်”

ကျော်လတ်၏ခြေစလက်စကို အားလုံးသိထားသည်မို့ ပြင်းထန်သော ရာဇသံကို ထုတ်လိုက်ရသည်။

“ဟာ . . . အတော်လေး ထူးဆန်းနေပါလား၊ လူချင်းမဆုံသေးဘူးသာ ပြောတယ်၊ မင်းဥစ္စာက အရမ်းတွန့်တိုပြနေပါလား၊ ကြည့်ရတာ တော်တော်သားနားမယ့်သဘောရှိတယ်၊ နေစမ်းပါဦး၊ မင်းနဲ့ပေါင်းတာ နှစ်တွေကြာပြီပဲ၊ မမသင်း လွတ်လွတ်လပ်လပ်ဖြစ်နေချိန်တုန်းကတောင် ဒီလိုရာဇသံမျိုး မင်းမထုတ်ခဲ့ပါဘူး”

ကျော်လတ်ကတော့ အကျအနကောက်ပြီး သူ့ကို စွပ်စွပ်စွဲစွဲတွေ ရမ်းပြောနေတော့၏။

“လျှာမရှည်နဲ့ ကျော်လတ်၊ သူတို့တွေ လာနေကြပြီ၊ အဲဒီအုပ်စုထဲမှာ ပါလာတဲ့ တစ်ယောက်ယောက်ဟာ ခင်ဦးလှိုင်ပဲ”

မိန်းကလေးတွေကတော့ အထဲမှ အုပ်စုနှင့် လူချင်းချိန်းလိုက်ကြသည်။

အစ်မဖြစ်သူက ကြိုတင်ပြောထားသည်မို့ အများလို တန်း



www.burmeseclassic.com

www.burmeseclassic.com



မစီရဘဲ သူနှင့် ကျော်လတ်တို့ ရေကစားရာနေရာသို့ ဝင်ဖြစ်ခဲ့ကြ၏။

✞

ကျော်လတ်နှင့် မျက်နှာချင်းဆိုင်ကျသူကတော့ အစ်မဖြစ်သူတို့ထက် ငယ်ပုံရသည်။ အစ်မသူငယ်ချင်း၏ ညီမတစ်ယောက်ယောက်ဖြစ်ဟန်တူ၏။

"ခင်ဦးရေ . . . အဲဒါ မမသင်းရဲ့ တစ်ဦးတည်းသောမောင်လေးပဲ"

ရေကစားဖို့ ခရာမမှုတ်ခင်မှာပင် အစ်မဖြစ်သူက လှမ်းပြောလိုက်သေး၏။ သူနှင့် လှေခြားရုံသာ ခြားနေသော ခင်ဦးလှိုင်ကတော့ ပြုံးပြုံးလေး လုပ်နေ၏။ ကျော်လတ်က တိုးတိုးလေး ကပ်ပြောလိုက်သေးသည်။

"ငါထင်ထားတာထက်တောင် သားနားနေသေးတယ်"

ခင်ဦးလှိုင်အလှကို ချီးမွမ်းပြီး မျက်စိကျနေသော ကျော်လတ်အဖို့တော့ အငိုက်မိပြီး ရေမွှန်းတာပဲ အဖတ်တင်တော့၏။

ရေကစားဖို့ ခရာမှုတ်သည်နှင့် မိန်းကလေးတွေက ခွက်မပေးဘဲ လောင်းလှေထဲမှ ရေများဖြင့် မနားတမ်း ပက်တော့၏။

"ခင်ဦးက သူများတွေလို အရမ်းမပက်ခဲ့ဘူးနော်၊ ရေ



www.burmeseclassic.com

www.burmeseclassic.com



. . . ခွက်၊ ခင်ဦးတို့ အခုမှ ဆုံတဲ့အတွက် တမင်အလျှော့ပေးတာ”

“ကျေးဇူးပဲ ခင်ဦး”

သူများတကာ အတွဲတွေက တစ်ယောက်နှင့်တစ်ယောက် ခေါင်းမဖော်တမ်း ပက်နေကြချိန်မှာပင် သူနှင့်ခင်ဦးလှိုင်တို့က မိတ်ဖွဲ့စကားဆိုနေကြသေး၏။

“မွန်းပါပြီဗျာ၊ ပြန်ပက်ဖို့ ရေခွက်ပေးပါ၊ အချိန်ပြည့်တော့မယ်”

ကောင်မလေး၏ မညှာတမ်း ပက်မှုကြောင့် ကျော်လတ်တစ်ယောက် ရေမွန်းနေ၏။ ကောင်မလေးကလည်း တော်တော်နှင့် ရေခွက်မပေးပေ။

သူနှင့်ခင်ဦးတို့ကတော့ အခြားစုံတွဲတွေလို ကြမ်းကြမ်းတမ်းတမ်း ရေမကစားဖြစ်ကြပေ။

“သင်္ကြန်ထမင်းစားပြီးရင် လျှောက်လည်ကြမယ် ပြောတယ်”

“ဟုတ်တယ် ခင်ဦး၊ ဒီက ကျော်လတ်လည်း ပါမှာ”

“ဟိုလေ . . . ခင်ဦးက ကိုကိုလို့ခေါ်ရင် စိတ်ဆိုးမှာလား”

“ကိုယ့်အစ်ကိုတစ်ယောက်လို အားကိုးတဲ့ပုံစံမျိုးနဲ့ ခေါ်တာပဲ စိတ်မဆိုးပါဘူး ခင်ဦး”

စကားကောင်းပြောနေစဉ်မှာပင် ခင်ဦးလှိုင်တစ်ယောက် စိတ်ဖောက်သွားပြီး သူ့မျက်နှာကို တရကြမ်း ရေပက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့နံဘေးမှ ကျော်လတ်ကလည်း ခွက်ရသွားပြီမို့ ရေပြန်ပက်နေ၏။ ရခိုင်ရိုးရာရေကစားနည်းအရကြောင့်ပင် သူလည်း ခင်ဦးလှိုင်ကို ပြန်ပက်သည်။

သူကြိုးစားပြီး ပြန်ပက်နေဆဲမှာပင် ခရာမှုတ်သံကြောင့် ရေပက်ခြင်းက ပြီးဆုံးသွားတော့၏။ လောင်းလှေထဲမှာလည်း ရေက သိပ်မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၄

"ပျော်စရာကောင်းသလို စိတ်အလိုမကျစရာလည်း ကောင်းလိုက်တာ၊ လောင်းလှေထဲမှာ ရေမပြတ်ဖြည့်ထားလည်း အကြောင်းမဟုတ်ဘူး၊ သူတို့က ရေစုပက်ခွင့်ကလည်း ရလိုက်သေး၊ မျက်နှာကိုပက်လိုက်တာ ရေမွှန်းရော၊ ကိုယ့်လက်ထဲ ခွက်ရောက်တော့ ရေက နည်းနေပြီ အချိန်ကလည်း ပြည့်တာမြန်လိုက်တာ"

ကျော်လတ်တစ်ယောက်ကတော့ ရှုံးနိမ့်ရာ လောင်းလှေဖြင့် ရေကစားနည်းကို အလွမ်းသည်ပြနေ၏။

"ဟုတ်တယ်၊ နောက်တစ်ခါ ပြန်ပြီးဝင်ပက်ပေါ့၊ ဒီလိုပဲ ကာလသားတွေက ဝင်လိုက်ပြန်တန်းစီလိုက် လုပ်နေကြတာလေ၊ အရင်နှစ်တွေကတော့ ထုံးစံအတိုင်း ပိုက်တွေနဲ့ပဲ ပက်ကြတာ မဟုတ်လား၊ ကိုယ်တို့သူငယ်ချင်းတွေ တိုင်ပင်ပြီး ဒီရခိုင်ရိုးရာ

www.burmeseclassic.com

www.burmeseclassic.com



ရေကစားနည်းကို တမင်လုပ်ဖြစ်ခဲ့ကြတာ၊ ပျော်စရာကောင်းတဲ့ ကစားနည်းပဲ၊ အချင်းချင်းလည်း ပြဿနာမဖြစ်တော့ဘူးလေ”

ကိုဝေစိုးလှိုင်က ရခိုင်ရိုးရာရေကစားနည်းအကြောင်းကို ပြောပြနေသေး၏။ သူကလည်း ဝင်ပြီး သဘောတူလိုက်ကြောင်း ပြောလိုက်သေးသည်။

“ကောင်းတယ် ကိုဝေစိုးလှိုင်၊ ပျော်စရာကောင်းတဲ့ အတာမှာ ဒီလိုကစားနည်းမျိုးက အသန့်ရှင်းဆုံးနဲ့ စိတ်ချမ်းမြေ့စရာ အကောင်းဆုံးလို့ ပြောနိုင်တယ်၊ ပြဿနာဖြစ်ဖို့ကို ထိန်းသိမ်းပြီးသား ဖြစ်နေတော့တာ၊ ကျွန်တော် အရမ်းသဘောကျတာပဲ၊ လောင်းလှေထဲမှာ ရေတွေနဲ့ရောပြီး ပိတောက်ပန်းတွေ ထည့်ထားတာ မွှေးကြိုင်နေတာပဲ၊ ပိတောက်နဲ့ အတာရေစစ်စစ်ပါပဲ”

“ညီမလေးနဲ့ ညီလေးတို့က အခုမှ ဆုံဖြစ်ကြတာပဲနော်”

“ဟုတ်တယ် . . . ခင်ဦး ရန်ကုန်ပြောင်းနေမယ်ဆိုတာ ရယ် ရောက်နေတယ်ဆိုတာပဲ သိရတာ၊ သင်္ကြန်ရက်ကျမှပဲ လူချင်း ဆုံဖြစ်ကြတော့တာ”

“ခင်ဦးနဲ့ ပတ်သက်ပြီး ညီလေးကို ကြိုပြောထားချင်သေးတယ်၊ ခင်ဦးက ညီလေးနဲ့ နီးနီးနားနားနေရမှာ မဟုတ်လား၊ ခင်ဦး အကြောင်းကို သိထားသလိုပဲ ညီလေးရဲ့စရိုက်ကိုလည်း အစ်ကိုက သိထားတဲ့လူလေ”

“ဒါနဲ့ပတ်သက်ပြီး မမကလည်း ပြောပြထားပြီးပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့ညီမဆိုမှတော့ ကျွန်တော့်ညီမပဲပေါ့ အစ်ကိုရာ”

“ခင်ဦးက, ကလေးဆန်တယ်၊ နည်းနည်းဆိုးချင်တယ်၊ ပြီးတော့ အပေါင်းသင်းကလည်း များတယ် ညီလေး၊ အနေအထိုင် အပြောအဆို အမှားအယွင်းရှိရင် ညီလေးက ခွင့်လွှတ်ပေးပါ၊ မလိမ္မာတာ၊ မတော်တာမြင်ရင်လည်း မျက်နှာလွှဲမနေဘဲ ဆိုဆုံးမ ပေးဖို့လည်း တစ်ခါတည်း အစ်ကို အပ်ပါတယ်”

ကျော်လတ်ရှေ့မှာ ကိုဝေစိုးလှိုင်က ပြောပြနေတော့ အတော်ဖြစ်သွားသည်။ ကျော်လတ်ကို မျက်နှာရိပ်ပြပြီး အသိ ပေးလိုက်မိသေး၏။

“စိတ်ချပါ အစ်ကို၊ ကျွန်တော်တင် မဟုတ်ပါဘူး၊ ကျော် လတ်လည်း ရှိနေပါတယ်၊ ကျွန်တော်တို့နှစ်ယောက် ခင်ဦးလှိုင်ကို ညီမလေးတစ်ယောက်လို စောင့်ရှောက်မှာပါ မဟုတ်ဘူးလား ကျော်လတ်”

ကျော်လတ်ကိုပါ တစ်ပါတည်း စကားဖြင့် ချုပ်နှောင်လိုက် မိသည်။ အကင်းပါးသော ကျော်လတ်ကတော့ သူ့ထက်ပင် စကား ပြောတတ်နေသေး၏။

“ခင်ဦးလှိုင်ကတော့ အစ်ကိုပြောသလောက် ဆိုးမှာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အောင်မင်းထိုက်ကို ရေပက် တာ လုံးဝညင်ညင်သာသာပဲ၊ နှစ်ယောက်ချင်း မိတ်ဖွဲ့နေလိုက်သေး တာ”



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . မင်းတို့အကြောင်း မသိသေးလို့ ခင်ဦးကို ချိုးမွမ်းချင်နေကြတာ၊ ဒါကလည်း အဆန်းမဟုတ်ဘူး၊ အောင်မင်း ထိုက်ကို ရင်းနှီးအောင်လုပ်မယ်၊ ကိုကိုလို့ တွေ့တွေ့ချင်းမှာ ခေါ် မယ်လို့ ပြောပြီးဆိုပြီးသားပဲ၊ သူက နွဲ့ဆိုးဆိုးတတ်တာပါ၊ သူ အဆိုး လွန်သွားရင်လည်း ပြန်ချော့ဖို့ ဝန်လေးတတ်တာ မဟုတ်ဘူး၊ မယုံ ရင် ကြည့်နေ . . . ခင်ဦးနဲ့ ပေါင်းရသင်းရတာ ပျော်ဖို့ကောင်းသလို ပဲ စိတ်ညစ်စရာကောင်းနေလိမ့်မယ်၊ စိတ်ဆိုးရခက် မဆိုးရခက်ပဲ"

လူချင်း အခုမှ ဆုံဖြစ်ကြသေး၏။ အပြောအဆိုကတော့ အတော်လေး သိမ်မွေ့သလိုရှိ၏။ ကိုဝေစိုးလှိုင်စကားကြောင့်ပင် ပြန်အမှတ်ရမိသေး၏။ စကားပြောရင်းကနေ အေးအေးဆေးဆေး ရေပက်ရင်းကနေ တရကြမ်းပက်ခဲ့ခြင်းကို တွေးပြီး ပြုံးလိုက်မိသေး သည်။

"ကျွန်တော်တို့က စိတ်ဆိုးတတ်တဲ့လူတွေမှ မဟုတ်ဘဲ၊ ကျွန်တော့်ထက် ပိုပြီး အောင်မင်းထိုက်က သဘောကောင်းတာ အစ်ကို အသိဆုံးပဲ၊ ခင်ဦးလှိုင်ကို အလိုမကျဖြစ်ရင်ဖြစ်လိမ့်မယ်၊ အောင်မင်းထိုက်ကတော့ ပစ်ပစ်ခါခါကြီး စိတ်ဆိုးမှာတော့ မဟုတ် ဘူး"

"အေးကွာ၊ ပျော်ပျော်ပါးပါးပဲပေါ့၊ လောလောဆယ်တော့ ကော်ဖီသောက်ထားကြဦး၊ ဒီတစ်ခါပြီးရင် ရေပက်တာနားမယ်၊ သင်္ကြန်ထမင်း ဝိုင်းဖွဲ့စားကြမယ်၊ နားပြီးမှ ရေပက်ခံထွက်လည်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ကွာ”

ကိုဝေစိုးလှိုင်ကတော့ အပေါင်းအသင်းတွေ ရောက်လာကြသောကြောင့် ထသွားပြီး ဧည့်ခံနေ၏။

ကိုဝေစိုးလှိုင်ကွယ်သည်နှင့် ခင်ဦးလှိုင်နှင့် ပတ်သက်သည်များကို ကျော်လတ်တစ်ယောက် ပြောတော့မည်ဆိုတာကို သူသိနေပြန်၏။

“ဟော့ကောင် . . . မင်း မှန်မှန်ပြောစမ်း၊ မင်းတို့ချင်းလူချင်း မဆုံးဖူးတာ မှန်ကောင်းမှန်မယ်၊ ဒါပေမဲ့ ခင်ဦးကိုတော့ ဓာတ်ပုံထဲမှာ မင်းမြင်ဖူးထားလိမ့်မယ်၊ ငါပြောတာ ဟုတ်တယ် မဟုတ်လား အောင်မင်းထိုက်”

ကျော်လတ်ကတော့ တိတိကျကျကြီး ပြောနေပြန်၏။

“ဘယ်ဓာတ်ပုံထဲမှာမှ သူ့ကို ငါမမြင်ဖူးခဲ့ဘူး ကျော်လတ်”

“မဖြစ်နိုင်ဘူး၊ ခင်ဦးလှိုင်ဆိုတဲ့ ကောင်မလေး ဘယ်လောက် လှသလဲဆိုတာကို ရေလာကစားတဲ့လူတွေကို လျှောက်မေးကြည့်၊ ဒီမဏ္ဍပ်ထဲမှာ အလှဆုံးသောဘွဲ့ကို ပေးကြကြေးဆိုရင် ခင်ဦးလှိုင်တစ်ယောက်ပဲ ရမှာသိလား အောင်မင်းထိုက်”

“လှတယ်ဆိုတာကိုတော့ ငါဝန်ခံပါတယ်၊ ဒီအချက်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တည်းနဲ့တော့ ငါ့စိတ်တွေ ယိမ်းယိုင်မသွားဘူး၊ ငါပြောမယ် ကျော်လတ်၊ မင်းလည်းအကြားပဲ၊ အဲဒီစကားတွေသာ ငါမကြားဘူး ဆိုရင်၊ ခင်ဦးဆံပင်ဟာ အခုရှိနေတာထက် ရှည်ခဲ့မယ်ဆိုရင်တော့ အခြေအနေက တစ်မျိုးဖြစ်ကောင်းဖြစ်လိမ့်မယ်၊ ခင်ဦးကို မြဲမြဲ ချင်းမှာပဲ ငါ တန်းတန်းစွဲဖြစ်ရင် ဖြစ်သွားမယ်"

"ထားပါကွာ၊ မင်းကို ရိုက်စစ်နေလည်း အပိုပါပဲ၊ ငါ့ကို ရာဇသံပေးတယ်ဆိုကတည်းက မင်းအနေအထားကို ငါ ရိပ်စားမိပါ တယ်"

ကျော်လတ်ကတော့ ထင်ချင်ရာတွေ ဖွတ်ထင်နေပြန်၏။

"မင်းကို တားတယ်ဆိုတာက ငါက ကြားထားပြီးသား၊ သူကလည်း ခပ်ကဲကဲ မင်းကလည်း နှုတ်ရဲရဲဆိုတော့ မင်းတို့ချင်း ငြိသွားကြရင် မျက်နှာပျက်စရာတွေဖြစ်မှာစိုးလို့ကွ သိရဲ့လား"

"အပိုလူပိုချင်းပဲ ငြိတော့ရော ဘာဖြစ်သေးလဲ"

"မင်းငြိချင်တိုင်း ငြိခွင့် ငါမပေးနိုင်ဘူး၊ မင်းစိတ်ကို ငါ အသိဆုံး၊ ခင်ဦးလှိုင်ဆိုတဲ့ ကောင်မလေးကလည်း ခပ်ကဲကဲရယ်၊ မင်းတို့ ငြိလို့ မဖြစ်ဘူး"

"ဘာလဲ မင်းက ငါ့ဘက်က အတည်မဖြစ်မှာကို စိုးရိမ်နေ တာလား၊ ကဲ ငါပြောကြည့်မယ်၊ ငါက ခင်ဦးလှိုင်ကို အတည်အတံ့ သဘောမျိုးထားရင် မင်း လက်ခံမလား"

ကျော်လတ်အမေးစကားကတော့ မရိုးသား။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါ မယုံဘူး ကျော်လတ်၊ ပြီးတော့ . . . အဲဒီ ကောင်မလေးကိုလည်း ငါမယုံဘူး"

"ငါတို့ချင်း ဖြစ်ကြပျက်ကြမယ့်ကိစ္စမှာ မင်းက အနေသာ ကြီးပါကွာ၊ ငါ ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ ခင်ဦးလှိုင်လို မိန်းက လေးမျိုးကို ငါ့လက်ထဲ ထည့်လိုက်ဖို့ မင်းနှမြောနေတာ မဟုတ်လား၊ မင်းကိုတော့ ခင်ဦးလှိုင်က ကောင်းကောင်းကြီး ဖမ်းစားသွား ပြီဆိုတာကို ငါသိလိုက်ရပြီ"

"တော်တော့ ကျော်လတ်ရာ"

သူနှင့်ကျော်လတ်တို့ စကားစစ်ထိုးနေစဉ်မှာပင် အနားသို့ ခင်ဦးလှိုင် ရောက်လာ၏။

တစ်ကိုယ်လုံး ရေစက်စက်ကျနေသောကြောင့် ခင်ဦးလှိုင် ၏အလှအပများက ထင်းခနဲ မြင်သာနေ၏။ ခင်ဦးလှိုင်လက်ထဲမှာ ပိတောက်ပန်းတွေ ပါလာ၏။ သူထိုင်နေရာနားမှာ ရပ်ရင်းက ခင်ဦးလှိုင် ပြောလိုက်သေး၏။

"အဝတ်အစား သွားလဲလိုက်ဦးမယ်၊ ပြီးမှ စကားပြောကြ တာပေါ့၊ ကိုကိုက ပိတောက်ပန်းကြိုက်တတ်တယ်လို့ မမသင်းက ပြောထားလို့ ကိုကို့အတွက် ပိတောက်ပန်းတွေ ယူလာပေးတာ"

ခင်ဦးလှိုင်စကားတွေကတော့ ကြည်နူးချင်စရာပင်။ အလိုက်မသိစွာဖြင့် ကျော်လတ်က ဝင်ရောလိုက်သေး၏။

"အောင်မင်းထိုက်တင် ပိတောက်ပန်းကြိုက်တာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးနော်”

ခင်ဦးလှိုင်ကတော့ ကျော်လတ်စကားကြောင့် ပြုံးသွားသေး၏။

ပိတောက်ပန်းများကို ခင်ဦးလှိုင် နမ်းရှိုက်ပြပြီးမှ သူ့လက်ထဲသို့ ထည့်ပေးသွားသည်။

ပိတောက်ပန်းများ၏ ရိုးတံမှာ ပိတောက်ရွက်တို့ မဲ့နေတာကို သတိထားမိလိုက်သေး၏။

www.burmeseclassic.com

www.burmeseclassic.com

# ၅

သကြၤန်တေးသွားများက ပြိမ့်ညောင်းစွာပင် နားဝင်ချိုမြ နေ၏။

ခင်ဦးလှိုင်နှင့် မှတ်မထင် ဆုံဆည်းမှုလေးများကလည်း အတာရေနှယ် ရင်ကို အေးမြမြဖြစ်စေ၏။

အဝတ်အစားလဲပြီး စကားလက်ဆုံကျခါနီးမှ . . သကြၤန် ထမင်း အတူစားဖြစ်ကြ၏။ ရေဆော့ကစားတုန်းက အပြာရောင် ထက်အောင်ဆင်တူ။ အဝတ်အစားလဲပြီးတော့ အဝါရောင်ဝတ်စုံ နှင့် ခင်ဦးလှိုင်မှာ မြန်မာဆန်သည် . . . ဟု ထင်မိသည်။ ကြားထား သော သတင်းစကားတွေသာ ရှိမနေပါက သူ့စိတ်တို့သည် ခင်ဦးလှိုင်ထံမှာ လုံးဝ ညွတ်ကျသွားမှာ သေချာနေ၏။

သူ့စိတ်ကြည်နူးမှုသည် မျက်စိရှေ့မှာပင် ရုတ်ခြည်း



www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအလဲ ဖြစ်ပေါ်ပြန်သည်။

ကားနှင့်ထွက်လည်ကြမည် . . . ဟုပြောပြီး အဝတ်အစား သွားလဲလိုက်တော့ . . . ။

"ခင်ဦးကိုကြည့်စမ်းပါဦး အောင်မင်းထိုက်၊ စောစောက မြန်မာဝတ်စုံနဲ့တုန်းကလည်း ကျနေရရုံနဲ့ လှပခဲ့တယ်၊ အခုကျတော့ တီရှပ်ဂျင်းဝတ်စုံနဲ့ ဦးထုပ်ဆောင်းလိုက်တဲ့စတိုင်လ်ကျပြန်တော့ လည်း တကယ့်ကို တက်တက်ကြွကြွနဲ့ လှပခြင်းတစ်မျိုးပဲ၊ ခင်ဦးလှိုင် ကတော့ မျက်စိရှေ့မှာတင် သူ့အလှတွေကို တစ်မျိုးပြီးတစ်မျိုး ဆင်ယင်ပြနေတော့တာပဲ၊ အဲဒါ မင်းအတွက် သူကိုယ်ဟန် တမင် ပြနေတာပဲနေမှာ အောင်မင်းထိုက်"

ကျော်လတ်စကားတွေကြောင့်ပင် သူစိတ်ပျက်သွားသည်။ ကျနေရသော ဝတ်စားဆင်ယင်ပုံကြောင့် ဝမ်းသာကြည်နူးဖြစ်နေ စဉ်မှာပင် ဂျင်းဘောင်းဘီရှည် ဂျင်းအကျီတို့ဖြင့် မျက်စိနောက်စေ တော့၏။

"စောစောက ဝတ်စားဆင်ယင်ပုံကတော့ ငါ့အတွက်ဆို တာကို လက်ခံလို့ရတယ် ကျော်လတ်၊ အခုပုံစံကတော့ သူ့ကို ဝိုင်းကြည့်စေချင်တဲ့လူတွေအတွက် ဝတ်ထားတာပဲ"

"ဟာ . . . ခင်ဦးလှိုင်ဝတ်ထားတာ ဘာရိုင်းလို့လဲ၊ အားလုံး လုံလုံခြုံခြုံပဲဥစ္စာ၊ ကြည့်လို့တောင် ပိုကောင်းသေးတယ်"

အကြိုက်ချင်းမတူသည်မို့ ဆက်ပြောနေလည်း အကျိုးထူး



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ပေ။ သူ့မျက်စိထဲမှာတော့ မြန်မာဆန်ဆန် အဝတ်အစားတွေနှင့်ပဲ ခင်ဦးလှိုင်က ကြည့်ကောင်းနေသည်ဟု . . . အောက် မေ့မိသည်။

ခင်ဦးလှိုင် အနားသို့ရောက်လာသည်နှင့် ကျော်လတ်က တခြားမိန်းကလေးတွေနှင့် စကားရောဖောရော လုပ်နေတော့၏။

"ကိုကို . . . မမသင်းတို့စုံတွဲ အဝတ်အစားလဲပြီးရင်တော့ အားလုံးသွားလို့ရပြီ"

"ခင်ဦးက စောစောက ဝတ်ထားတဲ့အတိုင်းပဲ လိုက်ခဲ့တာ မဟုတ်ဘူး"

"ရေပက်ခံထွက်တာက ကြော့ကြော့ရှော့ရှော့လေး ဝတ်ထားစားထားလို့မှ မရဘဲ၊ ရေပက်ကြတဲ့သူတွေက ကြမ်းကြမ်းရယ်၊ ဘောင်းဘီတို့ ဂျာကင်တို့ မဝတ်ရင် ခံနိုင်မှာ မဟုတ်ဘူး၊ သူ့နေရာနဲ့သူ အဝတ်အစားကို လိုက်ဖက်အောင် ဝတ်ရတာလေ၊ ဘာလဲ . . . ကိုကိုက ဒီလိုပုံစံမျိုးဝတ်တာကို မကြိုက်လို့များလား"

ခင်ဦးလှိုင်၏အမေးစကားကြောင့်ပင် သူ စိတ်ဝင်တစားရှိနေမှန်းကို မနည်းဖုံးဖုံးဖိဖိ ပြန်ပြောလိုက်ရ၏။

တကယ်တော့ သူနှင့်ခင်ဦးလှိုင်တို့ တွေ့ကြသည်မှာ နေ့ဝက်ပင် မရှိသေးပေ။ ခင်ဦးလှိုင်၏ လွတ်လပ်မှုကို ထိပါးထိန်းချုပ်စေလောက်အောင်လည်း လူချင်းက ရင်းနှီးမှု မရှိသေးပေ။

"မဟုတ်ပါဘူး၊ တစ်ထိုင်တည်းမှာ အမြင်ပြောင်းသွားတော့



www.burmeseclassic.com

ပြောလိုက်မိတာပါ ခင်ဦး”

မှန်တာပြောရကြေးဆိုရင်တော့ ဒီလိုဝတ်ပုံစားပုံမျိုးကို သဘောမကျချင်ပေ။

ခင်ဦးလှိုင်နှင့်ပတ်သက်သော စိတ်ကြည်နူးမှုက ယာယီမျှသာ ဖြစ်တည်ခဲ့သည်။

ခင်ဦးလှိုင်ကတော့ ဘီလူးဆိုင်းတီးပြီး စိတ်ထင်တိုင်း ကဲပြမည့်ပုံပေါ်နေတော့၏။

ကားခေါင်းခန်းမှာ ကိုဝေစိုးလှိုင်နှင့် အစ်မတို့အတွဲက ထိုင်၏။ ကားမောင်းသူနေရာမှာ သူနှင့်ကျော်လတ်တစ်ယောက် ယောက်ထိုင်မှ ဖြစ်မည်။

ကျော်လတ်ကတော့ နှစ်စဉ်နှစ်တိုင်း သူ ကားမောင်းနေကျမို့ ခင်ဦးလှိုင်တို့နှင့်ရောပြီး နောက်မှာစီးဖို့ ဟန်ပြင်လိုက်၏။

ဒီအတိုင်းသာ လွှတ်ပေးလိုက်ပါက ခင်ဦးလှိုင်နှင့် ကျော်လတ်တို့ လမ်းတစ်လျှောက်လုံး လုံးထွေးနေမှာ သေချာနေ၏။

“ကျော်လတ် မင်း ကားလာမောင်း”

အမိန့်သံပါသော သူ့စကားကြောင့်ပင် ကျော်လတ် ဒုံ့ဩသွားသလို လှုပ်ရှားမှုတွေလည်း တုံ့ဆိုင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး အောင်မင်းထိုက်၊ သက်ြနိုလည်တဲ့ကာလ တစ်လျှောက်လုံးမှာ သူများတွေမောင်းတာကို စိတ်မချလို့ဆိုပြီး မင်းကိုယ်တိုင် အမြဲမောင်းနေကျပဲ မဟုတ်လား"

"အရင်နှစ်တွေကတော့ ဟုတ်တယ်၊ ဒီနှစ်တော့ မင်းပဲ ကားမောင်းပေတော့ ကျော်လတ်"

သူ့စကားတွေကို ခွန်းတုံ့မပြန်သော်လည်း 'ငါသိပါတယ်' ဆိုသောသဘောဖြင့် ကျော်လတ် မဲ့ပြုံးပြုံးလိုက်၏။

ကားမောင်းဖို့ကိစ္စကို ပြောဆိုနေစဉ်မှာပင် ခင်ဦးလှိုင်က ဝင်ပါလာ၏။

"ကောင်းပါပြီဗျာ၊ ခုနစ်ရက်သားသမီး စိတ်ချမ်းသာဖို့ ကောင်းစားနိုင်ဖို့ ပါရမီဖြည့်တာကိုတော့ သိကြားမင်းကြီးက အသိအမှတ်ပြုပေးပါ"

ကျော်လတ်၏အပြောင်အနောက်စကားက တခြားလူများ အတွက် ပွဲကျစရာဖြစ်သွား၏။

ကျော်လတ်စကားကြောင့် ခင်ဦးလှိုင်ကလည်း ခွက်ထိုး ခွက်လှန် ရယ်လေသည်။

မိန်းကလေးတစ်ယောက် အထိန်းချုပ်မဲ့စွာ ကြွေးမြဲစွာ ရယ်လွန်းခြင်းဓလေ့ကို သူ အမုန်းဆုံးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရေကစားမဏ္ဍပ်တွေ တစ်ခုပြီးတစ်ခု ဖြတ်သန်းလာခဲ့သည်နှင့်အမျှ သူတို့အားလုံး ရွှဲရွဲစိုနေ၏။

သင်္ကြန်ရေပက်မှုကို အကာကွယ်ပေးသည် ...ဟု ပြောလို့ရသော်လည်း ကိုဝေစိုးလှိုင်၏အကာအကွယ်ပေးထားမှုက လိုသည်ထက် ပိုနေသည် ...ဟု ထင်မိသည်။ ကိုဝေစိုးလှိုင်နှင့် မမသင်းတို့အတွဲမှ မဟုတ်ပါလေ။

သူတို့နှင့်အတူတူ မတ်တတ်ရပ်ပြီး ရေပက်ခံနေကြသော အတွဲတွေကလည်း ဒီပုံနှယ်။

သို့ပေမယ့် သူနှင့်ခင်ဦးလှိုင်တို့ကတော့ မျက်နှာသုတ်ပုဝါ တစ်ခုကို အတူခြုံထားကြပေမယ့် လူချင်းက ပူးကပ်မနေ။

"ကိုကို မချမ်းဘူးလား၊ ခင်ဦးတော့ ချမ်းလွန်းလို့ ခိုက်ခိုက်တုန်ချင်နေပြီ ကိုကို"

"ဟုတ်မယ် ခင်ဦး၊ ရေ ဆက်တိုက်အပက်ခံနေရရင် တော်သေးတယ်၊ မဏ္ဍပ်ကြဲသွားတော့ လေတိုးတာများလို့နေမှာ"

"မမသင်းတို့ ကိုကိုဝေတို့ ပြောတုန်းက ခင်ဦး အကြွင်းမဲ့ မယုံချင်ခဲ့ဘူး၊ အခုတော့ တကယ်လက်တွေ့တွေ့ရတာ"

"ဘာကိစ္စလဲ ခင်ဦး"

"တခြားမဟုတ်ပါဘူး၊ မိန်းကလေးတွေနဲ့ အရောတဝင် မနေတတ်တာရယ်၊ စည်းကမ်းကြီးတာရယ်၊ လူကြီးဆန်တဲ့စိတ်ရှိတာ



www.burmeseclassic.com

www.burmeseclassic.com



တွေလေ၊ ခင်ဦးနဲ့ အတူတူရှိနေပေမယ့် ကိုကိုက စည်းစောင့်ထာယ်၊ ခင်ဦးချမ်းနေတယ် ပြောတာကိုတောင် ကိုကိုက အခွင့်ရေးမယူဘူးနော်၊ ကိုကို့နေရာမှာ တခြားတစ်ယောက်ယောက်ဆိုရင်တော့”

ခင်ဦးလှိုင်က စကားဆက်မပြောဘဲ သူ့ကိုပြုံးပြုံးကြည့်နေ၏။ ခင်ဦးလှိုင်၏ နှုတ်ခမ်းရဲရဲလေးတွေက ရေစိုလွန်းလို့ ပြာချင်နေတော့၏။

“မိန်းကလေးတစ်ယောက်နဲ့ ဒီလောက် နီးနီးကပ်ကပ်နေတာရော၊ ပြီးတော့ သကြ်န်လည်တာရော ဒါပထမဆုံး အတွေ့အကြုံပဲ ခင်ဦး”

“ယုံပါတယ် ကိုကို၊ မြို့လွှာတစ်ခုတည်းအောက်မှာနေကြပေမယ့် ကိုကိုရဲ့စည်းစောင့်မှုကို ခင်ဦး တန်ဖိုးထားပါတယ်”

ချီးကျူးခြင်းလား၊ ကဲ့ရဲ့လှောင်ပြောင်ခြင်းလား . . . ဟု ဝေခွဲနိုင်စွမ်း မရှိပေ။

သူ့ရင်တွေ ခုန်နေတာကိုတော့ ခင်ဦးလှိုင်သိအောင် မပြောပြဖြစ်ခဲ့ပေ။ ခင်ဦးလှိုင်နှင့် တတ်နိုင်သမျှ ခွာပြီးရပ်ပေးနေရသော်လည်း တစ်ခါတစ်ရံမှာတော့ ခင်ဦးလှိုင်၏ ကိုယ်ငွေ့နွေးနွေးလေးကို ထိတွေ့ခံစားရသည်ပဲ။

“ဟော့လူကြီး . . . ကောင်မလေးကို ဒီတိုင်းမထားနဲ့လေ၊ ဒို့ပြင်လူတွေလိုပဲ ဖက်ထားပါလား၊ တော်ကြာ ကောင်မလေး အအေးတွေပတ်ကုန်လို့ ဒုက္ခရောက်နေဦးမယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



ဘေးချင်းယှဉ်မောင်းသွားသော ဟိုင်းလတ်ကားပေါ်မှ ကောင်မလေးအုပ်စုက သူ့ကို ကြည့်ပြီး ပြောလိုက်ခြင်း ဖြစ်၏။

သကြံန်တွင်းမို့ အပြောင်အနောက်ပြောသောစကား ဖြစ်ပေမယ့် သူ့မျက်နှာအထားရခက်သွားသည်။

အရေးထဲမှာ ကျော်လတ်ကလည်း ကားမောင်းရင်းက အော်ပြောလိုက်သေး၏။

"ဟုတ်တယ် အောင်မင်းထိုက်ရေ ခပ်နာနာလေးသာ ဖက်ထား။ သင်္ကြန်တွင်းမှာ ပြုမူသမျှတွေကို အားလုံးက ခွင့်လွှတ်ထား တယ်၊ ဒီမှာ မမသင်းတောင် ချမ်းတယ်လို့ ညည်းသံမကြားရဘူး"

ကျော်လတ်တစ်ယောက်သာ အလိုက်မသိတတ်တာ မဟုတ်။ ကားပေါ်ရှိလူများကလည်း သူ့ကို လှောင်သလိုလိုနှင့် ပွဲ ကျသွား၏။

အဆိုးဆုံးကတော့ ခင်ဦးလှိုင် ပြန်ပြောလိုက်သောစကား နှင့် အပြုမူတွေပဲ ဖြစ်၏။

"ဟုတ်တယ်၊ ကိုကိုက မရဲလို့ မဖက်ပေမယ့် ခင်ဦးက ကိုကို့ကိုယ်စား ဖက်ပြမယ်"

ခင်ဦးလှိုင် လုပ်လိမ့်မည် . . . ဟု မထင်ထားခဲ့ခြင်းက သူ့ညံ့ဖျင်းမှုပင် ဖြစ်ခဲ့ရ၏။ သူ ရှောင်ချိန်မရလိုက်ဘဲ ခင်ဦးလှိုင်၏ ချုပ်နှောင်ဖက်တွယ်မှုကို ရုတ်တရက် ခံလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၆

ပိတောက်တို့ အပင်မှာ မရှိတော့ပေ။ မြေပေါ် ကြွေကျခဲ့သော အပွင့်ခြောက်များကလည်း လေနှင့်မိုးတို့ကြောင့်ပင် ကွယ်ပျောက်ကုန်ကြလေပြီ။ ပိတောက်ကို မြင်ရဖို့ နောက်တစ်နှစ်စောင့်ရပေဦးမည်။

အရောင်လွင့်ချင်သော ငုဝါတို့ကတော့ မိုးကို အံတုနေဆဲ။ စိန်ပန်းနီနီတို့ကလည်း မိုး၏ခြွေရက်မှုကြောင့် မြေပြင်မှာ နီရဲတောက်ပြောင်နေ၏။

"ဟော့ကောင် အောင်မင်းထိုက် . . . စိန်ပန်းကြွေတွေကို ကြည့်ပြီး ဘာတွေစိတ်ကူးယဉ်နေတာလဲ၊ သင်္ကြန်တုန်းက အငွေ့အသက်တွေကို ဖီလင်ဖြစ်နေတာလား"

သင်္ကြန်ကာလများ ကုန်လွန်ခဲ့သော်လည်း ပြန်တွေးတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်နွေးရသည်ကိုတော့ ဝန်ခံရမည် ဖြစ်၏။

"ဘာရယ်မဟုတ်ပါဘူး၊ ခင်ဦးလှိုင်ဆိုတဲ့ ကောင်မလေး ငါ့ဘဝထဲကို မျက်စိလည် လမ်းမှားပြီး ထဲထဲဝင်ဝင် ရောက်လာတဲ့ အတွက် စဉ်းစားနေတာ၊ တကယ်တော့ ခင်ဦးနဲ့ငါဟာ စရိုက်မတူ သလို အသွင်လည်း မတူဘူး"

"ပြက်လုံးတစ်ခုပဲ အောင်မင်းထိုက်၊ သင်္ကြန်တုန်းက ဇာတ် လမ်းစ,ခဲ့တယ်၊ အခုဆို နှစ်အိမ့်တစ်အိမ်လို နေနေကြပြီပဲ၊ ကျောင်း သွားကျောင်းပြန်လည်း အတူတူ၊ ခင်ဦးကပဲ ခွဲတတ် ကပ်တတ်လွန်း နေတော့ မင်း မကြွေဘဲ ခံနိုင်မလား အောင်မင်းထိုက်ရာ"

ကျော်သတ်ကတော့ ခင်ဦးလှိုင်ကို သဘောကျတာ ဆိုဖွယ် မရှိပေ။

သူ့အတွက်ပင် ဘာမှမကြီးစားဘဲ ဒီတိုင်းနေခြင်းကို သူ နားလည်၏။

"ငါလည်း ပုထုဇဉ်ပဲကွာ၊ ဒါပေမဲ့ ခင်ဦးကို သံယောဇဉ် ရှိတာ မှန်ပေမယ့် ချစ်သူတစ်ယောက်အဖြစ်နဲ့တော့ ငါ မစဉ်းစား ချင်ဘူး"

"ဟော့ကောင် . . . မင်းကြီးကြီးကျယ်ကျယ်တွေ ပြောခဲ့လုပ်ခဲ့ နေခဲ့ထိုင်ခဲ့တာတွေအတွက် အခုအချိန်မှာ လက်တွန့်နေတာ မဟုတ်လား၊ မင်း တွေဝေနေတာ၊ မင်းကိုယ်မင်း လှည့်စားနေတာပဲ အောင်မင်းထိုက်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်လတ်ပြောသော စကားများက မှန်သင့်သလောက် မှန်သော်လည်း အကြွင်းမဲ့တော့ မှန်ကန်ခြင်း မရှိသေးပေ။

"ငါ ပွင့်ပွင့်လင်းလင်း ပြောမယ် ကျော်လတ်၊ မင်းနဲ့ငါနဲ့က ဒီစကားမျိုးပြောလိုက်လို့ စိတ်ဆိုးစိတ်ခုရမယ့်လူမျိုး မဟုတ်ဘူးလို့ ငါထင်လို့ ပြောမှာနော်"

ခင်ဦးလှိုင်နှင့်ပတ်သက်ပြီး ဒီစကားမျိုး ပြောချင်နေတာ ကြာခဲ့ပြီ။

"ပြောပါ အောင်မင်းထိုက်၊ မင်းနဲ့ငါနဲ့ကြားမှာ စကား ပလ္လင်တွေ ခံနေစရာ မလိုပါဘူးကွာ"

"ဒီလိုကွာ . . . မင်းလည်း ရိပ်စားမိမှာပဲ၊ ခင်ဦးနဲ့ စ,ဆုံကတည်းက မင်းနဲ့ခင်ဦး နီးစပ်မှာကို ငါစိုးရိမ်ခဲ့တယ်၊ အခုချိန်ထိပဲ ဆိုပါတော့၊ အဲဒါက ခင်ဦးကို မက်မောတွန့်တိုလို့ မဟုတ်ဘူး၊ မမသင်းမျက်နှာ ပြီးတော့ ကိုဝေစိုးလှိုင်ရဲ့ မျက်နှာတွေကြောင့်ပဲ မင်းတို့ချင်းဖြစ်မှာကို ငါစိုးရိမ်ခဲ့တာပဲ"

"ငါသိတယ် အောင်မင်းထိုက်၊ သင်္ကြန်လည်ကြကတည်းက တောက်လျှောက် ငါ့ကို ကားမောင်းခိုင်းတာကို ရိပ်မိတာပေါ့၊ အေး . . . မင်းသာ ကားမောင်းခဲ့မယ်ဆိုရင်တော့ ငါနဲ့ခင်ဦးဟာ အခုချိန်မှာ ဒီထက် ပိုရင်းနှီးနေကောင်း ရင်းနှီးနေလိမ့်မယ်၊ မင်းစိုးရိမ်တာက မင်းကိုယ်မင်း ညာနေတာ၊ ငါမြင်တာကတော့ ခင်ဦး ငါ့နောက်ကို ပါသွားမှာကို မင်းစိုးရိမ်နေတာပဲလို့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ မင်းက ငါ့အတွက် ဖွဲ့ပြီး ခင်ဦးကို ရိုးသားစွာ ဆက်ဆံတဲ့သဘောပေ့ါ ဟုတ်လား"

"ဟုတ်တယ် အောင်မင်းထိုက်၊ မင်းက မီးစိမ်းပြပြီဆိုတော့ ငါကတော့ ဖြတ်မောင်းဖို့ အသင့်ပဲနော်၊ ခင်ဦးကိစ္စနဲ့တော့ မင်းနဲ့ ငါရဲ့သံယောဇဉ်ကို မပျက်စီးစေချင်ဘူး"

"ကောင်းပြီလေ၊ ငါ့ဘက်က ဒီအချိန်အထိ အတိုင်းအတာ တစ်ခုအထိ ကာကွယ်ခဲ့ပြီးပြီပဲ၊ ငါ လိပ်ပြာလုံတယ်၊ မင်းပြောသလို ခင်ဦးနဲ့ပတ်သက်ပြီး ငါ့ဘက်က မီးစိမ်းပြလိုက်ပြီ ကျော်လတ်"

ခင်ဦးလှိုင်နှင့် ကျော်လတ်တို့ကြားမှာ သူ ရပ်မနေချင်တော့ပေ။ ခင်ဦးလှိုင်ကို သံယောဇဉ်ရှိရုံသက်သက်နှင့်တော့ အထင်ခံဘဝနှင့် သူ မနေချင်။

ခင်ဦးလှိုင်သည် သူ့ချစ်သူဖြစ်သင့်သောသူ မဟုတ်မှန်း သူ နားလည်ထား၏။ လူချင်းနီးရုံသက်သက်ဖြင့် ချစ်သူဟု မမည်၊ အတွေးချင်း စိတ်ချင်းနီးစပ်နေမှ ချစ်သူဖြစ်မည် . . . ဟု နားလည်ထားသည်ပဲ။

"မင်း ထပ်စဉ်းစားပါဦး အောင်မင်းထိုက်၊ ကောင်မလေး က မင်းအပေါ်မှာ အတွယ်တာပိုပြနေတာ အမှန်ပဲ၊ အင်းလေ ခင်ဦးလည်း တွဲသွားတွဲလာချင်မှာပေ့ါ၊ အဖော်ရှာချင်မှာပေ့ါ၊ မင်းက ရိုးအပြလွန်းနေတော့ ကောင်မလေးခမျာ တော်တော်မောနေရှာတယ်၊ ငါ့အတွက်တော့ မဟာအခွင့်ကောင်းပဲ အောင်မင်းထိုက်"



www.burmeseclassic.com

www.burmeseclassic.com



“မင်းကို တစ်ခုတော့ တောင်းပန်ချင်တယ် ကျော်လတ်”

“ဘာများလဲ”

“တခြားမဟုတ်ဘူး၊ ခင်ဦးကိုတော့ အပျော်သဘောမျိုး မထားပါနဲ့ ငါ့မျက်နှာ မမသင်းတို့မျက်နှာကို ထောက်ထားပေးပါ”

“ကောင်းပြီလေ၊ မင်းက မီးစိမ်းပြမှတော့ ခင်ဦးလှိုင်ကို ငါရအောင် လုပ်ရတော့မှာပေါ့”

သူနှင့်ကျော်လတ်တို့ ဆွေးနွေးနေကြစဉ်မှာပင် ခင်ဦးလှိုင်၏အရိပ်ကို ဖျတ်ခနဲမြင်တွေ့လိုက်ရ၏။

ခင်ဦးလှိုင်တစ်ယောက် ဘယ်ကနေဘယ်လို မျက်စိလည်လမ်းမှားပြီး သူတို့ရှိရာကို ရောက်လာခဲ့သည်မသိပေ။

“ကိုကိုတို့ မိန်းထဲကို သူငယ်ချင်းတွေနဲ့ လာလည်တာလေ၊ ကိုကိုတို့အခန်းကိုလည်း ရောက်ခဲ့ပြီးပြီ၊ တွေ့ရာလျှောက်ရင်းကနေ ကံကောင်းလို့ တိုက်တိုက်ဆိုင်ဆိုင်ဆုံရတာ၊ ကိုကိုနဲ့လွဲရင်တော့ ဒုက္ခပဲလို့ ပြောနေရတာ”

ခင်ဦးလှိုင်၏ သူငယ်ချင်းများကတော့ ကျောင်းကြို ကျောင်းပို့လုပ်နေကျမို့ မရင်းနှီးကြသော်လည်း မျက်နှာ စိမ်းမနေ။

“အခု တွေ့ပြီပဲ၊ ခင်ဦးတို့က လာလည်တဲ့သူဆိုတော့ ဧည့်ခံ



www.burmeseclassic.com

www.burmeseclassic.com



ရမယ့်တာဝန်ရှိတာပေါ့ . . . မဟုတ်ဘူးလား”

“ဒါပေါ့ ကိုကျော်လတ်ရဲ့”

“ခင်ဦး ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ”

ခင်ဦးလှိုင်နှင့်ကျော်လတ်ကတော့ လေပေးလေယူ ဖြောင့်နေကြ၏။

ကျော်လတ်က ပါးနပ်လွန်းသည်၊ အကွက်မြင်လွန်းနေ၏။

ဒီလိုအရည်အချင်းမှာ သူ့မှာ မရှိတာတော့ သေချာ၏။

“လျှောက်သွားမယ်၊ စားမယ်သောက်မယ်၊ ပျော်မယ် ပါးမယ်ပေါ့ ကိုကျော်လတ်ရာ”

ခင်ဦးလှိုင်ကတော့ သူငယ်ချင်းတွေနှင့်အတူ မိန်းထဲမှာ သောင်းကျန်းတော့မှာ သေချာနေသည်။

သူ့အတွက်တော့ ဒုက္ခရောက်ရပြီ . . . ဟု တွေးပူနေမိသည်။

“ကဲ . . . အောင်မင်းထိုက် . . . ခင်ဦးကတော့ တောင်းဆိုနေပြီ မင်း ဘာလုပ်မလဲ၊ ဒီတိုင်းကြီး ငူတူတူနဲ့ ထိုင်ကြည့်နေတော့မှာလား”

ခင်ဦးလှိုင်နှင့်ယှဉ်တွဲသက်ပြီး နှစ်ယောက်သား ဆွေးနွေးထားကြတာ ပူပူနွေးနွေးပင် ရှိသေး၏။

ဒီအုပ်စုကို ဦးဆောင်ပြီး သူ လျှောက်မသွားချင်၊ ဒီအလုပ်မျိုးကိုလည်း သူ ဘယ်တော့မှ လုပ်တတ်တာ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com


"ကဲ . . . ကိုကို အခုလောလောဆယ်တော့ ခင်ဦးတို့ အားလုံး အမောပြေအောင် အအေးတိုက်"

ဒီတောင်းဆိုမှုလောက်ကတော့ အပန်းမကြီးပေ။

အသာတကြည်ပင် လိုက်လျောပြီး နောက်ဆက်တွဲလုပ်ပေးရမည့်ကိစ္စများအတွက်တော့ ကျော်လတ်အား လက်လွှဲပေးလိုက်မိသည်။

"အအေးတိုက်တာလောက်တော့ ကိုကို လုပ်ပေးနိုင်တယ် ခင်ဦး၊ ခင်ဦးတို့ လျှောက်သွားကြမှာကိုတော့ ကိုကို မလုပ်ပေးနိုင်ဘူး၊ ကိုကို စာကြည့်တိုက်ကနေ စောင့်နေမယ်၊ ကျော်လတ်ကပဲ ခင်ဦးတို့ကို လိုက်ပို့ပေးလိမ့်မယ်"

"ကိုကိုကလည်းကွာ ကိုကို့ကိုအားကိုးပြီး သူငယ်ချင်းတွေကို ခေါ်လာခဲ့တဲ့ဟာကို"

ခင်ဦးကတော့ သူငယ်ချင်းတွေရှေ့မှာ နှုတ်ခမ်းစူပြလေ၏။ ပြောလက်စ၊ ငြင်းလက်စနှင့်မို့ လူကြီးဆန်စွာပင် ဆက်ပြောလိုက်ရ၏။

"ဒီနေ့က ဆရာခိုင်းထားတဲ့ကိစ္စရှိလို့ပါ၊ ကျော်လတ်လည်း သိတယ်၊ ခင်ဦးတို့လည်း အပြီးသတ်ပြီးလောက်နဲ့ ကိုကိုကိစ္စပြီးမှာနဲ့ အတော်လောက်ပဲ၊ ပြီးမှ အတူတူပြန်ကြတာပေါ့"

"အောင်မင်းထိုက်ပါလာရင် ခင်ဦးတို့ပျော်ရမှာ မဟုတ်ဘူး၊ ဒီကောင့်စတိုင်လ်က ဝါတော်ရဆရာတော်ကြီးစတိုင်မျိုး၊ ပြီး


www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ဒီကျောင်းထဲမှာ ဘာတွေရှိတယ်ဆိုတာကို သူသိတာ မဟုတ်ဘူး၊ အိမ်ရယ် ကျောင်းရယ် စာကြည့်တိုက်ရယ်ပဲ ဝတ္တရား အရ သွားလာနေတဲ့ကောင်လေ”

ကျော်လတ်ကတော့ အခွင့်အရေးကို ကောင်းကောင်း အသုံးချပြီး သူ့အခန်းကဏ္ဍကို မှေးမှိန်အောင် လုပ်နိုင်စွမ်း၏။ ခင်ဦးလှိုင်တို့အုပ်စုကို ဧည့်မခံရသည့်အတွက်ပဲ ကျော်လတ်အား ကျေးဇူးတင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၄

ခင်မီးလှိုင်နှင့် အိမ်ချင်းကပ်နေရုံမက၊ ကျော်လတ် ပြောသလို နှစ်အိမ့်တစ်အိမ်နေကြပေမယ့် ခင်ဦးလှိုင်အိမ်ဘက်သို့ ယောင်လို့ပင် ခြေလှမ်းမလှမ်းမိပေ။ ကျော်လတ်နှင့် နေ့စဉ်တွေ့သလို ခင်ဦးလှိုင်နှင့်လည်း အခေါ်အပြောမပျက်ခဲ့။

ခင်မီးလှိုင်နှင့်ကျော်လတ်တို့ ဘယ်အခြေအနေရောက်နေကြပြီလဲ . . . ဟု မစပ်စုမိ။

ခင်ဦးလှိုင်ကို ဥပေက္ခာပြုထားလိုက်သောအခါမှ စိတ်သက်သာရာ များစွာရရှိခဲ့၏။ တကယ်တော့ တည်ငြိမ်အေးချမ်းလှသော သူ့ဘဝလေးသည် ခင်ဦးလှိုင်နှင့် သဟဇာတမဖြစ်နိုင်မှန်းသိ၍ ဒီဆုံးဖြတ်ချက်ကို ချခဲ့ခြင်းဖြစ်၏။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစာတွေကြည့်ပြီး အိပ်ရာဝင်ဖို့ ပြင်နေဆဲမှာပင် သူ့စာကြည့်ခန်းထဲသို့ ခင်ဦးလှိုင် ရောက်လာသည်။

ခင်ဦးလှိုင်အတွက်ကတော့ သူတို့အိမ်သည် တံခါးမရှိဓား မရှိ ဝင်ထွက်သွားလာနေကျဖြစ်၏။

"ပြင်ပြင်ဆင်ဆင် ဝတ်စားထားလိုက်တာ ဘယ်ကပြန်လာ တာလဲ ခင်ဦး"

ခင်ဦးလှိုင်စတိုင်လ်က တကယ့်ကို ခေတ်ဆန်နေ၏။ ဘောင်းဘီအရှည်နှင့် သူ့အမြင်မှာ မျက်စိနောက်စရာ။ ယောကျ်ား တစ်ယောက်လို ဝတ်ထားစားထားပုံကို နည်းနည်းလေးမှ သဘော ကျချင်စရာ မရှိပေ။

"ပြန်လာတာမဟုတ်ဘူး ကိုကို၊ အခုမှ သွားမလို့"

ညကြီးမိုးချုပ်မှာ ဝတ်စားဆင်ယင်ထားပုံတွေကြောင့်ပင် သိချင်၍ သူစပ်စုလိုက်မိသည်။

"ဟိုလေ . . . သူငယ်ချင်းတွေနဲ့ ချိန်းထားတာလေ၊ တစ်ခါမှလည်း မရောက်ဖူးတော့ အဲဒါ ကိုကို့ကို အဖော်ခေါ်မလို့"

"ဒုက္ခပဲ . . . ဘယ်လိုနေရာမျိုးလဲ ခင်ဦး"

"ကလပ်မှာ ဒစ္စကိုသွားကမလို့လေ၊ သူငယ်ချင်းတွေစုပြီး သွားကြမှာပါ၊ ကိုကို လိုက်ပို့ပေးနော်၊ ကိုကျော်လတ်က သူရောက် ဖူးတယ်လို့ပြောတော့ ခင်ဦးကလည်း သူငယ်ချင်းတွေကို အာမခံ လိုက်တာ၊ ပြီးတော့လည်း ကိုကိုဝေကို၊ ကိုကိုပါမယ်လို့ ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့တာ”

မပာုတ်မှလွဲရော ဒီအကြံ၊ ဒီကိစ္စကို ကျော်လတ်တစ်ယောက်က လွဲလို့ ဘယ်သူမှ ဦးဆောင်စီစဉ်မှာ မဟုတ်ပေ။ လူငယ်တွေ ဒစ္စကို ကတာခုန်တာ ကြားဖူးနားဝ ရှိထားသည်မို့ သူသက်ပြင်းမောချမိသည်။

“ခက်တယ် ခင်ဦးရယ်၊ အဲဒီလိုနေရာမျိုးမပြောနဲ့ ခင်ဦးအလှပြင်ဆိုင်ကို သွားတာတောင် ကိုကို ဆိုင်ထဲ လိုက်ထိုင်ဖူးလို့လား၊ ကားပေါ်ကပဲ ထိုင်စောင့်နေတာ မဟုတ်လား”

“သိတော့ သိပါတယ်၊ သူပါတယ်ဆိုရင် ကိုကို သေချာပေါက် အဲဒီနေရာကို လိုက်မယ်လို့ ကိုကျော်လတ် ပြောလို့ပါ”

ခင်ဦးပြောလိုက်သောစကားကြောင့် သူ့စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားမိသည်။ ကျော်လတ်ကတော့ သူ့ဘာသာသူ အေးအေးဆေးဆေးနေတာကို လာဆွပေးနေပြန်၏။

“ကောင်းပြီလေ၊ ကျော်လတ်က ဒီလို ပြောမှတော့ ကိုကို လိုက်ခဲ့ပေးမယ်”

“ဟေ . . . ဒါမှ တို့ကိုကိုကွ”

ဘာမပြော ညာမပြောနှင့် ကလေးငယ်တစ်ဦးလို သူ့ခါးကို ခင်ဦးလှိုင် သိုင်းဖက်လိုက်၏။

သူ အရှုံးရခက်ပြန်၏။ ဒီလို ပွင့်လင်းသောစရိုက်မျိုးတွေနှင့်ကတော့ ကျော်လတ်နှင့် တွေ့ကြရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဖက်တွယ်ထားရာမှ ဖယ်ခွာလိုက်ပြီး . . .

"နေဦး ကိုကို . . . ဒီတိုင်းကြီးတော့ ပုဆိုးနဲ့ ကိုကိုလိုက်လို့ မဖြစ်ဘူး၊ ဘွတ်တွေ ရှတ်တွေ ဝတ်ဦးဆင်ဦးမှ ဖြစ်မှာနော်"

ခင်ဦးလှိုင်၏ ကလေးကလားဆန်မှု၊ ကျော်လတ်၏ ကောင်းမှုကြောင့်ပင် တစ်ကြိမ်တစ်ခါမှ မလုပ်ဖူးသောအလုပ်ကို လုပ်ရတော့မည်။ သူ မသွားဖူးသောနေရာကို မျက်စိသူငယ် နားသူငယ်ဖြင့် ကြုံတွေ့ရဦးမည်လေ။

ရေစီးကြောင်း၏ စီးဆင်းမှုအရ ဒီလိုနေရာမျိုးတွေက လူငယ်တွေစုဝေးရာတစ်ခု ဖြစ်လာ၏။ သူတို့ဂီတ၊ သူတို့အသိုင်းအဝိုင်းမှာတော့ ထုံးစံတစ်ခုလို ပျော်ရွှင်စရာပွဲလေးပင်။

"မင်းက ကြိမ်စကြာနဲ့ ရိုက်ခေါ်မှတော့ ငါ ဒီနေရာမျိုးကို ရောက်လာရတာပေါ့ ကျော်လတ်ရာ"

သူပြောလိုက်သောစကားကို ခင်ဦးလှိုင်နှင့် သူငယ်ချင်းများက အပြောင်အနောက်ဟု သဘောထားကြမည်။

ကျော်လတ်ကတော့ သူ ဘာဆိုလိုကြောင်းကို သိသောကြောင့် မဲ့ပြုံး ပြုံးလေ၏။

"တွေ့တယ်မဟုတ်လား၊ ငါ့ကိုကိုက ငါ့ကို အရမ်းအလို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ထားတာ၊ ငါလာချင်တယ်ဆိုလို့ တမင်လိုက်ပို့တာ”

အရေးထဲမှာ ခင်ဦးလှိုင်ကလည်း တစ်မျောင့်။

သူငယ်ချင်းတွေရှေ့မှာ သူ့ကို ဘယ်လောက်ပိုင်ကြောင်း ကြွားလုံးထုတ်ပြနေပြန်၏။

ခင်ဦးလှိုင်၏သူငယ်ချင်းတွေက မိန်းကလေးတွေတင်မက ယောက်ျားလေးတွေပါ ပါ၏။ မျက်နှာတွေကတော့ မြင်နေတွေ့နေကျ ရင်းနှီးသူတွေ။

သူတို့လေးတွေက အတွဲတွေလား၊ ရိုးရိုးသူငယ်ချင်းတွေ လား . . . ဟု သူ ဝေခွဲမရပေ။

“မင်းဘီယာ မသောက်ရင် အဲဒီဘူးကို ငါသောက်မယ်”

ဝင်ကြေးပေးတော့ သူတို့ ဘီယာတစ်ဘူးစီ ရ၏။ သူ့ ကိုယ်တာ ဘီယာဘူးကို ကျော်လတ်က တောင်း၏။

ခန်းမကျယ်ထဲရောက်တော့ မီးရောင်ကာ မှိန်ပျပျ။ ပွဲစ နေတာလား မစသေးတာလားဆိုတာ သူ . . . မသိ။

မီးမှိန်မှိန်အောက်မှာပင် ထိုင်ခုံအချို့ရှိနေပါလျက် မိုးတိုး မတ်တတ်တွေဖြင့် အစုလိုက်စကားပြောနေကြသည်။

သူနှင့်ကျော်လတ်တို့က ဆိုဖာထိုင်ခုံမှာ ထိုင်ကြသော် လည်း ခင်ဦးလှိုင်တို့သူငယ်ချင်းတစ်စုကတော့ အများလို မိုးတိုး မတ်တတ်ပင်။

ကျော်လတ် ဘီယာဘူးဖောက်သောက်တော့ မီးတွေ လင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက် မှိန်လိုက်ခြင်းနှင့်အတူ မြူးကြွသော တီးလုံးသံတွေ ထွက်ပေါ်လာ၏။

"ကိုကို . . . သူများတွေ က,နေကြပြီ ခင်ဦးတို့ သွားက ရအောင်"

"ကိုကို မကချင်ဘူး၊ ကလည်း မကတတ်ဘူး၊ ဒီမှာပဲ ထိုင်နေချင်တယ်"

"ဒါဆိုလည်း သူငယ်ချင်းတွေနဲ့ သွားကလိုက်ဦးမယ်"

သူ တားနေလည်း ကဖို့ခုန်ဖို့လာသော ခင်ဦးလှိုင်က အငြိမ်နေမှာ မဟုတ်ပေ။ ခင်ဦးလှိုင်သွားခါနီးမှာပင် ကျော်လတ်က ပြောလိုက်သေးသည်။

"ဒါလေးကုန်အောင် မော့လိုက်ဦးမယ် ခင်ဦး၊ ပြီးရင် တို့လိုက်လာခဲ့မယ်"

"ကိုကို့ကိုပါ ရအောင်ခေါ်ခဲ့"

ခင်ဦးလှိုင်ကလည်း ထွက်သွားရင်းကပင် ကျော်လတ်ကို မှာဖြစ်အောင် မှာသေး၏။

တီးလုံးသံတွေ၊ လူတွေ၏ လှုပ်ရှားမှုတွေ၊ မီးရောင်အလင်းအမှိန်တွေကြောင့်ပင် သူ ခေါင်းနောက်လာ၏။

"မင်းက ခင်ဦးတို့နဲ့ရောပြီး တကယ်ပဲ ကတော့ခုန်တော့မှာလား ကျော်လတ်"

"ဒါပေါ့၊ ဒီလိုနေရာမျိုးကို ရောက်မှတော့ မကလို့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မလဲ၊ ကချင်ခုန်ချင်ကြလို့ လာခဲ့ကြတဲ့လူတွေချည်းပဲ၊ မင်းလို ပုဂ္ဂိုလ်မျိုးကတော့ ခြွင်းချက်ပေါ့ကွာ၊ ဘာလဲ မင်းက ခင်ဦးနဲ့ငါ တွဲကမှာကို စိုးရိမ်ပူပန်နေတာလား”

“မဟုတ်ပါဘူး၊ မင်းတို့ဘာသာ က,ရင်က ခုန်ရင်ခုန် ငါနဲ့ မဆိုင်ဘူး”

“ဆိုင်ရမယ် အောင်မင်းထိုက်၊ ဟိုမှာတွေ့လား ကျန်တဲ့ အဖော်တွေက သူ့အတွဲနဲ့သူ က,နေတာ၊ လွတ်နေတဲ့ ခင်ဦးနဲ့ နောက်တစ်ယောက်ကိုကြည့်လိုက်စမ်း၊ သူတို့နားမှာ ကောင်လေး တွေ ရစ်သီရစ်သီလုပ်ပြီး က,နေတာ တွေ့လား၊ သိပ်မကြာခင်မှာပဲ ခွင့်တောင်းပြီး အတူက,ဖြစ်ကြလိမ့်မယ်”

ကျော်လတ်စကားကို နားထောင်ရင်းကပင် သူလှမ်းကြည့် မိသည်။ ခင်ဦးလှိုင်သူငယ်ချင်းလေးကတော့ သူစိမ်းယောကျ်ား လေးနှင့် စကားပြောရင်းက အတူတွဲကနေ၏။

ခင်ဦးလှိုင်ကတော့ သူ့အနားမှာ ကောင်လေးကပ်နေတာ ကို ကွေ့ဝိုက်ပြီး ရှောင်ကာက,နေ၏။

“ဟူး”

“သက်ပြင်းမောမချနဲ့ အောင်မင်းထိုက်၊ မင်းသွားပြီး မက ဘူးဆိုရင် မင်းကိုယ်စား ခင်ဦးနဲ့တွဲပြီး ကပေးမှဖြစ်မယ်၊ သူစိမ်း ယောကျ်ားထက်စာရင်တော့ ငါက ခင်ဦးကို အများကြီးထောက် ထားရမယ့်လူပဲ၊ မင်းတစ်ဝက်တော့ စိတ်ချလို့ရတာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကလိပြီး ကျော်လတ် ထထွက်သွား၏။

ဒီမြင်ကွင်းတွေကို သူ ဆက်မကြည့်ချင်။ အသံဗလံများကို နာခံနေရသော်လည်း ခေါင်းငုံ့ထားလိုက်မိ၏။

✝✝✝

www.burmeseclassic.com

www.burmeseclassic.com

# ၈

ခင်မိုးလှိုင်တစ်ယောက် သူ့ဘဝ၊ သူ့အနီးအနားသို့ ရောက်ရှိလာခြင်းကို သူကိုယ်တိုင်ပင် နားမလည်ခဲ့ပေ။

စတင်ဆုံဆည်းချိန်ကစပြီး ယနေ့အချိန်ထိ သူ့စိတ်အလိုမကျမှုတွေကိုသာ ခင်ဦးလှိုင် ပေးစွမ်းခဲ့သည်။

ခင်မိုးလှိုင်၏ အဆိုးအနွဲ့တွေကြောင့် သံယောဇဉ်မကင်းဖြစ်ရသည်ကိုတော့ သူအမြဲတမ်း ဝန်ခံချင်သည်။

အခုလည်း ကြည့်ပါလေ။

မမသင်းနှင့်ကိုဝေစိုးလှိုင်တို့၏ မင်္ဂလာပွဲမှာ သတို့သမီးအရံအဖြစ် ခင်ဦးလှိုင် ဝင်လုပ်သည်။

ခင်မိုးလှိုင်၏ လုပ်ခြင်းတွေက ဒီလိုနေရာမျိုးမှာကျတော့ ကျက်သရေရှိပြီး ဣန္ဒြေရနေပြန်သည်။ သတို့သမီးအရံလုပ်သော



www.burmeseclassic.com

www.burmeseclassic.com



ခင်ဦးလှိုင်၏အလှကို လူတိုင်းက ငေးမောကြပြီး ဝိုင်းချီးကျူးနေကြ၏။

"ခင်ဦးလေးက ကြွေရုပ်ကလေးနဲ့ အရမ်းလှပနေတာပဲနော်၊ ကျက်သရေလည်း ရှိတယ်"

သူ့ဒေါ်လေးဖြစ်သူက သူ့ကို တမင်ရွဲ့စောင်းပြီး ပြောလိုက်သလား အောက်မေ့ရ၏။

ဒေါ်လေးယောက်ျားလုပ်သူက အလိုက်မသိစွာဖြင့် သူ့ကို မေးလိုက်သည်။

"နေစမ်းပါဦး မောင်အောင်မင်းထိုက်၊ ပထမတုန်းက သတို့သားအရံမှာ ခင်ဦးနဲ့တွဲပြီး မင်းကို လုပ်ခိုင်းခဲ့တာဆို"

"ဟုတ်တယ်လေ ဦးလေး၊ ဘာဖြစ်လို့လဲ"

"ရှင့်တူက ခင်ဦးနဲ့ တွဲထွက်ရမှာကို ခါးခါးသီးသီး ငြင်းခဲ့တာတဲ့၊ အခုတော့ ရှင့်တူသူငယ်ချင်း မောင်ကျော်လတ်က သတို့သားအရံအဖြစ်နဲ့ ခင်ဦးနဲ့ ပွဲထုတ်နေပြီ"

"မင်းမလို့ငြင်းရက်တယ်၊ မင်းသာ သတို့သားအရံနေရာ မှာဆို ပိုပြီးလိုက်ဖက်မှာကွ သိလား"

သူငြင်းလိုက်မှုတွေကို နောင်တရစေရန် တမင်ရည်ရွယ် ပြီး ပြောလိုက်သလား မသိပေ။

ခင်ဦးလှိုင်နှင့်လူပုံအလယ်မှာ ပွဲထွက်ရခြင်း မထွက်ရခြင်းထက် ဒီလိုကိစ္စမျိုးတွေကို သူရှောင်ချင်တာလည်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com



လူတွေ အသားလွတ်ကြီး ဝိုင်းကြည့်နေတာမျိုးကို ကျော်လတ်တို့လိုတော့ မျက်နှာပြောင်တိုက်ပြီး အိုက်တင်ခံမနေနိုင်တာ သေချာ၏။

မင်္ဂလာအခမ်းအနားပြီးလို့ ပရိသတ်တွေ စားကြသောက်ကြတော့ ခင်ဦးလှိုင်နှင့်ကျော်လတ်တို့ သူ့အနား ရောက်လာ၏။

"ဟော့ကောင်ကြီး . . . ငါနဲ့ခင်ဦး နှစ်ယောက်တွဲပုံကို အမှတ်တရ မင်းရိုက်ပေးစမ်းပါဦး"

သူက ကင်မရာမင်းမဟုတ်။ ဘယ်ကနေဘယ်လို ယူလာမှန်းမသိသော ကင်မရာလေးကို သူ့လက်ထဲ ထည့်ပေး၏။

"ငါ သိပ်ရိုက်တတ်တာ မဟုတ်ဘူးနော်"

"ရိုက်ပေးလိုက်ပါ ကိုကိုရာ၊ အော်တိုပဲဥစ္စာ၊ ခလုတ်လေး နှိပ်ရုံပါပဲ၊ ပြီးရင် ကိုကိုနဲ့ခင်ဦးလည်း အမှတ်တရ တွဲပြီးတော့ ရိုက်ရဦးမယ်"

ဒီအခမ်းအနားကြီးကို မြန်မြန်ပြီးစေချင်နေသော သူ့ကိုမှ အလုပ်တွေ လာပေးနေ၏။

ကျော်လတ်ကတော့ ခင်ဦးလှိုင်အနားမှာ အသေအချာ ရပ်ပေးသည်။

မြင်ကွင်းကို ပီသအောင် ချိန်ပြီး တတ်သရွေ့ မှတ်သရွေ့ သူရိုက်ပေးလိုက်ရသည်။

"ကဲ မင်းနဲ့ခင်ဦးအလှည့်ပဲ၊ တစ်ယောက်နဲ့တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ခပ်ခွာခွာ မနေနဲ့နော်၊ ခင်ဦးရေ ညည်းက အတင်းသာကပ်ထား”

သူနှင့်ခင်ဦးလှိုင် တွဲရိုက်တော့ ကျော်လတ်က ဝါရင့်ဓာတ်ပုံဆရာအတိုင်း စီစဉ်ညွှန်ကြားနေပြန်၏။

ကြွေရစ္စာလှနေသော ခင်ဦးလှိုင်နှင့် တွဲရိုက်ဖြစ်သည့်ဓာတ်ပုံလေးကတော့ အမှတ်တရဖြစ်စေမှာပါလေ။

ဓာတ်ပုံရိုက်ပြီးတော့ ခင်ဦးလှိုင်က သူတို့အနားမှ ထွက်သွားပြီး သူငယ်ချင်းတွေဝိုင်းဆီ ဧည့်ခံ၏။

“ဟော့ကောင် . . . သတို့သားအရံ မလုပ်လိုက်ရတဲ့အတွက် မင်း နောင်တရနေတယ် မဟုတ်လား အောင်မင်းထိုက်၊ ခင်ဦးက ဒီလို နန်းဆန်ဆန်ပြင်လိုက်တော့ ငါတောင်ငေးယူရတယ် သိလား၊ မင်းကိုရွဲ့ပြီး သတို့သားအရံ လုပ်ရကျိုးနပ်တယ်”

“မင်း ကျေနပ်ရင်ပြီးတာပါပဲကွာ ကျော်လတ်ရာ”

“ဒီလိုပုံစံမျိုးလေး မြင်ရတွေ့ရတော့ ခင်ဦးကို မင်းနှမြော မနေဘူးလား”

“မသိဘူး ကျော်လတ်၊ ခင်ဦးနဲ့ပတ်သက်ပြီး ခဏပဲဖြစ်ဖြစ် ငါ မသာယာချင်ဘူး၊ ခဏလေးသာယာလိုက်တာနဲ့ တစ်ချိန်လုံး ငါ စိတ်ဒုက္ခရောက်နေရမယ့်အလုပ်မျိုးကို ဘယ်တော့မှ ရွေးချယ်မိမှာ မဟုတ်ဘူး ကျော်လတ်”

ဒီစကားက သူ့ရင်ထဲမှ ကြိုတင်စီစဉ်ထားခြင်း မရှိဘဲ ပြောလိုက်သော စကားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဦးလှိုင်ကိုတော့ သူ တဖြည်းဖြည်း ကြောက်ကြောက်လာတာ အမှန်ပဲဖြစ်၏။

မမသင်းတို့ မင်္ဂလာဆောင်ပြီးနောက်ပိုင်းရက်များမှာ ကျော်လတ်တစ်ယောက် သူ့အနားမှာ သိပ်မရှိတော့ပေ။

ကျော်လတ်မူပျက်တာကို သတိထားဖြစ်တော့မှ ခင်ဦးလှိုင်နှင့်များ အဆင်ပြေပြီး တွဲနေပြီလား . . . ဟု တွေးပူမိသည်။

တွဲနေကြရင်လည်း ကိုယ့်ကိစ္စမှ မဟုတ်ဘဲလေ . . . ဟု ဖြေရသည်။

ခင်ဦးလှိုင်ကိစ္စကြောင့်သာ ကျော်လတ်က သူ့ကို ရှောင်နေခြင်းများလား။

ခင်ဦးလှိုင်နှင့်ကတော့ နေ့စဉ်မပျက် တွေ့နေမြင်နေရသည်။

ခင်ဦးလှိုင်ထံမှာတော့ ထူးခြားသော အရိပ်ယောင်တွေ မတွေ့ရပေ။

"ဟော့ကောင် အောင်မင်းထိုက်"

သူ့အတွေးနှင့်သူ လမ်းလျှောက်နေပေမယ့် ခေါ်သံသဲ့သဲ့တော့ ကြားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကွဲပြားစွာကြားရချိန်မှာတော့ ကျော်လတ်မှန်းသိ၍ သူ လှည့်ကြည့်ဖြစ်သည်။

တွေ့လိုက်ရသော မြင်ကွင်းကတော့ ကျော်လတ် တစ်ယောက်တည်းမဟုတ်။ ကျော်လတ်အနားမှ အမျိုးသမီးကလည်း ခင်ဦးလှိုင်မဟုတ်ပေ။

"ဩော် . . . မင်း ပျောက်ချက်သားကောင်းနေတာ ဒါကြောင့်ကိုး"

ကျော်လတ်က ရယ်ကျဲကျဲလုပ်ပြနေသော်လည်း ကျော်လတ်သက်ဆိုင်သော ကျောင်းသူကတော့ ရှက်ပြီးခေါင်းငုံ့ထား၏။

ကျော်လတ်ကတော့ ဝမ်းသာစွာဖြင့် မိတ်ဆက်ပေးသည်။

"ရီ . . . ဒါ ကို့ရဲ့ အချစ်ဆုံးသူငယ်ချင်း အောင်မင်းထိုက်တဲ့၊ အောင်မင်းထိုက် . . ဒါက ငါ့ရဲ့ပူပူနွေးနွေးချစ်သူ ရီရီထွန်းတဲ့"

"ကိုကလည်းကွာ"

ကြင်နာရိပ်တွေ လွှမ်းနေကြသောမျက်ဝန်းတွေကြောင့်ပင် သူ ပီတိဖြစ်နေမိသည်။

"ရီပြန်တော့မှာ မဟုတ်လား၊ ကားဂိတ်အထိ ကို လိုက်ပို့ပေးရဦးမလား၊ ရီ့အနားမှာနေရတာနဲ့ ဒီကောင်ကြီးနဲ့ မတွေ့ရတာ တစ်ပတ်ရှိသွားပြီ"

"ကို နေရင်နေခဲ့ပါ။ ရီသွားတော့မယ်၊ မနက်ဖြန်တော့ ကားဂိတ်ကနေ စောင့်နေမှာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ဦးကတော့ ခွဲရမည့်အရေးကို နှမြောတသဖြစ်နေပုံရ၏။

ကျော်လတ်ကို ဆုံးမချင်သည့်စိတ်ကြောင့်ပင် ဘာမှဝင်မပြောဘဲ ဒီအတိုင်းနေလိုက်သည်။

"စောင့်နေမယ် ရီ"

ကျော်လတ်ကလည်း ခွဲသာခွဲလိုက်ရပေမယ့် နောက်ဆံတင်းခြင်းတွေက ကြီးစိုးနေ၏။ ကြင်နာသူချင်းကြားမှာ ဖျက်မြင်းမလုပ်ကောင်းသော်လည်း ကြည့်ကောင်းကောင်းနှင့် ကြည့်နေလိုက်မိသည်။

"ရီရီထွန်းကို ငါလိုက်နေတာ ကြာပြီကွ၊ ဒီတစ်ခါတော့ ရီ့ကို ငါ တကယ်ချစ်သွားခဲ့တာပဲ၊ ငါနဲ့ရီကတော့ ဒီဘဝမှာ ဖူးစာပါပြီ ထင်ပါတယ်ကွာ"

ကျော်လတ်ရင်ဖွင့်ခြင်းတွေကို နားထောင်ပြရင်းကပင် ခင်ဦးလှိုင်အကြောင်းက အလိုလိုဝင်လာသည်။

"နေစမ်းပါဦး ကျော်လတ်၊ ခင်ဦးနဲ့တွဲနိုင်ဖို့ မင်းကြိုးစားတာကရော၊ ဘာလဲ ခင်ဦးက အခြေအနေမကောင်းလို့ မင်း နောက်ဆုတ်တဲ့သဘောလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တုန်းကမှ ခင်ဦးနဲ့တွဲဖို့ ငါ မကြိုးစားခဲ့ဘူး . . . အောင်မင်းထိုက်"

"မင်းပဲ ခင်ဦး၊ ခင်ဦးနဲ့ဖြစ်တုန်းက အသည်းအသန် ကဲပြနေခဲ့တာ မဟုတ်လား"

"အေး . . . ဒီကိစ္စကိုပဲ မင်းကို ရှင်းပြချင်နေတာ၊ အစောကြီးကတည်းက၊ မင်းကို ရွဲ့ပြတာ၊ မင်း မခံချင်အောင် တမင်လုပ်ပြခဲ့တာ၊ ငါက လူအ,မှ မဟုတ်ဘဲကွာ၊ ခင်ဦးက ငါ့ကိုမှ စိတ်မဝင်စားဘဲ၊ ခင်ဦးစိတ်ဝင်စားတာ ဆိုးတာန္တဲ့နေတာက မင်းပဲ၊ အဲဒါကိုရော မင်းသိရဲ့လား အောင်မင်းထိုက်"

"မင်း ဘယ်လိုပဲ ရွဲ့ရွဲ့ မခံချင်လောက်အောင်ပဲ လုပ်ပြလုပ်ပြ၊ ငါ ဘာမှမဖြစ်ဘူး ကျော်လတ်"

"မင်းက အခုချိန်ထိ မင်းကိုယ်မင်း ညာချင်နေတုန်းပဲနော်၊ သကြၤန်ကတည်းက အခုချိန်ထိ မင်းညာနေတာ မပင်ပန်းဘူးလား အောင်မင်းထိုက်"

ကျော်လတ်စကားတွေကြောင့်ပင် သူ တစ်ချက်ငိုင်ကျသွားရသည်၊ ကျော်လတ်ပြောသလို သူကိုယ်တိုင်က ဖြစ်နေသည်လား။

ကျော်လတ်ကတော့ သူ့အမူအရာကို အကဲခတ်ပြီး . . ။

"မင်း ဘာမှမပြောရင် ငါလည်း ဆက်ပြောရလိမ့်မယ် အောင်မင်းထိုက်၊ ငါလုပ်ခဲ့တာတွေရော မင်းစိတ်ထဲမှာ ဖြစ်ပျက်နေတာတွေအားလုံးကို ခင်ဦးလည်း သိထားတယ်၊ ငါကပဲ ပြော



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ခင်ဦးတင်မဟုတ်ပါဘူး မင်းအခြေအနေကို မမသင်းတို့ရော မင်းမိဘတွေပါ သိနေကြတယ်”

“ဟုတ်ရဲ့လားကွာ၊ မင်းက ရမ်းသန်းပြောတော့မယ်”

“သိပ်ဟုတ်တာပေါ့ အားလုံးက မသိလိုက်ဘာသာနေနေကြတာ၊ ဒီတော့ မင်း ဆက်ဟန်ဆောင်မနေနဲ့တော့၊ ခင်ဦးကို မင်းရှောင်ချင်လည်း အခုအခြေအနေမှာ မရတော့ဘူး၊ ပတ်ဝန်းကျင်ကလူတွေအားလုံးက မင်းနဲ့ခင်ဦးကို ထင်ကြေးပေးထားပြီးသား၊ ခင်ဦးမင်းအနားမှာ ရှိနေသမျှ ဘယ်မိန်းကလေးကိုမှ မင်း ရဖို့လွယ်မှာမဟုတ်ဘူး၊ တစ်ခုတော့ရှိတာယ် ဒီအသိုက်အဝန်းကနေ တစ်နယ်တစ်ကျေးကို မင်း ခြေရာဖျောက်နိုင်ရင်တော့ တစ်မျိုးပေါ့လေ၊ ငါ အကောင်းဆုံး အကြံပေးမယ်၊ ခင်ဦးကို မင်း ချစ်သူအဖြစ်စိတ်ကူးလိုက်ပါ၊ မင်းနဲ့ တစ်ဘဝလုံး လက်တွဲသွားနိုင်မယ့်သူဟာလည်း ခင်ဦးကလွဲပြီး တခြားသူ မဖြစ်နိုင်ဘူး အောင်မင်းထိုက်၊ မင်းအနေနဲ့ ခင်ဦးကို ရှောင်လို့မရပါဘူး၊ မင်းစိတ်ကြိုက်ပုံစံမျိုးနဲ့နီးစပ်အောင်တော့ တဖြည်းဖြည်းနဲ့ ဖျောင်းဖျသိမ်းသွင်းယူပေါ့အောင်မင်းထိုက်ရာ”

ကျော်လတ်စကားတွေကိုတော့ သူ တုံ့ပြန်ပြောနိုင်စွမ်းမရှိခဲ့ပေ။

ခင်ဦးလှိုင်နှင့် ပတ်သက်ပြီး ကျော်လတ်စကားတွေကသဘာဝကျနေသည်လား။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ သူနှင့်ခင်ဦးလှိုင်တို့က ဒီဘဝမှာ ရေစက်ဆုံဖို့ အကြောင်းပါခဲ့ပြီ ထင်ပါရဲ့လေ။

www.burmeseclassic.com

# ၄

ကျော်လတ်နှင့်ရီရီထွန်းတို့ ချစ်ကြိုက်သွားသည့်အဖြစ်။ ကျော်လတ်က သူ့အနားမှာ အချိန်ပြည့်မနေပေးနိုင်တော့ သူ တစ်ယောက်တည်း အထီးကျန်သလို ဖြစ်နေ၏။

ဒီအကြောင်းကို ပြောရင် သူ့အနီးနားမှာ "ခင်ဦးလှိုင်" တစ်ယောက်လုံး ရှိနေတာပဲ . . . ဟု ကျော်လတ်အပြစ်ဆိုဦးမည်။

တကယ်လည်း သူ့အနီးနားမှာ ခင်ဦးလှိုင်က ရှိနေခဲ့သည်။

မဝံ့မရဲဖြစ်နေသော ရှေ့မတိုးသာဖြစ်နေသော သူ့စိတ်တွေကြောင့်သာ ခင်ဦးလှိုင်နှင့် မငြိတွယ်ကြခြင်းဖြစ်၏။ ရှိလက်စ သံယောဇဉ်တို့မှာတင် သူက လမ်းဖြတ်ထားသည်။

ကျော်လတ်ပြောသလို ခင်ဦးလှိုင်ကို သူ ရှောင်လွဲလို့ မရတော့ဘူးတဲ့လား။ သူ စိတ်တိုင်းမကျခြင်းကို ပြုပြင်ယူလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဦးလှိုင်သည် သူ့ချစ်သူဧကေန်ဖြစ်ရမည်တဲ့လား။

ခင်ဦးလှိုင်နှင့်ပတ်သက်ပြီး သူ ရင်ခုန်ခဲ့တာတွေ ရှိခဲ့ဖူးသည်။

အတွေးများဖြင့် စဉ်းစားရခက်စွာဖြင့် ခင်ဦးလှိုင်နှင့် စိတ်ချင်းနီးအောင် သူကြိုးစားမိပြန်၏။

✝

ကြိုးစားသည် . . . ဟု ပြောနေသော်လည်း တကယ်တော့ ခက်ခက်ခဲခဲ ဘာမှမရှိပေ။

ခင်ဦးလှိုင်ကို အကြိုအပို့လုပ်နေရရုံမက၊ နှစ်အိမ်တစ်အိမ် လိုဖြစ်နေသော အနေအထား။

သူကသာ စည်းတွေကမ်းတွေထားပြီး ခင်ဦးလှိုင်ရှိရာ အိမ်ဘက်သို့ တစ်ခါမှ မရောက်ခဲ့ခြင်း ဖြစ်၏။

“မောင်လေး ဘယ်လဲ”

ခင်ဦးလှိုင်တို့ခြံဘက်ကို အကူးမှာပင် အိမ်ဆီသို့ ကူးလာသော မမသင်းနှင့်တည့်တည့်တိုးတော့၏။

မမသင်းတို့က မင်္ဂလာဆောင်ပြီး ခင်ဦးလှိုင်နှင့်အတူနေ၏။ ကိုဝေစိုးလှိုင်က နယ်မြို့မှာ တာဝန်ကျသောကြောင့် ခင်ဦးလှိုင် အဖော်ရအောင် မမသင်းက အတူနေပေးသည်။ ကိုဝေစိုးလှိုင်



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ မမသင်းလိုက်သွားသောရက်များ၌ အိမ်မှတစ်ယောက်ယောက် သွားအိပ်ပေး၏။

"ဟိုလေ . . ."

ရုတ်တရက်ကြီး လူမိသွားသလိုမျိုးဖြစ်နေတော့ ဘာဖြေလို့ ဖြေရမှန်းမသိဖြစ်သွားသည်။ အလိုက်သိတတ်သော မမသင်း ကြောင့်ပင် သူ အသက်ရှူချောင်သွားရသည်။

"ဘာလဲ ခင်ဦးဆီသွားမလို့လား။ ခင်ဦးတစ်ယောက် အခွေကြည့်နေတယ် သွားလေ"

"ဟုတ်ကဲ့ မမသင်း"

လူမိပြီးမှတော့ ရဲရဲဝံ့ဝံ့ပင် လာခဲ့သည်။ အိမ်ရှေ့သို့ ရောက်ပေမယ့် အထဲကို ရမ်းမဝင်သေးဘဲ အသံပေးလိုက်သည်။

"ခင်ဦးရေ . . . ခင်ဦး"

"ဟာ . . . ထူးထူးဆန်းဆန်း ကိုကို အိမ်လည်လာတာ လား"

ကြည့်လက်စ,ကားကို ခဏရပ်ပြီး သူ့ကို ခင်ဦးလှိုင် ထွက်ကြို၏။

စကားမရှိစကားရှာပြီး သူလာခဲ့ခြင်းကိစ္စကို ပြောလိုက်ရ၏။

"ဟုတ်တယ် ခင်ဦး၊ ကိုကို ပျင်းတာနဲ့ ခင်ဦးနဲ့ စကားပြောမလို့ ထွက်လာမိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ပျင်းနေရင် ခင်ဦးကြည့်လက်စ ကာတွန်းကားကို အတူကြည့်လေ၊ အရမ်းရယ်ရတာ သိလား။ ခင်ဦးကတော့ ကာတွန်းကားတွေကိုပဲ သဘောကျတာ"

ရပ်ထားသော ကာတွန်းကားကို ခင်ဦးလှိုင် ဆက်ကြည့်ပြီး ရယ်ရယ်မောမောလုပ်နေ၏။

ခက်တာက ဒီလိုကာတွန်းကားမျိုးကို သူ မကြိုက်ဆုံးဖြစ်၏။

ဒွိပြင်ကားကောင်းကောင်းလေးတွေကိုတော့ သူကြည့်တတ်သည်။

အကြိုက်မတူ စရိုက်မတူသော သဘာဝကြောင့်ပင် စိတ်အိုက်သွားရသည်။ ခင်ဦးလှိုင်ဆီ တကူးတကလာမိတာ မှားပြီ . . . ဟု နောင်တရချင်သွားသည်။

"ဟိုလေ . . . ခင်ဦး"

"ပြောလေ ကိုကို"

"တခြားမဟုတ်ဘူး ခင်ဦးရဲ့ ကျော်လတ်အကြောင်း သတင်းပေးချင်လို့"

ကျော်လတ်အကြောင်း ပြောဖို့ပြင်လည်း ခင်ဦးလှိုင်က အထူးတလည် စိတ်ဝင်စားခြင်းမရှိ။ ဖန်သားပြင်ပေါ်မှ တိရိစ္ဆာန်အရုပ်လေးများ ပြေးလွှားနေကြသည်များကိုသာ အာရုံရှိနေ၏။

"ကျော်လတ်မှာ ရီရီထွန်းဆိုတဲ့ အဖော်တစ်ယောက်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သတင်းလေ၊ အဲဒါ ပြောချင်လို့”

“ခင်ဦး သိသားပဲ၊ မရီရီထွန်းကို လိုက်နေကတည်းက သိတာ၊ သူတို့ဖြစ်သွားကြတာလည်း သိပြီးသားပဲ”

“ခင်ဦးသိတာက သိတာပေ့ါ၊ ဒီကောင်က ဒွိပြင်ကောင်မလေးတွေနဲ့တုန်းက ဒီလောက် ကိုကို့ကို ပစ်မသွားဘူး၊ အခုဆိုရင် ကျောင်းမှာ ကိုကိုတစ်ယောက်တည်း ဖြစ်ဖြစ်နေတာ သိလား”

“ဘာလဲ ကိုကိုက ကိုကျော်လတ်လို အဖော်ရှာချင်လို့လား၊ မရဘူးနော် ကိုကို၊ ကိုကိုရှာလို့တွေ့ရင်လည်း အလကားပဲ၊ ခင်ဦးရှိနေရက်သားနဲ့ အဖော်ရှာလို့ကတော့ မကွဲကွဲအောင် ခင်ဦး လုပ်ပစ်မှာ”

“ဟင်း”

“ဘာသက်ပြင်းချတာလဲ ကိုကို”

“မဟုတ်ပါဘူး၊ ကိုကို့အနေနဲ့ အဖော်ရှာချင်သပဆိုရင် အခုချိန်ဆိုရင် ရေလို့တောင် ရမှာမဟုတ်ဘူး ခင်ဦး”

“ကောင်းတယ် ကောင်းတယ်၊ ခင်ဦးတစ်ယောက်တည်းပဲ ကိုကို့ကို ဆိုးချင်နွဲ့ချင်တာ၊ တခြားတစ်ယောက်ယောက်က ဝင်ပြီး အဲဒီအခွင့်အရေးတွေ လုယူသွားမှာကိုတော့ လုံးဝလက်မခံဘူး”

သူ့ကို စကားပြောနေပေမယ့် မျက်လုံးကတော့ ကာတွန်းရုပ်လေးများဆီမှာသာ။

သူ့ဘက်က ကြိုးစားပြီး လုပ်ယူကြည့်သော်လည်း စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောရဆိုရတာ ဖီလင်အောက်လွန်းလှသည်။

ခင်ဦးလှိုင်နှင့် တမင်တကာ ရေစက်လာဆုံဖြစ်တာကိုက ဝဋ်ကြွေးတစ်ခုလို ဖြစ်နေရပြီလားလေ။

ဆောင်းက နှုတ်ဆက်သည့်အနေဖြင့် နှင်းတို့ ပိတ်ပိတ်မှောင်အောင် ကျဆင်းနေ၏။ နှင်းခွဲသောနေသည် ကောင်းကင်မှာ မှုန်ပျပျသာ ထွန်းလင်းနေ၏။ နွေရာသီကျောင်းပိတ်ရက်နားနီးသည်မို့ ကျောင်းမှာ လူ မရှိသလို ဆရာတွေကလည်း အစည်းအဝေးနှင့် မဝင်ဖြစ်တာ များသည်။

နှင်းတို့ လုံးဝကွဲသွားသောအခါမှ ကံ့ကော်တောမှာ ကံကော်ပွင့်တွေ အဖွေးသား ဖြစ်နေသည်ကို မြင်တွေ့ရသည်။

နွေရောက်ပြီး မကြာခင်လပိုင်းတွေမှာ သင်္ကြန်ရောက်လာတော့မည်။

မနှစ်ကသင်္ကြန်မှာ ခင်ဦးနှင့် ဆုံဖြစ်ခဲ့သည်မို့ တစ်နှစ်လည်တော့မည် . . . ဟု တွေးဖြစ်သည်။

တစ်ယောက်တည်း ယောင်ချာချာဖြစ်နေသည့်အဆုံးမို့ ခင်ဦးလှိုင်တို့ကျောင်းဘက်သို့ ကားမောင်းထွက်ပြီး ထွက်လာမိသည်။ လမ်းမှာရောင်းနေသော ကံ့ကော်ပန်းများကိုလည်း ခင်ဦး



www.burmeseclassic.com

www.burmeseclassic.com



လှိုင်အတွက် ဝယ်လာဖြစ်သည်။

ခင်ဦးလှိုင်က သူ့ကို ဆိုးရန္တဲ့ရလို့ သာမန်သံယောဇဉ် ရှိနေခြင်းလား။

ခင်ဦးလှိုင်၏ ရိုးသားမှုများကိုတော့ သူ အရောင်ဆိုးဖို့ ခက်နေ၏။

ဒီဘဝမှာ ခင်ဦးလှိုင်နှင့်သာ ပေါင်းဖက်ရမည် . . . ဟု ကျော်လတ်က လုံးဝနိမိတ်ဖတ်ထားသည်။

နှင်းတို့၏ စေစားမှု ဖြားယောင်းမှုကြောင့်ပင် ခင်ဦးလှိုင် နှင့်ပတ်သက်ပြီး သူ့စိတ်တို့ ထွေရာလေးပါး ဖြစ်မိသည်။

ခင်ဦးလှိုင်ဆီရောက်ပြီး ခင်ဦးလှိုင်ကိုခေါ်ကာ ဘုရား တက်မည် . . . ဟု စိတ်ကူးယဉ်သည်။

သူဝယ်လာသော ကံ့ကော်ထဲမှ ပန်းတစ်ပွင့်ကို ခင်ဦးလှိုင် အား ပေးပန်ပြီး ကျန်သည်များကို ဘုရားမှာအတူလှူပြီး ဆုတောင်း မည်ဟု တွေးရင်း ပျော်သလိုလို ဖြစ်လာသည်။

ခင်ဦးလှိုင်နှင့် စကားပြောရင်းက သူ့စိတ်ခံစားမှုတွေကို ခင်ဦးလှိုင် နားလည်အောင် ရှင်းပြဦးမည်။ ကံကောင်းထောက်မ ရင်တော့ ခင်ဦးလှိုင်၏ နူးညံ့မှုတွေကို ခံစားရပြီး ဖွင့်ပြောကောင်း ပြောဖြစ်လိမ့်မည် . . . ဟု တစ်ယောက်တည်း စိတ်ကူးတွေ ယဉ် လာမိသည်။

"ဟာ . . . ကိုကိုပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေ တစ်အုပ်ကြီးနှင့် အတန်းထဲမှ ထွက်လာသော ခင်ဦးလှိုင်က သူ့ကို တွေ့လိုက်ရခြင်းကြောင့် အံ့ဩသွားပုံရသည်။

ကျောင်းအကြိုအပို့မှလွဲ၍ ခင်ဦးလှိုင်ထံသို့ တစ်ခေါက်မှ သူ ရောက်လာဖူးထုံးစံမရှိခဲ့ပေ။

ကိုယ့်စိတ်ကူးယဉ်မှုတွေ ကိုယ့်အတွေးတွေနှင့်မို့ ခင်ဦးလှိုင်အား ပြောပြလိုက်မိသည်။

သူ့ကိုတွေ့ရင် ခင်ဦးလှိုင်က အားရဝမ်းသာဖြစ်ပြီး သူငယ်ချင်းတွေနှင့် ခွဲထွက်ကာ သူ့နောက်ကို လိုက်လာလိမ့်မည် . . . ဟု အပိုင်တွက်ထားမိ၏။

"ဟုတ်တယ် ခင်ဦး၊ ကျောင်းမှာက အတန်းတွေမယူကြတော့ဘူးလေ၊ ကိုကိုတစ်ယောက်တည်း ဘာလုပ်ရမှန်းမသိတာနဲ့ ခင်ဦးဆီ လာခဲ့တာပဲ"

"ဒါဆို အတော်ပဲပေါ့ ကိုကိုရာ၊ ဒီနေ့ ခင်ဦးတို့ အီကိုနဲ့ သချာအသင်း ဘော်လီဘော ဗိုလ်လုပွဲလေ၊ အခုပဲ ခင်ဦးတို့ သူငယ်ချင်းတွေစုပြီး သွားအားပေးမလို့ ကိုကိုပါ တစ်ခါတည်း လိုက်ခဲ့"

ခင်ဦးလှိုင်ကတော့ လူတွေရှေ့မှာ ယောက်မမြင်းစီးပြနေ၏။ သူ့စိတ်ထဲမှာ အတော်လေးအောက်သွားရသည်။

"အဲဒီ ဘော်လီဘောပွဲကို ခင်ဦး မသွားနဲ့၊ ကိုကိုနဲ့ လိုက်ခဲ့ပါ ခင်ဦးရာ၊ ကိုကိုတို့ တစ်နေရာရာ သွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က အခြေအနေသဘောထား ပြောင်းလဲမှုအပေါ် ခင်ဦးလှိုင်က ဝမ်းမသာသည့်အပြင် . . သူခေါ်တာကို ခါးခါးသီးသီး ငြင်းလေ၏။

"ဘယ်ဖြစ်မလဲ၊ ကိုကိုနဲ့က အချိန်မရွေး သွားလို့လာလို့ ရနေတာပဲ၊ ဘော်လီဘောပွဲက ဖိုင်နယ်ပွဲ ပြီးတော့ သူငယ်ချင်းတွေ နဲ့လည်း ပြောပြီးဆိုပြီးသား ဖြစ်နေတဲ့ဥစ္စာ"

သူနှင့်ခင်ဦးလှိုင်တို့ အခြေအနေကတော့ ပဋိပက္ခအသွင် ဆောင်ဆောင်လာ၏။

ခင်ဦးလှိုင်၏ သူငယ်ချင်းတွေကပင် ဝင်ပြော၏။

"ကဲပါ ခင်ဦးရယ် . . . ခေါ်တာကို လိုက်သွားပါ"

"မရဘူး၊ ကဲ . . . ကိုကို . . . ခင်ဦးတို့နဲ့ အတူတူ ဘော် လီဘောပွဲကို လိုက်မလား မလိုက်ဘူးလား"

မျက်နှာထားတင်းတင်းဖြင့် ခင်ဦးလှိုင်က ရာဇသံပေး၏။

ဒေါသထောင်းခနဲဖြစ်သွားပြီး သူကလည်း အပြတ်ပြော လိုက်သည်။

"မလိုက်ဘူး ခင်ဦး၊ ကိုကိုခေါ်တဲ့နောက်ကိုခင်ဦးရော လိုက်မလား၊ မလိုက်ဘူးလား"

ဖြစ်ချင်ရာဖြစ်ဆိုသောသဘောဖြင့် လှည့်မကြည့်ဘဲ သူငယ်ချင်းတွေရှေ့မှာပင် ခင်ဦးလှိုင်အား အပြတ်ချဲလိုက်သည်။

"ကိုကိုမလိုက်ရင် ဒီတိုင်း တစ်ယောက်တည်းပြန်တော့



www.burmeseclassic.com

www.burmeseclassic.com



ခင်ဦး လုံးဝမလိုက်နိုင်ဘူး”

“ကောင်းပြီ ခင်ဦး၊ ကိုကိုကတော့ အပြတ်ပြောခဲ့မယ် ခင်ဦးကို စောင့်မနေနိုင်သလို တစ်ခေါက်လည်း လာမကြိုနိုင်ဘူး၊ ခင်ဦးဘာသာ ခင်ဦးအစီအစဉ်နဲ့ ပြန်ပေတော့ပဲ”

သူ့ဒေါသကတော့ တကယ့်ကို အထွတ်အထိပ် ရောက်သွားခဲ့သည်။ ခင်ဦးလှိုင်ကလည်း သူ ပြောပေါက်ဆိုပေါက်ကြောင့် ခင်ဦးလှိုင် မျက်နှာကြီး နီရဲပြီး ဒေါသထွက်လေ၏။

“မင်းက အလကားပဲ၊ ဒီလောက်လေးတောင်မှ အလိုက် မသိတတ်ဘူး၊ ရတယ် မင်း လာမကြိုလည်းနေ၊ မစောင့်ရင်လည်းနေ”

“ခင်ဦး ဘယ်လိုပြောတယ်”

“မင်းလို့ ခေါ်လိုက်တာ၊ ခင်ဦး လုံးဝစိတ်ဆိုးတယ်”

သူ့တစ်ကိုယ်လုံး ထူပူသွားပြီး ‘တောက်’ ခေါက်ကာ နေရာမှ လှည့်ထွက်လာမိသည်။

ဒီတစ်ခါ အားစမ်းပွဲကတော့ ခင်ဦးလှိုင်နှင့် လုံးဝပြတ်စဲသွားတာ သေချာသလောက် ရှိသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

# ၁၀

လူတွေရှေ့မှာ မိန်းကလေးတစ်ယောက်က 'မင်း' ဟု ရင့်ရင့်သီးသီး ခေါ်လိုက်တာလောက် ခံပြင်းစရာကောင်းတာ မရှိဟု သူတွေးမိသည်။ ခင်ဦးလှိုင်ကိုတော့ လုံးဝ မျက်နှာချင်းမဆိုင်တော့ပေ။

ကျောင်းအပို့အကြိုကိုပါ သူ မလုပ်ပေးဖြစ်ခဲ့။

ခင်ဦးလှိုင်နှင့် မျက်နှာချင်းဆိုင်ဖို့ စိတ်ကုန်သွားခဲ့သည်။

"သား . . . သားနဲ့ခင်ဦးတို့ စိတ်ကောက်နေကြတာလား"

ရက်ကို အတိအကျ မှတ်ထားသည်မို့ ခင်ဦးလှိုင်နှင့် မျက်နှာချင်းမဆိုင်ဖြစ်တာ ငါးရက်တိတိ ရှိသွားပြီဖြစ်၏။

မနက်ခင်း လက်ဖက်ရည်ဝိုင်းမှာ မိသားစုအတူစုံဖြစ်၏။ မေမေက အရေးတယူလုပ်ပြီး မေးသော်လည်း မကြားချင်ဟန်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေလိုက်သည်။

"မောင်လေးက စိတ်ကောက်ရုံရှာင်မကဘူး၊ အကြိုအပို့ကို ပါ မလုပ်ပေးတော့ဘူးဆို"

မမသင်းကပါ ဝင်ပြီးပြောလည်သည်။ မေမေ့စကားကို မကြားဟန်ဆောင်လို့ ရပေမယ့် မမသင်းကပါ ဝင်ပြောလာပြီဆို တော့ သူ ရှောင်လွဲလို့မရတော့ပေ။

"ဟုတ်တယ် မမသင်း၊ ဒီကောင်မလေးက ဆိုးရမှန်းသိလို့ တစ်စစ ကဲလာတယ်"

"သားရယ် . . . သားကို သံယောဇဉ်ရှိလို့ သူဆိုးနေတာပဲ၊ ခင်ဦးလေးက ချစ်ဖို့ကောင်းပါတယ်၊ ဒီလောက်ကြီးအထိတော့ ပစ် ပစ်ခါခါကြီး သားမလုပ်သင့်ပါဘူး"

ခင်ဦးလှိုင် ဘယ်လောက်ပဲလွန်လွန်၊ သူဘယ်လောက်ပဲ အခံခက်ရ ခက်ရ မေမေတို့က သူ့ဘက်မှာ ရှိမနေမှန်းကို ကြိုတွေး ထားပြီးဖြစ်၏။

"သား သူနဲ့ ခပ်ကင်းကင်းနေမှ ဖြစ်မယ် မေမေ၊ သား သည်းမခံချင်တော့ဘူး"

"မောင်လေးရယ် . . . မောင်လေးတို့ ဖြစ်ခဲ့ပျက်ခဲ့တာ တွေကို မမသင်းတို့ အားလုံးသိပြီးပြီ၊ ခင်ဦးကိုယ်တိုင်ကလည်း စိတ်မကောင်းဖြစ်နေရတာ"

"ဟုတ်တယ် သား၊ အခု ခင်ဦး စိတ်မကောင်းဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းဖြစ်နေတာ နှစ်ရက်ရှိသွားပြီ၊ ခင်ဦးလေး သနားပါတယ်၊ သား သူ့ကို မမြင်ချင် မတွေ့ချင်တော့ဘူးဆိုရင် ဒီမှာ သူ မနေတော့ပါဘူးလို့ ပြောနေတယ်ကွယ်”

“သားနဲ့ စိတ်ကောက်တာနဲ့ သူ မနေတာနဲ့ ဘာဆိုင်လို့လဲ”

“ကဲပါ မောင်လေးရယ် . . . လူမမာမေးသွားရင်း ခင်ဦးကို မောင်လေးချော့လိုက်ပါ။ ခင်ဦး တကယ်စိတ်မကောင်းဖြစ်နေရှာတာပါ”

တကယ်တော့ ခင်ဦးလိုင်ဆီ သူ မသွားချင်။ သူသွားချော့လိုက်ရင် ပြန်ပြေလည်သွားပြီး သံသရာက ဆက်ရှည်နေဦးမည်။

သူ မသွားဘဲနေလို့ကလည်း မဖြစ်။ မေမေနှင့်မမသင်းတို့ကတော့ မသွားမချင်း သူ့ကို ဂျီကျနေတော့မှာ သေချာ၏။

“ကောင်းပြီလေ၊ ဘယ်သူလွန်တယ် ဘယ်သူမလွန်ဘူးဆိုတာကို ပြောမနေတော့ပါဘူး၊ သူ့ဘက်က ဒီလောက်အခြေအနေအထိဖြစ်နေရင်တော့ သား သွားတွေ့လိုက်ပါ့မယ်”

“သားချော့ရင် အားလုံးပြေလည်သွားမှာပါ၊ ဘာမဟုတ်တဲ့ ကိစ္စလေးလောက်နဲ့တော့ စိမ်းစိမ်းပြတ်ပြတ်ကြီး မလုပ်သင့်ပါဘူးကွယ်”

သူ့အတွက်ကတော့ ခင်ဦးလိုင်နှင့်ပတ်သက်ပြီး စိတ်ငရဲကျသလိုမျိုး ဖြစ်နေတော့၏။

မေမေတို့အမြင်မှာ ဘာမှမဟုတ်လောက်ပေမယ့် သူ့



www.burmeseclassic.com

www.burmeseclassic.com



အတွက်ကတော့ ဟုတ်လောက် ဖြစ်လောက်လို့ ဒီလိုပြုမူခဲ့ခြင်းဖြစ်၏။

“ခင်ဦးရော”

“သူ့အခန်းထဲမှာ မေးနေတယ် မောင်အောင်မင်းထိုက်”

ခင်ဦးလှိုင်ကို စောင့်ပေးနေသော အိမ်မှုအဒေါ်ကြီးက သူတက်လာသည်နှင့် အိမ်ပေါ်က ဆင်းသွား၏။

စိတ်ဆိုးမပြေချင်သေးပေမယ့် ခင်ဦးလှိုင်၏အခန်းတွင်းသို့ သူ ဝင်ခဲ့ရသည်။

စကားပြောသံဆိုသံကို ကြားပြီးလောက်ပြီ၊ ခင်ဦးလှိုင်ဆိုသော မိန်းကလေးက ဟန်ဆောင်ပြီး အိပ်ရာပေါ်မှာ မှိန်းနေ၏။

ခင်ဦးလှိုင်ခုတင်နားမှာ သူ ရပ်နေမိသည်၊ ဆက်အိပ်ရင် အိပ်စေ . . . ဟု သဘောထားပြီး ပြန်ထွက်ဖို့ ခြေလှမ်းပြင်လိုက်၏။

“ကိုကို”

သူ တကယ်ပြန်ထွက်တော့မည်ဆိုတော့ ဟန်ဆောင်နေသော ခင်ဦးလှိုင် အသံထွက်လာသည်။

“ခင်ဦး နေမကောင်းဖြစ်နေတာကို ကိုယ်ပူလေးတောင်



www.burmeseclassic.com

www.burmeseclassic.com



မစမ်းဘဲ ပြန့်ထွက်သွားတော့မှာလား”

“ခင်ဦး အိပ်ရေးပျက်မှာစိုးလို့ပါ”

ခင်ဦးလှိုင်၏ သနားစရာကောင်းအောင် ခယနေသော အကြည့်များကြောင့် သူ့စိတ်တွေ လျှော့ထားလိုက်သည်။

“ကိုကိုက နေနိုင်တယ်၊ ပြီးတော့ ခင်ဦးထက်လည်း ပိုပြီး စိတ်ကောက်နိုင်တယ်”

“ပြီးတာတွေ ပြီးပြီပဲ ခင်ဦး၊ နောက်ဆက်မဖြစ်ဖို့ပဲ အရေးကြီးပါတယ်”

“ကိုကို့ကို ခင်ဦး ပြောထားရဦးမယ်၊ ခင်ဦးသူငယ်ချင်းတွေရှေ့မှာပဲ ဖြစ်ဖြစ်၊ ဒီပြင်လူတွေရှေ့မှာပဲ ဖြစ်ဖြစ် ခင်ဦးကတော့ ဆိုးနေနဲ့နေမှာပဲ၊ ပြီးမှ နှစ်ယောက်ချင်းကျရင် ထိုင်ပြီး ရှိခိုးတောင်းပန်ရတောင်းပန်ရ ခင်ဦးလုပ်မယ်၊ အခုလည်း ပြီးခဲ့တဲ့ကိစ္စတွေအတွက် ခင်ဦး တောင်းပန်ပါတယ် ကိုကို”

သူ့အတွက်ကတော့ လျောင်အိမ်ထဲမှာ ပိတ်မိနေသော သားကောင်နှယ်ဖြစ်နေ၏။

“ဒါပေမဲ့ကွာ ‘မင်း’ လို့ လူတွေရှေ့မှာ ကိုကို့ကို သုံးနှုန်းလိုက်တာကတော့ အရမ်းလွန်တာပဲ”

“အဲဒါက ခင်ဦးရဲ့ဝသီပဲ ကိုကို၊ ခင်ဦးရဲ့ကိုကိုဝေကို စိတ်ဆိုးလည်း အဲဒီလို ပြောမိတာပဲ၊ မင်းလို့ အခေါ်မခံစေချင်ရင် ခင်ဦးအလိုကို, ကိုကိုလိုက်ပေါ့ မဟုတ်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်များ ဒေါသဖြင့် ပိတ်ရိုက်ပစ်ချင်စရာ ကောင်းသည့် ခင်ဦးလှိုင်ပါလဲ။

"ခင်ဦး ဖြစ်ချင်တာပဲ သိတယ်၊ ကိုကိုဖြစ်စေချင်တာကျတော့ ခင်ဦးက မကြိုးစားချင်ဘူး"

"ကိုကိုရယ် . . . ခင်ဦးဘဝမှာ အစ်ကိုအရင်းဖြစ်တဲ့သူကိုတောင် ကိုကိုဝေလို့ ခေါ်ခဲ့တာပါ။ ကိုကိုလို့ခေါ်တာ ခင်ဦးဘဝမှာ တစ်ယောက်တည်းပဲ ရှိတယ်၊ ဒီထက်ပိုပြီး ခင်ဦး ဘာကြိုးစားရဦးမှာလဲ"

နားထောင်၍ကောင်းလွန်းသောကြောင့် မဲ့ပြုံးပြုံးလိုက်ရသေး၏။

"ကဲပါ . . . အဲဒါတွေအားလုံး ခဏထားလိုက်ပါဦး၊ အခု ခင်ဦး သက်သာရဲ့လား"

သူ့အမေးစကားဆုံးတော့ ခင်ဦးလှိုင်တစ်ယောက် ငေါက်ခနဲ ထထိုင်လေ၏။

ပြုံးပြုံးရွှင်ရွှင်ဖြင့် ချက်ချင်းကြီး အပြောင်းအလဲဖြစ်သွား၏။

"သက်သာသွားပြီ ကိုကို၊ ကိုကို အိမ်ထဲကိုဝင်လာပြီး ကိုကို့အသံ ကြားလိုက်ကတည်းက သက်သာသွားတာ"

တတ်လည်း တတ်နိုင်သည့် ခင်ဦးလှိုင်။

သူ့ဘဝကတော့ ခင်ဦးလှိုင်၏ အပြုအမူတွေကြားမှာ ရှုန်း



www.burmeseclassic.com

www.burmeseclassic.com



မထွက်နိုင်တော့တာ သေချာသွား၏။

"သက်သာတယ် ဆိုပေမယ့် မပေ့ါနဲ့ ခင်ဦး၊ အခုတလော ဖြစ်တဲ့ တုပ်ကွေးက ဂရုစိုက်မှုဖြစ်မှာ"

"ကိုကိုကလည်း ကောင်းသွားပါပြီဆို၊ ဟိုလေ. . . အင်းယားကန်ပေါင်က လျှာပူအာပူသောက်ချင်တယ်၊ အဲဒါ ကိုကို အခုချက်ချင်း လိုက်ပို့ပေးနော်"

"ဘယ်ဖြစ်မလဲ၊ ခင်ဦးက နေကောင်းစပဲ ရှိသေးတာ၊ အပြင်ထွက်ပြီး လေစိမ်းတိုက်ခံလို့ မဖြစ်ဘူး၊ ခင်ဦးသောက်ချင်ရင် ကိုကို ကားနဲ့ သွားဝယ်ပေးမယ်"

"မရဘူးကွာ၊ ကိုကိုနဲ့ စကားမပြောဖြစ်တာ ငါးရက်တောင် ရှိသွားပြီ၊ အခုချက်ချင်းပဲ ကန်ပေါင်ကိုသွားမယ်၊ ခင်ဦး ဘာမှ မဖြစ်တော့ပါဘူး ကိုကိုရာ"

ပါးစပ်ကလည်း ပြောရင်း သူ့လက်ကို အတင်းဆွဲတော့၏။

"ခက်ပါတယ် ခင်ဦးရယ်"

"လွယ်လွယ်လေးပါ ကိုကိုရာ၊ နောက်တစ်ခါ 'မင်း' လို့ အခေါ်မခံရအောင်၊ ကိုကို မလုပ်နဲ့ မပြောမိ၊ မဆိုမိစေနဲ့၊ ခင်ဦး ကတော့ ကိုကို့ကို ဆိုးဦးနွဲ့ဦးမှာပဲ သိလား"

သူ့အဖို့ကတော့ ကြာလေနစ်လေ ဖြစ်တော့မည်။

ကျော်လတ်ပြောသလို ခင်ဦးလှိုင်နှင့် လွတ်ကင်းအောင် နေဖို့ဆိုရင်တော့ ဒီဝန်းကျင်မှ သူထွက်ပြေးသွားဖို့ပဲ ရှိတော့၏။



www.burmeseclassic.com

သူ့အတွက်ကတော့ ဝဋ်ကြွေးတစ်ခုကို သိသိကြီးနှင့် အခံခက်စွာ ပေးဆပ်နေရခြင်းပါလေ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( နှစ် )

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပိတောက်နဲ့အတူ
တစ်ယောက်သောသူကို
မွေ့အပူမှာစောင့်စား . . .။

ပိတောက်အပွင့်မှာ
မျှော်လင့်ခြင်း ပုရစ်စီ
ရင်ဆီမှာ အပူငြိမ်းလို့
စိမ်းမြစေသား . . .။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၁

ကားစက်နှိုးပြီး အဝေးပြေးဝင်းထဲမှ ထွက်လာချိန်အထိ သူ့စိတ်တို့သည် ပကတိအတိုင်းပင် ရှိနေသေး၏။

ဧပြီလ၏ မွန်းတည့်ချိန်ကို တံလျှပ်များက ခြံရံထားလေသည်။

လေဝေ့တိုက်နေသော်လည်း သူ့ရင်သည် မငြိမ်းချမ်းချင်သေးပေ။ အပြင်မှာတော့ ကားမထွက်ခင်အချိန်မှာကဲ့သို့ ပူအိုက်မှုက ပြေလျော့သွားသည်။

"ဒီအတိုင်းဆိုရင် လေးနာရီ၊ ငါးနာရီလောက်တော့ ရောက်သွားမှာပါ"

"အချိန်မမေးပါနှင့်" . . . ဆိုသော တားမြစ်စာသားကြောင့်ပင် သူတို့ရောက်နိုင်မည့်အချိန်ကို ဦးလေးဖြစ်သူက ခပ်တိုး



www.burmeseclassic.com

www.burmeseclassic.com



တိုးလေး ပြောလိုက်လေသည်။

ဦးလေးစကားကြောင့်ပင် သူ့စိတ်တို့ တစ်မျိုးတမည် ဖြစ်သွားလေသည်လား။ သူ့ကို ခေါ်ဆောင်သွားသော အဝေးပြေးကားက ရန်ကုန်နှင့်တဖြည်းဖြည်း ဝေးလာခဲ့ပြီ။

“ငါတူတို့ ရန်ကုန်သင်္ကြန်က အရမ်းစည်မှာပေါ့နော်”

ဦးလေးဖြစ်သူအမေးကို ခေါင်းညိတ်ပြလိုက်ရသည်။ အခုချိန်လောက်ဆိုရင်တော့ သူ ရန်ကုန်မှာမရှိတော့ကြောင်းကို ခင်ဦးလှိုင်တစ်ယောက် သိရင်သိနေပေလိမ့်မည်။

ဒီတစ်ခါတော့ ခင်ဦးလှိုင်နှင့် ဝေးကွာသော ပတ်ဝန်းကျင်သစ်သို့ သူ ထွက်ပြေးလာခဲ့သည်ပဲ။

“ဦးလေးတို့အလှူက အကြိုနေ့နော်”

“ဟုတ်တယ် ငါ့တူ။ မင်းဖေဖေတို့ မင်းမေမေတို့ပါ ပါလာရင် ပိုပြီးကောင်းမှာ”

ဖေဖေတို့ မလိုက်ပါလာနိုင်သည့်အကြောင်းကို ပြောရင်း ဦးလေးဖြစ်သူ မျက်နှာငယ်သွား၏။

ဖေဖေ့ဘက်တွင် ဦးလေးကြီးငွေက အတန်းပညာမတတ်သူတစ်ယောက်။ မထင်မရှား မြို့သေးသေးလေးမှာ မိဘလက်ငုတ်ဖြစ်သော လယ်ယာစိုက်ပျိုးရေးဖြင့် နေထိုင်သူတစ်ဦး ဖြစ်သည်။

ဦးလေးကြီးငွေကလည်း ဦးလေးပါပဲ။

ခမ်းခမ်းနားနား ကျင်းပချင်သော အလှူကို သင်္ကြန်ရက်



www.burmeseclassic.com

www.burmeseclassic.com



မှာ လုပ်မိသည်။

ဌာနမှ ကြီးမှူးကျင်းပသော ရေသဘင်ပွဲမှာ ဖေဖေမရှိ၍ မဖြစ်။ ဖေဖေ မလိုက်နိုင်တော့ မေမေကလည်း ကျန်ရစ်ရသည်။ မမသင်းကလည်း ရန်ကုန်မှာ ရှိမနေ။

"ကျွန်တော်သာ ကပ်ပြီး မလိုက်လာဖြစ်ရင်တော့ ဦးလေး မလွယ်ဘူးနော်"

"ဟုတ်တယ်၊ မင်းပါလာလို့ တော်သေးတာ၊ မဟုတ်ရင် လူသွားခေါ်တာ တစ်ယောက်တည်း ပြန်လာရရင် ဘယ်လောက် မျက်နှာပူစရာကောင်းလိုက်မလဲ မသိဘူး၊ မင်းကလည်း တို့ဆီကို တစ်ခါမှ မရောက်ဖူးသေးတော့ ဟန်ကျသွားတာပေါ့"

တကယ်ပင် ဦးလေးတို့ဆီကို သူမရောက်ဖူးပေ။ မမသင်း ကလည်း နှစ်ခေါက်လောက် ရောက်ဖူးသည်။ ဖေဖေနှင့်မေမေတို့ ကလည်း အရောက်အပေါက်ရှိသည်။

ဦးလေးတို့ဆီသို့ လိုက်ဖို့ အခေါက်တိုင်းမှာ အကြောင်းကိစ္စ တစ်ခုမဟုတ်တစ်ခုကြောင့် ပျက်ရမြဲဖြစ်၏။

"ကျွန်တော် လိုက်ဖို့ပြင်တိုင်း မလိုက်ဖြစ်တာချည်းပဲ၊ ဒီတစ်ခါတော့ တကယ်လိုက်ဖြစ်ပြီပေါ့"

သူကိုယ်တိုင်ကပင် တစ်နေ့ကမှ အလျှုလိုက်ဖို့ ဆုံးဖြတ် ချက်ကို ချမိခြင်းဖြစ်၏။

ထောက်ကြံ့လမ်းဆုံသို့ရောက်သောအခါ ပြတင်းပေါက်မှ



www.burmeseclassic.com

www.burmeseclassic.com



နောက်ကြောင်းပြန်ကြည့်မိရင်း လွမ်းချင်သလိုလိုဖြစ်လာ၏။

"ဘာလဲ မောင်အောင်မင်းထိုက်၊ ရန်ကုန်မှာကျန်ခဲ့တဲ့ တစ်ယောက်ယောက်ကို သတိရနေပြီနဲ့တူတယ်"

ဦးလေးစကားကြောင့်ပင် ယဲ့ယဲ့ပြုံးလိုက်မိသေး၏။

ဦးလေးစကားအရဆိုရင်တော့ သတိရတာဆိုလို့ ခင်ဦးလှိုင်တစ်ယောက်သာ ရှိသည်ပဲ။

ခင်ဦးလှိုင်ကြောင့်ပင် ဒီခရီးကို လိုက်ပါဖို့ ဆုံးဖြတ်မိခြင်းဖြစ်၏။

"ဘာပြောတယ် အောင်မင်းထိုက် . . . ဒီသင်္ကြန် ရန်ကုန်မှာ မရှိဘူး ဟုတ်လား၊ ဘာလဲ မင်းနဲ့ခင်ဦးတို့ ထုံးစံအတိုင်း စိတ်ကောက်တမ်း ကစားကြပြန်ပြီလား"

သူ့ဒေါသကို စိတ်ကောက်ခြင်း . . . ဟု ကျော်လတ် မြင်နေ၏။

"စိတ်ကောက်တာ မဟုတ်ဘူး ကျော်လတ်၊ သည်းမခံနိုင်တော့တာ၊ သင်္ကြန်ကို မုန်းလို့ မဟုတ်ပေမယ့် ခင်ဦးကြောင့်ပဲ ငါ ပြေးတော့မယ်"

ကျော်လတ်ကတော့ သူနှင့်ခင်ဦးလှိုင်ကြားမှာ ဖြစ်ရိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စဉ် စိတ်အလိုမကျမှုတစ်ခုဟု ထင်နေ၏။

"မင်းတကယ်ပဲ မင်းဦးလေးနဲ့ နယ်ကို လိုက်သွားတော့မှာ လား၊ ဒီလောက်ဖြစ်ရအောင် ခင်ဦးက ဘာတွေပြောပြီး ဘာတွေ လုပ်ခဲ့လို့တုန်း"

ခင်ဦးလှိုင်နှင့် နောက်ဆုံးဖြစ်ပျက်ခဲ့သည့် ပြဿနာတွေကို ကျော်လတ်တစ်ယောက် မသိရသေးပေ။

"ပထမဆုံးက သူ ဆံပင်ကောက်ပစ်လိုက်တာပဲ၊ ငါ ဆံပင် အရှည်ကို မြတ်နိုးတာ မင်းအသိဆုံး၊ ခင်ဦးက ဆံပင်မရှည်ပေမယ့် သင့်ရုံတော့ ရှိတာယ်၊ အဲဒီလို ဆံပင်ကောက်တာကို ငါမကြိုက်ဆုံး လို့ သိရဲ့သားနဲ့ တမင်ကောက်တယ်၊ သူ့အကြောင်းပြချက်က သကြံန်မှာ လည်ဖို့တဲ့ကွာ"

"ခက်တာပဲ၊ မင်းတို့ချင်းက တစ်ယောက်နဲ့တစ်ယောက် ဖွင့်မပြောကြပေမယ့် တကယ့်သမီးရည်းစားတွေလို့ အများက ထင် နေကြတာ၊ မင်းကလည်း မင်းစိတ်ကူးနဲ့မင်း၊ ခင်ဦးကလည်း မင်း မကြိုက်တာတွေကိုမှ ရွေးရွေးပြီး လုပ်လုပ်နေကြတာ"

"အရင်တစ်ခါ ပြဿနာဖြစ်ကတည်းက ဒီဟာမလေးနဲ့ ကိစ္စပြတ်ရမှာ၊ မေမေတို့ မမသင်းတို့ မျက်နှာကိုကြည့်ပြီး ပြန်လိုက် လျှောလိုက်လို့ ပိုကမ်းကမ်းတက်လာတာ၊ ဒီတစ်ခါတော့ ဘယ်သူ့ မျက်နှာကိုမှ ငါမကြည့်နိုင်တော့ဘူး ကျော်လတ်၊ ငါ့ရဲ့စိတ်ချမ်းသာမှု နဲ့ စိတ်လွတ်လပ်မှုရဖို့အတွက်ပဲ ငါ ကြည့်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ဆံပင်ကောက်တာ တစ်ခုတည်းလား"

"ဘယ်ဟုတ်မလဲ၊ ဒီနှစ်က မမသင်းတို့အုပ်စုတွေ တကွဲ တပြားဖြစ်ကုန်တော့ မဂ္ဂဇင်းလုပ်ဖြစ်ဘူး၊ သင်္ကြန်ကို မင်းတို့ ငါတို့ လည်နေကျပဲ သူက ငါတို့နဲ့ မလည်ဘူး၊ သူ့သူငယ်ချင်းမိန်းကလေး တွေချည်းပဲ လည်ကြမှာတဲ့၊ အဲဒီကိစ္စလည်း စကားပြောကြသေး တယ်"

"ခင်ဦးကလည်း ခက်တာပဲ၊ သူက ကလေးဆန်ပြီး မင်းကို ဆိုးချင်နွဲ့ချင်နေတာ"

"ငါက မလည်ရဘူးလို့ ပြောမိတယ်၊ ငါ့ကို 'မင်း' တွေ ဘာတွေသုံးပြီး အရမ်းချုပ်ချယ်တာပဲတဲ့၊ သူ့သူငယ်ချင်းတွေနဲ့ပဲ လည်မယ်၊ ရှေ့ပင်တွေ ဘာတွေဝတ်ပြီးတော့တောင် လည်မှာလို့ ပြောသေးတယ်ကွာ၊ သူက ငါ့ကို ဆိုးရိုးနွဲ့ရိုးတင်မဟုတ်ဘူး၊ တမင် ကို စိတ်ဒုက္ခပေးနေတာ၊ သူနဲ့ငါနဲ့ကတော့ အခုကိစ္စမှာ တကယ် လမ်းပြတ်ကြပြီ"

"မင်း ခရီးသွားမှာကို ခင်ဦး သိလား၊ မင်းအိမ်ကလူတွေ ရော သိလား"

"အိမ်ကလူတွေကတော့ သိကြတယ်၊ ခင်ဦးနဲ့ ပြဿနာ ဖြစ်တာကို ငါ မပြောပြတော့ ငါ့ဘာသာ လိုက်ချင်လို့ လိုက်တယ်ပဲ ထင်နေကြတာ၊ ခင်ဦးကတော့ ငါခရီးသွားမှာကို သိမှာမဟုတ်ဘူး၊ အခုလည်း အိမ်မှာမရှိဘူး၊ သူ့သူငယ်ချင်းတွေအိမ်မှာ သွားနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်”

“အေးလေ . . . မင်းက စိတ်တိုင်းမကျဖြစ်နေမှတော့ ငါဘာမှ မပြောချင်တော့ဘူး၊ ငါ့အထင်တော့ မင်းရော ခင်ဦးရော ပြတ်နိုင်ကြမယ် မထင်ဘူး”

“ငါ့ဘက်ကတော့ လုံးဝပြတ်သွားတယ် ကျော်လတ်၊ ငါ့ခေါင်းထဲကနေ သူ့ကို လုံးဝ ထုတ်ပယ်ပြီးသွားပဲ”

“မင်းခရီးရက်ရှည်သွားတာ တစ်မျိုးတော့ ကောင်းပါတယ်၊ မင်း တင်းပြလိုက်ရင် ခင်ဦးက ပြန်လိုက်လာနိုင်ကောင်းတယ်၊ မင်းကို ခင်ဦး ပြတ်နိုင်မှာ မဟုတ်ဘူး”

သူ့ဘက်ကတော့ လုံးဝကို ဆုံးဖြတ်ထားပြီး ဖြစ်၏။

ဒီတစ်ခါတော့ ခင်ဦးလှိုင်ကို နောက်မငဲ့တမ်း စိမ်းပြတ်တော့မှာဖြစ်သည်။

သူ့စိတ်ကို အနှောင့်အယှက်ပေးလွန်းသော ဆူးတစ်ဆူးအား လုံးဝဖယ်ရှားပစ်ဖို့ ဆုံးဖြတ်ထား၏။

✝✝✝

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၂

သကြၤန်၏ပြင်ဆင်ထားမှု အငွေ့အသက်များသည် ရန်ကုန်နှင့် အတန်ငယ်ဝေးသော တိုက်ကြီးမြို့နယ်အထိပင် တွေ့နေရသည်။

မကြာခင်ရက်ပိုင်းအတွင်းမှာပင် သကြၤန်ကျတော့မည်။

ဒီနှစ်သကြၤန်မှာတော့ ရန်ကုန်မှာ သူ ရှိမနေ။

ခင်ဦးလှိုင်ကတော့ လွတ်လပ်မှုအပြည့်ဖြင့် သကြၤန်မှာ အပျော်ကြီး ပျော်ပြီး သူ့ကို သတိရနေမှာ မဟုတ်ပေ။

တိုက်ကြီးဂိတ်မှာ ကားက ခဏနား၏။

ကားပေါ်မှဆင်းပြီး အပေ့ါအပါးသွားကြသည်။

စားသောက်ဆိုင်မှာ ခဏထိုင်ရင်း တစ်ခုခုစားဖို့ ဦးလေးကြီးငွေပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်အောင်မင်း ဆာရင် တစ်ခုခုစားပါလား"

"မဆာဘူး ဦးလေး၊ လက်ဖက်ရည်ပဲ သောက်ပါ့မယ်"

ဦးလေးကတော့ လက်ဖက်ရည်နှင့် မပြီး။ ဆီချက်ပင် အဆစ်စားလိုက်သေး၏။

စားပြီးသောက်ပြီးကြတော့ ကားပေါ်မှာ နေရာပြန်ယူကြသည်။

တိုက်ကြီးမှအထွက်မှာပင် သူပျင်းနေမည်စိုး၍ ဦးလေးက စကားပြောပေးသည်။

"သင်းသင်းတို့ မင်္ဂလာဆောင်တုန်းက ဦးလေး မလာဖြစ်ဘူး၊ သူတို့လင်မယားနှစ်ယောက်စလုံးက နယ်ဆေးရုံတွေမှာပဲပေါ့နော်"

"ဟုတ်တယ် ဦးလေး၊ မမသင်း ရန်ကုန်က ပြောင်းသွားတာ သိပ်မကြာသေးဘူးလေ"

"အေးကွာ တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုးဆိုတာ မှန်တယ်၊ မင်းရဲ့ညီအစ်ကိုတွေကတော့ လေးငါးခြောက်တန်းနဲ့ ကျောင်းထွက်၊ လယ်အလုပ်ထဲ ဝင်၊ အခုဆို အိမ်ထောင်တွေဘာတွေ ကျကုန်ကြပြီ"

"ဒီလိုပါပဲ ဦးလေးရာ . . . ဘယ်မှာပဲ နေနေ၊ ဘာပဲ လုပ်လုပ်၊ စိတ်လက်ချမ်းသာစွာနဲ့ အသက်မွေးဝမ်းကျောင်းရတာက အကောင်းဆုံးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တို့တောသဘာဝကတော့ မင်းတို့ရန်ကုန်လို လည်စရာ ပတ်စရာ၊ ပျော်စရာ များများစားစားရှိတာ မဟုတ်ဘူး၊ သကြ်န်ဆို လည်း အလှူအတန်းပဲ ရှိတာ၊ ထူးထူးခြားခြား ရေဆော့ကစားတာ တွေ ဘာတွေရှိတာ မဟုတ်ဘူး၊ မောင်အောင်မင်းထိုက်တော့ ရောက်ပြီး မကြာခင် ပြန်ပြေးမှာစိုးရတယ်"

"ကျောင်းကလည်း ပိတ်ထားတာ မဟုတ်လား၊ ရန်ကုန် မှာ မနေချင်လို့ တမင်လိုက်လာခဲ့တာ၊ စိတ်ကူးပေါက်ခဲ့ရင် ဦးလေး တို့နဲ့ရောပြီး သင်္ကြန်းစီးဖြစ်ရင်တောင် စီးဖြစ်ဦးမှာ"

ဦးလေးဖြစ်သူ ယုံကြည်အောင် သူပြောလိုက်မိသည်။

ရွာအနေအထားနှင့် သမိုင်းကြောင်းတချို့ကို ရှည်လျားစွာ ရှင်းပြပြီးသောအခါ ဦးလေးဖြစ်သူ အိပ်မောကျသွား၏။

သူသာ အိပ်မပိုက်နိုင်ဘဲ ပတ်ဝန်းကျင်ကို ငေးမောရင်း ဖြင့် အချိန်တွေဖြုန်းနေမိသည်။

ရှစ်တန်း၊ ကိုးတန်း ကျောင်းသားဘဝထဲက ရှိခဲ့သော သူ့ စိတ်ကူးအိပ်မက်တို့သည် ခင်ဦးလှိုင်နှင့် ပတ်သက်ဖို့ ဖြစ်တည်ခဲ့တာ၊ မဟုတ်တာတော့ သေချာလွန်းနေသည်။

ချစ်သူ . . . ဟု မြတ်နိုးရမည့်သူသည် ပထမဆုံးအချက်



www.burmeseclassic.com

www.burmeseclassic.com



အနေဖြင့် ဆံပင်ကောင်းခြင်းနှင့် တင့်တယ်စေသူ ဖြစ်ရမည်။

တက္ကသိုလ်ရောက်သောအခါ၌လည်း ချစ်သူ၏ပုံရိပ် စိတ်ကူးယဉ်မှုမှာ ရုပ်ရည်လှပခြင်းနှင့် ဆံပင်ကောင်းခြင်းနှင့် ပြည့်စုံရမည်ဆိုသောအချက်သည် ယုတ်လျော့သွားခြင်း မရှိပေ။

ထပ်ဆင့်၍ပင် အိပ်မက်စိတ်ကူးတို့ တိုးလာခြင်းဖြစ်သည်။

အေးဆေးတည်ငြိမ်ရမည်။

မျက်လုံးများသည် အရာရာကို စူးစမ်းကစားတတ်သော အကြည့်မျိုး မရှိစေရ။

အရည်လဲ့ပြီး တည်ငြိမ်သော မျက်ဝန်းမျိုးကို ပိုင်ဆိုင်ရမည်။

သူ့အပေါ် သိတတ်ပြီး တစ်ခါတစ်ရံ၌ သူ့ထက်ပိုပြီး တွေးခေါ် မြော်မြင်တတ်သူလည်း ဖြစ်ရမည်။

ထိုသို့ အရည်အချင်းများဖြင့် ပြည့်စုံနေသော ချစ်သူက သူ့ကို 'မောင်' . . . ဟု ချိုသာစွာ ခေါ် ဆိုတတ်ရမည်။

တကယ်တမ်းကျတော့ အထက်ပါ အိပ်မက်စိတ်ကူးများနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သော ခင်ဦးလှိုင်ကို ဘယ်လိုသော အကြောင်းကြောင့် ဖူးစာဆုံဖို့ စီရင်ခဲ့ပါသလဲ . . . ဟု တွေးမရတော့ပေ။

ခင်ဦးလှိုင်နှင့် တရားဝင်ချစ်သူတွေ မဖြစ်ခဲ့ကြသော်လည်း အများအမြင်မှာတော့ သူနှင့်ခင်ဦးလှိုင်ကို ချစ်သူတွေဟု ထင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



မြင်ခဲ့ကြသည်ပဲလေ။

သူ့ဒေါသများသည် အတွေးထဲမှ လွန်မြောက်ပြီး အသက်ဝင်သွားသည်လား မပြောတတ်ပေ။

တံခါးပေါင်ကို လက်သီးဖြင့် ထုလိုက်မိ၍ နာကျင်သောအခါမှ ဝန်းကျင်ကို သတိထားမိတော့၏။

"ဘာဖြစ်တာလဲ ငါ့တူ ခဏကြာရင်မှာ ဦးလေးတို့ ဆင်းရမယ့်နေရာကို ရောက်တော့မှာလေ"

"ဘာမှမဖြစ်ပါဘူး ဦးလေး . . . ဟဲ . . . ဟဲ"

တကယ်တော့ တော်တော်လေးကို သူ့အဖြစ်က အူကြောင်ကြောင်နိုင်သွားခဲ့၏။

ခင်ဦးလှိုင်နှင့် လွတ်မြောက်သော ဒေသတစ်ခုသို့ ရောက်ခဲ့ရသော်လည်း အတွေးဖြင့် စိတ်ဒုက္ခပေးနေတုန်းပင်။

"ရောက်ပြီ ငါ့တူ ကိုမြင့်မောင်က ကားနဲ့လာကြိုနေတာကိုး"

ရန်ကုန်ပြည်လမ်း၏ လမ်းတစ်ထောက်မှာပင် ကားကရပ်လိုက်၏။

သူနှင့်ဦးလေး . . . ပြီးတော့ ခရီးသည်တချို့ကို ချပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



အဝေးပြေးကားက ပြည်သို့ ဆက်လက်ထွက်ခွာသွား၏။

ဦးမြင့်မောင် . . . ဟုခေါ်သောသူ မောင်းမည့် ဆန်နီကားလေးပေါ်သို့ တက်လိုက်ရခြင်းကြောင့် ဆက်ပြီး ခရီးဆက်ရမည်ကို သဘောပေါက်သွား၏။

ရန်ကုန်ပြည်လမ်းတာဆုံမှနေပြီး လေးငါးမိုင်ခန့် လမ်းမကြမ်းတကြမ်းကို မောင်းနှင်လိုက်သောအခါတွင် ရွာကြီးတစ်ခုဆီသို့ ရောက်၏။

အိမ်တိုင်းသည် ကြီးကျယ်ခမ်းနားပြီး သွပ်အဖွေးသား ရှိနေသည်။

"ကဲ . . . အလှူအတွက် ငါတော့ ဆန်အိတ်တွေ သွားတင်လိုက်ဦးမယ်၊ မင်းတို့တူဝရီး ဒီကပဲ လမ်းလျှောက်သွားပေတော့"

ဦးမြင့်မောင်ဆိုသူကတော့ ကားမောင်းပြီး ထွက်သွားသည်။

ဦးလေးနှင့်အတူ လျှောက်ခဲ့ရပေမယ့် ခရီးက တော်တော်နှင့် မရောက်နိုင်။ ရန်ကုန်မှ ပြန်လာသောသူမို့ မေးကြမြန်းကြနှင့် သူ စိတ်အိုက်လာသည်။

ဒီကြားထဲ ဦးလေးက သူ့ကို ချောကြောင်း လှကြောင်း မင်းသားနှင့်တူကြောင်း တွေ့သည့်လူတိုင်းကို ပြောနေသောကြောင့် သူ အနေရခက်ရပြန်သည်။

တစ်လမ်းလုံး ရန်ကုန်မှ လာခဲ့ရသည့်ခရီးကို မငြီးချင်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ဦးလေးရှိရာ အိမ်သို့လျှောက်ရာမှာတော့ စိတ်ရောလူပါ အတော်လေး ပင်ပန်းသွားသည်။

"ဦးကြီးငွေရေ . . . ခဏဗျာ"

"ကဲ . . . ဦးလေးရေ သွားတော့ ဒီကပဲ ကျွန်တော် စောင့်နေတော့မယ်"

အိမ်က ဘယ်နားမှာဆိုတာ သူ မသိ။ ခြတ်စက်ဖွင့်သံက တော့ တော်တော်လေး နီးနေသည်မို့ ဆူညံနေသည်။

ရွာခလေ့ ရပ်ခလေ့ကို အထာမကျသေးသောသူအဖို့မှာ တော့ ထူးဆန်းနေ၏။

ဦးလေးတို့ စကားပြောနေသည်ကို စောင့်ရင်း ဟိုကြည့် ဒီကြည့် လုပ်မိသည်။

ကြည့်စမ်း . . . ခြံထဲမှာ ပိတောက်ပင်ပျိုတွေ တန်းစီပြီး ပြည့်နှက်နေပါလား။ ခြံအလယ်ခေါင်တွင် မိုးနေသော ပိတောက် ပင်အိုကြီးတစ်ပင် ရှိနေ၏။

ဒီပိတောက်တွေက သင်္ကြန်အမီ ပွင့်မည်ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၇

“ကဲ မောင်အောင်မင်းထိုက်ရေ . . . ဒီတစ်ခါတော့ ဘယ်သူခေါ်ခေါ် မသွားတော့ဘူး၊ ရှေ့ဆို ရောက်ပါပြီ”

ပြောပြောဆိုဆိုပင် ဦးလေးက ရှေ့မှသွားသည်။

သူ စိတ်အိုက်နေသည်ကို ဦးလေးလည်း သိသွားပုံရ၏။

လမ်းဆုံနားသို့ရောက်သောအခါ စောစောက လှမ်းမြင်ရသော ပိတောက်တို့ ပြည့်နှက်နေသည့် ခြံကျယ်ကြီးရှိရာသို့ ချိုးကွေ့လိုက်သည်။

“ဖြန်း . . . ဖြန်း”

ခြံကျယ်ကြီးကို စိတ်ဝင်စားနေသော သူ့အတွက်တော့ ပိတောက်ပင်များပေါ်သို့ ရေဖျန်းသံများက များစွာထူးဆန်းနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြင်ရတွေ့ရမှာတော့ မလွယ်ဘူး၊ အလျူအတန်းဆိုတော့ လူများတယ်၊ မင်း မျက်စိနောက်မှာ"

ဦးလေးပြောသော လူသံတွေ၊ သီချင်းသံတွေကို စိတ်ဝင်စားမှု မရှိပေ။ ခြံထဲကို ဂရုစိုက်ကြည့်မိတော့ ရေစက်မောင်းသံကို ကြားရသည်။

"ပွမ်...ပွမ်"

ကားဟွန်းသံကြောင့်ပင် ဘေးကပ်ပေးလိုက်ရ၏။

"မင်းတို့ဟာက အခုထိ အိမ်မရောက်သေးဘူး"

သူတို့နှင့် လမ်းခွဲသွားသော ဦးမြင့်မောင်ပင် မီလာ၏။

"ဟုတ်တယ်ကွာ"

"ကြီးငွေ ... မောင်အောင်မင်းထိုက်ကို မင်းအိမ်မှာ ထားလို့ဖြစ်မယ် မထင်ဘူး၊ ရပ်ဝေးဧည့်သည်တွေ လုပ်သူကိုင်သူတွေနဲ့ဆိုတော့ သူ အနေခက်မှာ"

"မင်းပြောတာ ဟုတ်တယ်၊ မင်းအိမ်မှာပဲ ထားလိုက် မြင့်မောင်"

"အိမ်မှာ 'အတာ' ရှိနေတော့ မောင်အောင်မင်းထိုက် အတွက်လည်း အဖော်ရတာပေါ့"

ကားဟွန်းသံ ဆက်တိုက်ပေးလိုက်သောအခါ ခြံကျယ်ကြီးထဲမှ အမျိုးသမီးတစ်ဦး ထွက်လာသည်။

"ဒါ ကြီးငွေရဲ့တူလေ၊ အိမ်မှာတည်းဖို့ ခေါ်သွား၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်နဲ့ လိုက်သွား မောင်အောင်မင်းထိုက်”

ဦးလေးကြီးငွေကလည်း စိတ်ချလက်ချ ထည့်လိုက်သလို သူကလည်း ပိတောက်ပင်တွေ ပြည့်နှက်နေပုံကို စိတ်ဝင်စားသည် မို့ မငြင်းဘဲ လိုက်ခဲ့သည်။

“ပစ္စည်းတွေပေး သား”

“ရပါတယ် ဒေါ်ဒေါ်”

ပစ္စည်းတွေကို အလုအယက်ယူသောလက်များကို ကြည့်ခြင်းအားဖြင့် စောစောက အပင်တွေကို ရေဖျန်းသူ မဖြစ်နိုင်မှန်းကို သတိထားမိ၏။

ဦးမြင့်မောင်၏ အမျိုးသမီးလက်က ခြောက်သွေ့နေပြီး ပိတောက်ရွက်တို့၏ ရေစွတ်စိုမှုမှာ လတ်လတ်ဆတ်ဆတ်ပင် ရှိသေး၏။

“လွတ်လွတ်လပ်လပ် နေနော်၊ အပေါ်မှာ မင်းအတွက် နေရာပြင်လိုက်ဦးမယ်”

နှစ်ထပ်အိမ်အောက်သို့အဝင်မှာတော့ အိမ်၏ကြီးကျယ်ခန့်ညားမှုကို မြင်တွေ့ရ၏။ လူတစ်ဖက်စာလောက်ရှိသော ကျွန်းတိုင်လုံးများဖြင့် ဆောက်ထားသည့် အိမ်ကြီး။

“ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ခြံထဲကို ကျွန်တော် ခဏလျှောက်ကြည့်ဦးမယ် ဒေါ်ဒေါ်”

“အေးလေ လျှောက်ကြည့် ပန်းပင်တွေကတော့ စုံတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေအားလုံး အတာ့လက်ရာတွေလေ”

'အတာ' ဆိုသောအမည်ကို ဒုတိယမြောက်ကြားရသော အခါ စိတ်ဝင်တစားဖြစ်သွားခဲ့သည်။

ပိတောက်ပင်အိုကြီးအောက်ခြေတွင် ရိုက်ထားသော ခုံတန်းပေါ်၌ ခြေပစ်လက်ပစ် ထိုင်ချဖြစ်သည်။

'သာယာလိုက်တာ၊ နေချင်စဖွယ်ဖြစ်အောင် ပြုပြင်ထား လိုက်တာ' . . . ဟု ရေရွတ်ရင်း အမောဖြေမိသည်။

စောစောက လှမ်းမြင်တွေ့ရသော ပိတောက်ပင်ပျိုတို့မှာ ညီညာစွာဖြင့် စိုက်ထားခြင်းဖြစ်ဟန်တူသည်။ ပိတောက်ပင်တို့ ကြား၌ ဖြောင့်တန်းသော လမ်းကလေးလည်း ရှိ၏။

အပြာရောင်စက္ကူပန်းရုံအောက်သို့ ရောက်သွားချိန်မှာ တော့ 'အတာ' ဆိုသူကို ရှာဖွေမိသည်။

ပိတောက်ပင်အကွယ်တစ်ခုခုမှာ 'အတာ' ရှိနေမည်လား။

'အတာ' သည် သူနှင့်သိကျွမ်းခြင်း မရှိသောကြောင့် ပုန်း ကွယ်နောက်ပြောင်တာမျိုးလုပ်မည် မဟုတ်ပေ။

ခြံတစ်ခုလုံးမှာလည်း သစ်ရွက်ခြောက်များ ရှင်းနေ၏။

ခြံထောင့်စွန်းနားဆီမှ ဥသြသံကို နားစွင့်ရင်းကပင် နှစ် မျောသာယာနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အားလုံးပြင်ပြီးပြီ မင်း ခဏနားရင် နားလေ၊ ပြီးမှ ရေမိုးချိုး ထမင်းစားပေါ့"

သူနေရမည့်အခန်းကိုလည်း အတော်လေး သပ်ရပ်စွာ ပြင်ပေးထားသည်။ ခရီးပန်းလာသည်မို့ အိပ်ရာပေါ် လှဲလိုက်သည်နှင့် အိပ်ပျော်သွားခဲ့သည်။ သူပြန်နိုးလာတော့ နာရီဝက်စွန်းစွန်းမျှ အိပ်မောကျသွားမှန်းကို သတိထားဖြစ်သည်။

"ကြည့်စမ်း . . . စောစောက ဒီစားပွဲပေါ်မှာ ဒီပန်းအိုး မရှိပါဘူး"

သူ့အိပ်ရာဘေး စာကြည့်စားပွဲပေါ်မှ ပိန်းပန်းရောင်စုံ ထိုးထားသော ပန်းအိုးကို ကြည့်ရင်း ရေရွတ်လိုက်မိသည်။

အခန်းတွင်းမှာပင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စဉ်းစားကြည့်သည်။ သူ အိပ်ပျော်နေတုန်း လာထားသွားတာပဲ ဖြစ်ရမည်။

"မောင်အောင်မင်းထိုက်ရေ စိတ်လန်းသွားအောင် ရေချိုးရင် ချိုးလိုက်ပါလား"

သူ့ခြေသံတွေကြောင့်ပင် အောက်မှလှမ်းပြောလိုက်၏။

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

သူ စဉ်းစားမိသည်။ ဒီပန်းအိုးကို လာထားသွားတာ ဒေါ်ဒေါ်တော့ လုံးဝမဖြစ်နိုင်။ 'အတာ' ပဲဖြစ်ရမည်ဟု တွေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအခန်းထဲမှာ ချိုးကွယ်၊ အားလုံးကို အဆင်သင့်ဖြစ်အောင် အတာ ပြင်ထားတာပဲ"

ရေချိုးခန်းကို ညွှန်ရင်း ပြောလိုက်သော ဒေါ်ဒေါ်စကားကြောင့်ပင် သူတွေးတာမှန်သွားခဲ့သည်။

'အတာ' ဆိုတာ ဘယ်သူလဲ။ စပ်စုချင်သော်လည်း နှုတ်မရဲသည်မို့ အသာနေလိုက်ရသည်။

ရေအေးအေးကို အားပါးတရဖြင့် စိမ်ချိုးလိုက်သည်။

ရေချိုးပြီးတော့ အိမ်ပေါ်ပြန်တက်လာခဲ့သည်။

"ဟာ . . . ဒီကိုယ်လုံးပေါ်မှန်နဲ့ ပစ္စည်းတွေက ငါ့အောက်ဆင်းတုန်း လာထားသွားတာပဲ၊ ပြီးတော့ ဒီအခန်းမှာလည်း စောစောက အဲယားဖရက်(ရှ်)နာ မဖျန်းထားပါဘူး"

ပိတောက်နံ့သင်းသင်းလေး ရနံ့ကတော့ စိတ်ကိုများစွာလန်းဆန်းသွားစေသည်။

'အတာ' ကတော့ လူမတွေ့ရခင်မှာပင် သူ့ကို စိတ်ဝင်စားစရာတွေဖြစ်အောင် တမင်ခြေရာချိန်ခဲ့လေသလား မသိ။

'အတာ' နှင့် မျက်နှာချင်းဆိုင်ချင်နေတာတော့ အမှန်ပင်။ 'အတာ' ဆိုသူမှာ လှပသော မိန်းကလေးတစ်ဦး ဖြစ်ရမည် . . . ဟု ရဲရဲကောက်ချက်ချလိုက်မိသည်။

www.burmeseclassic.com

# ၄

'အတာ' ဘယ်သူဘယ်ဝါဖြစ်မည်ကို စိတ်ကူးယဉ်ရင်းက ပင် အဝတ်အစား လဲလိုက်သည်။

သူတစ်ယောက်တည်း အိမ်ပေါ်မှာ ရှိနေသည်မို့ အောက် ထပ်မှ စကားပြောသံကို အတိုင်းသား ကြားရသည်။

"အတာရေ . . . ညှော့သည်ကို ထမင်းစားဖို့ သွားခေါ် လိုက်ပါကွယ်"

ဒေါ်ဒေါ့အသံဆုံးသည်နှင့် အခန်းတွင်းမှနေပြီး လှေကား ဆီသို့ ခြေသံဖွဖွနင်းပြီး သွားလိုက်သည်။

အတာ၏အသံကို မကြားရ။ သူ့ကို အမြင်မခံချင်သေး သည်က သေချာနေသည်။

ထမင်းစားခေါ်ရာမှာလည်း အပေါ်ထိ တက်မလာဘဲ



www.burmeseclassic.com

www.burmeseclassic.com



လှေကားတစ်ဝက်လောက်မှပင် လှမ်းပြီး အသံပြုပြီး လှည့်ထွက်သွားမည် . . . ဟု တွေးလိုက်သည်။

လှေကား၏ပထမထစ်ကို ဖွဖွလေးဆင်းလိုက်တော့ အောက်ဘက်ဆီမှ ခြေသံကြားရသည်။

ဒုတိယအဆင့်မှာ ဘာအရိပ်အရောင်မှ မတွေ့ရ။

သုံးထစ် . . . လေးထစ် . . . ငါးထစ်မြောက်အရောက်မှာတော့ သူ့ခြေလှမ်းတို့ တုံ့ဆိုင်းသွားရတော့သည်။

လှပက္ကန္ဒြေရလွန်းသော 'အတာ' ကို မျက်နှာချင်းဆိုင်ခွင့်ရပြီပဲ။

ရှောင်လွှဲ၍မရသော အနေအထားမို့ အတာလည်း ခြေစုံရပ်ကာ ကြောင်အမ်းအမ်းဖြစ်နေ၏။

အပြာပွင့်စိပ် အထက်အောက် ဝတ်ဆင်ထားမှု။

နက်မှောင်ရှည်လျားသော ဆံစများက အတာ့ခြေသလုံးနားအထိ ဖြန့်ကျဲနေ၏။

ရှက်ကိုးရှက်ကန်းဖြစ်နေသည့်ကြားက အရောင်လဲ့နေသော အတာ၏မျက်ဝန်းအစုံတို့ကြောင့်ပင် မှင်တက်မိသွားခဲ့၏။

"ထမင်းစားဖို့ အဆင်သင့်ဖြစ်နေပါပြီ"

"ကောင်းပါပြီ အတာ"

သူ့နှုတ်မှ အလိုက်သင့်ပင် ဖြေလိုက်သည်။

သူ့ရှေ့မှနေပြီး ရိုကျိုးသောအမူအရာဖြင့် အတာ ဆင်း



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

ရှက်ကြောက်မှုမှ ကင်းလွတ်ခွင့်ရစေရန် ပြုမူသွားသော အတာ့ခြေလှမ်းများနှင့် ကိုယ်နေဟန်တို့သည် သူ့ကို များစွာဖမ်းစားနိုင်လေ၏။

"အတာကလည်း ချော့သည်ကို သွားခေါ်တာ ကြာလိုက်တာ"

မိခင်ဖြစ်သူကတော့ အတာ့ကို မြည်တွန်တောက်တီး၏။

အတာကတော့ ဘာတစ်ခွန်းမှ ခွန်းတုံ့မပြန်ပေ။

ထမင်းဝိုင်းဆီသို့ အတာ အရင်ဝင်ရပ်သည်။

သူဝင်ထိုင်လိုက်တော့ အသင့်မှောက်ထားသော ကြွေပန်းကန်ကိုလှန်ပြီး ထမင်းခူးခပ်ပေး၏။

"မောင်အောင်မင်းထိုက်ရေ အားရပါးရ စားနော်၊ လိုတာရှိရင် မင်းအနားမှာ အတာရှိနေတယ်၊ ဒေါ်ဒေါ်ကတော့ အလှူအိမ်သွားဖို့ ရေမိုးချိုးလိုက်ဦးမယ်"

နှစ်ရှည်လများစွာက စိတ်ကူးယဉ် အိပ်မက်မက်ခဲ့ရသော မြတ်နိုးဖွယ်ရာ ခုံမင်ဖွယ်ရာများသည် အတာ့ထံမှာ အားလုံးရှိနေကြသည်။

ထမင်းဝိုင်းမှာတော့ သူနှင့်အတာ နှစ်ယောက်တည်းပင်။

သွေးတိုးစမ်းသည့်အနေဖြင့် စကားစကြည့်မိသည်။

"ကျွန်တော် တစ်ယောက်တည်းစားရတာထက် အတာပါ



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားရင် ထမင်းမြိန်မယ်ထင်တယ်”

သူပြောလိုက်သော်လည်း အတာထံမှ စကားသံထွက်မလာ။

အတာ့နှုတ်ခမ်းအစုံ၏လှုပ်မှုကို ငေးရင်းကပင် ဟင်းချိုခွက်ကို နှိုက်ပြီး တစ်ခွန်းခပ်သောက်လိုက်ရ၏။

အတာကတော့ တော်တော်လေးကို တည်တည်ငြိမ်ငြိမ် ရှိလှ၏။

ခင်ဦးလှိုင်နှင့်ကတော့ များစွာကွာပါ့ . . . ဟု ကောက်ချက်ချမိသည်။

အတာ့လိုမိန်းကလေးမျိုးထံ ချဉ်းကပ်ဖို့ ဘယ်လို နည်းလမ်းတွေ သုံးရမည်ကို သူ မတွေးတတ်။

ဣန္ဒြေရရနှင့် ရိုင်းပျမှု မရှိသော ပြောဆိုမှုမျိုးကို စဉ်းစားရင်းကပင် ဒုတိယအကြိမ်မြောက် စကားစကြည့်မိသည်။

“ကြက်သားဟင်းက စားလို့ကောင်းတယ်၊ အတာ့လက်ရာလား။ ပင်ပန်းလာတာနဲ့ တအားစားပစ်လိုက်တာ”

အရင်အကြိမ်တုန်းကလိုတော့ အတာမျက်လွှာချမထားပေ။ သူ့မျက်နှာကို အတာ အသေအချာကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



အတာ့၏လှုပ်ရှားမှုတွေကြောင့် တစ်မျိုးဖြစ်သွားပြီး ကြက်သားတုံးကို ယောင်ရမ်းကာ ကိုင်လိုက်မိသည်။

"အို . . . ခဏလေးနော်၊ လက်သုတ်ပဝါ မေ့နေလိုက်တာ"

လက်သုတ်ဖို့လက်သုတ်ပဝါကို အတာ သွားယူ၏။

အတာ ခြေလှမ်းအရွေ့ အတာ့၏အလှအပများကို တမေ့တမော သူခံစားနေမိသည်။

အတာ့၏ စကားသံကို ပထမဆုံး ကြားရခြင်းဖြစ်၏။

လှပသော မိန်းကလေးတစ်ယောက်သည် စကားပြောသည့် နေရာမှာလည်း ချိုသာသော ဂီတသံနှယ် ဆွဲဆောင်စေတတ်ပါသလား။

BURMESE CLASSIC .com

အတာပေးသော လက်သုတ်ပဝါကို သူလှမ်းယူပြီး သုတ်လိုက်၏။

ပြီးမှ . . . ဇွန်းခက်ရင်းကို ပြန်ကိုင်လိုက်သည်။

တကယ်တမ်းမှာတော့ ထမင်းစားသောက်နေရသည်ထက် အတာနှင့်စကားပြောချင်စိတ်က ပိုများနေ၏။

တတိယအကြိမ်အဖြစ် သူ ထပ်မံကြိုးစားကြည့်မိသည်။

"ပိတောက်ပင်တွေကို ရေဖျန်းတာ အတာလား"

သူမေးသော စကားတွေက ယုတ္တိဆက်စပ်မှုရှိပြီး မရိုင်းပျဟု ယုံကြည်သည်။

အတာ့အနေနှင့်လည်း ဒီလောက်တော့ သူ့အပေါ် စကား



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောနိုင်ကောင်းသည်ဟု တွေး၏။

သူ့ပါးစပ်အလှုပ်ကို မျက်တောင်မခတ် အတာကြည့်နေခြင်းကြောင့် နေရထိုင်ရခက်သွား၏။

မပြောမဆိုဖြင့် သူ့အနားဆီသို့ ရုတ်တရက်တိုးကပ်လာခြင်းကြောင့် စိတ်ထင့်သွားရပြန်သည်။

သောက်ရေ ဖန်ခွက်ထဲသို့ ရေထည့်ပေးပြီး မူလနေရာသို့ ပြန်ရပ်နေသောအခါမှ အသက်ရှူချောင်သွားတော့၏။

"ဟော . . . ထမင်းတောင် စားနေပြီပဲ"

ဦးမြမောင် ရောက်ရှိလာခြင်းကပင် သူ့အတွက်ရော၊ အတာ့အတွက်ပါ စိတ်သက်သာရာရသွားသလို ဖြစ်ခဲ့၏။

အတာသည် သူ့ဖခင်ဖြစ်သူနားသို့ တိုးကပ်သွားပြီး တစ်စုံတရာ မေးပြောဟန်တူသည်။ ဦးမြမောင်က ခြေရိုပ်လက်ရိပ်နှင့် အတူ အတာ့ကို တီးတိုးပြန်ပြောသည်။

သူ မသိစေချင်သော အကြောင်းအရာ ဖြစ်ဟန်တူရဲ့ . . . ဟု သဘောထားပြီး မသိချင်ဟန်ဆောင်နေလိုက်သည်။

"ဝပြီလား မောင်အောင်မင်းထိုက်"

"နှစ်ပန်းကန်တောင် စားပစ်လိုက်တာ၊ ဗိုက်တောင် အတော်တင်းသွားပြီ"

"ကဲ . . . အတာရေ ရေနွေးကြမ်းနဲ့ အချိုပွဲလေး ယူလာပေးပါဦး"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဦးမြမောင် ခိုင်းစေမှုကြောင့်ပင် ထမင်းဝိုင်းမှ အတာ ဖယ်ခွာသွားသည်။

အတာ့အကြောင်းကို နည်းနည်းတီးခေါက်ကြည့်မိလိုက် သည်။

သူ့အနေဖြင့်လည်း မရိုင်းသော မေးခွန်းမျိုး . . . ဟု ယူဆပြီး မေးလိုက်ခြင်းဖြစ်၏။

"မောင်အောင်မင်းထိုက် အသက်ဘယ်လောက် ရှိပြီလဲ"

"နှစ်ဆယ့်နှစ်ပါ ဦးလေး"

"သြော် . . . ဒါဆိုရင် အတာ့ထက် နှစ်နှစ်တောင် ငယ် တာပဲ၊ အတာ့အကြောင်းတော့ မင်းသိထားဖို့ လိုမယ်ထင်တယ် မောင်အောင်မင်းထိုက်"

ဦးမြမောင်စကားကြောင့်ပင် စိတ်ဝင်စားသွားရသည်။

"ဘာအကြောင်းမို့လဲ ဦးလေး"

"တခြားမဟုတ်ပါဘူး၊ အတာက အကြားအာရုံချို့တဲ့နေ တာကွဲ့၊ ရိုင်းရိုင်းပြောရရင်တော့ နားပင်းနေတဲ့ မိန်းကလေးပေ့ါ၊ ဒီအကြောင်းကို မင်းသိအောင်ပြောပြဖို့ စောစောက အတာကပ် ပြောတာလေ၊ မင်းပြောတဲ့ စကားတွေကို သူ အလုံးစုံ ကြားနိုင်၊ သိနိုင်မှာ မဟုတ်ဘူး မောင်အောင်မင်းထိုက်"

"သြော် . . . ဟုတ်လား"

သူက စကားပြောချင်နေပေမယ့် သူပြောသမျှစကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို အတာက ကြားနိုင်စွမ်းမရှိခဲ့။

ဒါကြောင့်ပင် သူ့ပါးစပ်အလှုပ်ကို အတာစိုက်ကြည့်နေခဲ့ခြင်းပဲ။

ထမင်းဝိုင်းသို့ အတာပြန်ရောက်လာသည်။ အတာ့အဖြစ်ကြောင့်ပင် ကရုဏာသက်စွာဖြင့် ကြည့်ဖြစ်သည်။

"ဦးလေးတို့ မောင်အောင်မင်းထိုက်တို့က စိမ်းကြတဲ့လူတွေတော့ မဟုတ်ဘူး၊ ကြီးငွေရဲ့မိန်းမ မြနှစ်က ဦးလေးရဲ့ ညီမအရင်းလေ"

"ဟုတ်လား"

ဦးမြမောင်နှင့် စကားပြောနေရပေမယ့် သူ့စိတ်ထဲမှာ တော့ အတာ့အဖြစ်ကို စိတ်မကောင်းဖြစ်နေမိသည်။

လှပပြီး ကောင်းခြင်းများစွာနှင့် ပြည့်စုံနေသော မိန်းကလေးမိုးကျမှ ကံကြမ္မာက ချို့တဲ့မှုတစ်ခုကို ပေးစွမ်းသည်တဲ့လား။

အတာ့အပေါ် ကရုဏာဖြစ်ပြီး အတာ့အပေါ် တွယ်တာမိခြင်းများကတော့ သူ့ရင်မှာ အထင်ကရအဖြစ် တွယ်ငြိလေ။

www.burmeseclassic.com

www.burmeseclassic.com

# ၁

မနက်ခင်းအိပ်ရာထခြင်းသည် ကြည်နူးစရာများစွာနှင့် ပြည့်နှက်လို့နေ၏။ အိပ်ရာနံဘေး စာကြည့်စားပွဲပေါ်က ပန်းအိုးထဲမှာ ပိတောက်တို့က နေရာယူထား၏။ မနေ့က ပိန်းပန်းများကို အတာကိုယ်တိုင် အသစ်လဲလိုက်ပုံရသည်။

ပြီးတော့လည်း သူ့အိပ်ရာထခြင်းအတွက်လည်း အားလုံး အဆင်သင့်ဖြစ်အောင် ပစ္စည်းပစ္စယတွေ လာထားပေး၏။

အတာ့၏ အလိုက်သိတတ်မှုပါပဲလေ။

ပြတင်းပေါက်မှနေ၍ပင် မျက်နှာသစ်လိုက်ရသည်။

အပြင်ကို လှမ်းကြည့်လိုက်တော့ ပိတောက်ပင်ပျိုတို့မှာ ကြိုကြားအပွင့်တွေ ပွင့်နေကြ၏။

အတာတစ်ယောက် ပိတောက်ပင်ပျိုတွေကို ရေဖျန်းနေပါ



www.burmeseclassic.com

www.burmeseclassic.com



လား။

အဝတ်အစားလဲပြီး အတာရှိရာသို့ ထွက်လာသည်။

အတာမကြားရအောင် ခြေသံလုံအောင် နင်းလျှောက်မိသည်။

ရေဖျန်းသံနှင့် ရောထွေးပြီး သူ့အနားရောက်လာတာကို အတာမသိနိုင် . . . ဟု ထင်ထားခဲ့သည်။

အတာပျော်သွားအောင် မလန့်တလန့်လေးဖြစ်အောင် စကြည့်မိ . . . မည်ဟု စိတ်ကူးလိုက်သည်။

"နိုးလာပြီလား ကိုအောင်မင်းထိုက်"

သူ့အနားရောက်သည်နှင့် ရေဖျန်းခြင်းကို ရပ်လိုက်ပြီး လှည့်မကြည့်ဘဲ အတာဆိုလိုက်သည်။

သူ့အဖို့တော့ အတာကြိုသိနေခြင်းကို အံ့သြသွားရသည်။

"ကျွန်တော် အနားရောက်လာတာကို ဘယ်လိုလုပ်ပြီး အတာ သိလဲဟင်"

နှုတ်မှ အလျှင်စလို ပြောလိုက်မိသည်။ မှားသွားပြန်ပြီ . . . ဟု ချက်ချင်းသိလိုက်သည်။

ခေါင်းထဲသို့ အတွေးတစ်ခုဝင်လာပြီး သဲမြေပေါ်တွင် စောစောက ပြောဖြစ်ခဲ့သော စကားကို ကောက်ခါငင်ခါ ရေးပြလိုက်ရ၏။

သူရေးပြသော စာလုံးများကို လိုက်ကြည့်ပြီး စာကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အဆုံးမသတ်ခင်မှာပင် လှလှပပ အတာ ရယ်၏။

"အော် . . . ဒါလား . . . ဒီအိမ်မှာ ခေါင်းလိမ်းဆီတို့ ဘော်ဒီစပရေတို့ သုံးတဲ့လူမှ မရှိဘဲ၊ ခြေသံမကြားရပေမယ့် အတာ အနံ့ ရတာပေါ့"

"အတာက တော်တယ်"

သူပြောသည်ကို နားလည်သလိုလိုနှင့် အတာ ခေါင်းညိတ်ပြ၏။

သူကတော့ ထိုင်ရာမှ မထသေး။ အတာကလည်း သူ့အနားမှာ ထိုင်နေဆဲပင်။ စိတ်ထဲမှာ အရမ်းပြောပြချင်လွန်းလို့ အရဲစွန့်ပြီး သဲမြေပေါ်မှာ ရေးပြမိသည်။

"စိတ်မဆိုးနဲ့နော် အတာ၊ ကျွန်တော်တွေ့ဖူးသမျှတွေထဲမှာ အတာက အလှဆုံးပဲ"

သူရေးပြပြီး ပြုံးတုံ့တုံ့လုပ်နေပုံကိုကြည့်ကာ အတာ ရယ်သည်။ အတာရယ်ပုံက သူ့အမြင်မှာ ပကတိလှပနေသည်ပဲ။

"ဒီလိုပဲ ပြောတတ်ကြပါတယ်၊ ကဲပါ . . . ဒါတွေထားလိုက်ပါတော့၊ မနက်စာ အဆာပြေစားဖို့ ပြင်ထားပြီးပြီ၊ စားပြီးရင် အလှူအိမ်သွားကြတာပေါ့"

တကယ်တမ်းကျတော့ အတာက အလိမ္မာရှိသူပင်။

အတာခေါ်ရာနောက်သို့ လိုက်ခဲ့ရပြန်၏။

ထမင်းစားစားပွဲသို့ ရောက်သောအခါ အဆာပြေထမင်း



www.burmeseclassic.com

www.burmeseclassic.com



ကျော်နှင့် ကြက်သားကြော်က အသင့်ဖြစ်နေ၏။

သူကြိုးစားပြီး လက်ဟန်ခြေဟန်နှင့်ရောကာ အတာ့ကို အတူဝင်စားဖို့ ဖိတ်ခေါ်လိုက်သည်။

"အတာ . . . ကျွန်တော်နဲ့ အတူစားပါလား"

သူ့ပါးစပ်အလှုပ် လက်ဟန်ခြေဟန်ကို ကြည့်ပြီး အတာ နားလည်သွားပုံရသည်။

"အတာ စားပြီးပြီ ကိုအောင်မင်းထိုက်တစ်ယောက်တည်း ဖြစ်နေမှာစိုးရင် အတာ ကော်ဖီ ကူသောက်ပေးမယ်"

သူကျေနပ်ကြောင်းကို ခေါင်းညိတ်ပြလိုက်သည်။

ခင်ဦးလှိုင်နှင့် ပြဿနာဖြစ်ပြီး တစ်နယ်တစ်ကျေးသို့ ထွက်လာခဲ့တာ သူ့အတွက်တော့ မှန်ကန်သွားပြီ။

အတာနှင့်ဆုံဆည်းရသည့်အတွက် အရာရာကို ကျေနပ် နေမိသည်။

သူ့အခန်းတွင်းသို့ အမြန်ဝင်ပြီး မသုံးရသေးသော ဒိုင်ယာ ရီစာအုပ်ကို ယူလိုက်သည်။

ဒီစာအုပ်လေးကို အသုံးချပြီး အတာနှင့် ပိုမိုအကျွမ်းတဝင် ဖြစ်အောင် ကြံဆောင်မည် . . . ဟု တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အတာကတော့ သူကိုင်ထားသော ဒိုင်ယာရီစာအုပ်လေးကို အမှုမဲ့အမှတ်မဲ့ ဖြစ်ကောင်းဖြစ်မည်။

သူပြောချင်သော စကားများကို ဒီစာအုပ်လေးထဲမှာ ရေးပြပါက သူနှင့်အတာတို့ ဆက်ဆံရေးမှာ ပိုမိုအဆင်ပြေပြီး အကျွမ်းတဝင်ဖြစ်လာမှာ သေချာသည်ပဲ။

အလျှုအိမ်သို့ ရောက်စမှာတော့ ပျော်သလိုလို ရှိသော်လည်း တစ်စစနှင့် ပျင်းလာမိသည်။ အားလုံးက သူ့အလုပ်နှင့်သူ ရှုပ်နေခြင်းကြောင့် သူ့ကို မေ့လျော့ထားသလို ဖြစ်နေ၏။

အမျိုးသမီးများနှင့် အလုပ်ဝိုင်းလုပ်ပေးနေသော အတာကလည်း တစ်ခါတစ်ရံမှာ သူ့ကို လှမ်းကြည့်ရုံကလွဲလို့ ဘာမှမစွမ်းနိုင်ခဲ့ပေ။

ကံကောင်းထောက်မသည်က သူ့ညီဝမ်းကွဲ ငွေတိုးရောက်လာခြင်းပဲဖြစ်၏။

"အစ်ကိုကြီး . . . ပျင်းနေပြီလား"

ငွေတိုးကတော့ ရန်ကုန်ကို လိုက်လာဖူးသောကြောင့် သူနှင့် မစိမ်းပေ။

"ဒီလိုပါပဲ၊ မင်းကတော့ မနက်ဖြန်ဆို ရဟန်းဖြစ်ပြီပေါ့ ဟုတ်လား၊ မင်းမိန်းမကရော မင်းကို ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပေးရဲ့လား"

သူကတော့ ဘာရယ်မဟုတ် အပြောင်အပျက် ပြောမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ခွင့်ပြုတာ ဟိုဘက်ကမ်းတောင် လွန်နေသေးတာ၊ ကျွန်တော်က သင်္ကြန်တိုင်းမှာ မူးနေကျပဲ၊ အခုတောင် ထန်းတောထဲ သွားမလို့ အစ်ကိုကြီး လိုက်မလား"

ဦးလေးသား ငွေတိုးကတော့ သူ့ကို အဖော်ညှိနေ၏။

ခေါင်းထဲမှာ အတွေးဝင်လာသည်ကို ငွေတိုးကို စပ်စုလိုက်မိသည်။

"မလိုက်တော့ဘူး ငွေတိုး၊ ဒါပေမဲ့ မင်းကိုငါ နည်းနည်းမေးစရာရှိတယ်"

ငွေတိုးကို ကပ်ပြောပြီး လူရှင်းရာသစ်ရိပ်အောက်သို့ ခေါ်ထုတ်သွားသည်။

ငွေတိုးကလည်း သူသိချင်နေသောအရာကို ကြိုသိနေလား မပြောတတ်ပေ။

"ဘာလဲ ဒီနားခေါ်လာတာ လူတွေကြားမှာစိုးလို့ မဟုတ်လား၊ အစ်ကိုကြီး သိချင်တာက အတာ့အကြောင်း မဟုတ်လား"

ပွင့်လင်းသော ငွေတိုးကြောင့်ပင် သူ အားတက်သွားရသည်။ သူနှင့်ငွေတိုးတို့ ညီအစ်ကိုဝမ်းကွဲတော်သလို၊ ငွေတိုးနှင့် အတာတို့ကလည်း မောင်နှမဝမ်းကွဲတော်ကြသည်ပဲ။

"ဟုတ်တယ် ငွေတိုး၊ မင်းနဲ့က ရင်းနှီးနေတော့ ငါ မရှက်တမ်း ပြောရတော့မှာပဲ၊ ငါ အတာ့ကို မြင်မြင်ချင်းမှာပဲ စိတ်ဝင်စား



www.burmeseclassic.com

www.burmeseclassic.com



မိတယ်”

“ဒါ အဆန်းလား၊ အတာက ချောနေလှနေတော့ အစ်ကိုကြီး ချစ်မိတာ မဆန်းဘူး၊ နဖူးစာရွာလည်တယ်ဆိုတာ ဒါပဲ အစ်ကိုကြီး”

“မင်းက ရမ်းသဘောမတူနဲ့ဦး၊ အတာ့မှာ ချစ်သူတွေဘာတွေရော ရှိလား”

“မရှိဘူး အစ်ကိုကြီး၊ ဒီရွာကကောင်တွေရော မြို့ပေါ်ကကောင်တွေပါ ငွေတိုးနဲ့ ငွေစိုးကို လန့်ပြီး အတာ့နားကို ကပ်ရဲကြတာ မဟုတ်ဘူး၊ ရန်ကုန်မပြန်ခင် အဆင်ပြေအောင်သာလုပ် အစ်ကိုကြီး၊ အတာကလည်း အစ်ကိုကြီးကို ငြင်းမယ် မထင်ပါဘူး”

ငွေတိုးစကားကြောင့် တော်တော်လေး အားတက်သွားမိသည်။

သူ့အနေနှင့် အတာ့ကိုယ်ရေးကိုယ်တာတွေကို သိလိုက်ရသည့်အတွက် လိပ်ပြာသန့်သွားရသည်။ အတာ့ကိုတော့ တရားနည်းလမ်းကျစွာ ပိုင်ဆိုင်ဖို့ သူ့ အခွင့်အရေးတွေရပြီပဲ။

“အဲလိုလုပ် ငွေတိုးရာ၊ မင်းခေါ်တဲ့ ထန်းတောကိုတော့ ငါမလိုက်ချင်ဘူး၊ ဒီမှာ ဒီအတိုင်းကြီး တစ်ယောက်တည်းနေရတာကလည်း ပျင်းတယ်”

“အစ်ကိုကြီးက အတာနဲ့ နှစ်ယောက်တည်း စကားတွေပြောချင်နေတာ မဟုတ်လား၊ ငွေတိုး ကူညီရမှာပေ့ါ အခုချက်ချင်းပဲ

www.burmeseclassic.com

www.burmeseclassic.com



ဒီနားက ဘုရားတွေကို လိုက်ပို့ပေးဖို့ အတာ့ကို သွားပြောလိုက် မယ်၊ အစ်ကိုကြီးကတော့ ဘုရားလည်းဖူး လိပ်ဥလည်း ရအောင်တူး ပေါ့ . . . ဟုတ်ပြီလား”

ကျေးလက်စရိုက်ဆန်စွာဖြင့် ငွေတိုးစကားတွေက ပွင့်လင်းလွန်းသည်။

ပြောပြောဆိုဆိုပင် အတာ့အနားသို့ ငွေတိုး သွားသည်။

လက်ဟန်ခြေဟန်တွေဖြင့် အတာ့ကို ငွေတိုး ပြောပြနေသည်။

လုပ်လက်စအလုပ်များကို လက်စသတ်လိုက်ပြီး သူ့ရှိရာသို့ အတာလျှောက်လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# ၆

အတာကတော့ နယ်မြေကျွမ်းကျင်သူမို့ ထင်ရှားသော နေရာများကို လိုက်ပို့ပေးသည်။

ပထမဦးဆုံး စလူမြောင်ဆရာတော်ကျောင်းကို အရင်ဝင် ဖြစ်ကြသည်။

"ဆရာတော်ကြီးကတော့ ပျံလွန်တော်မူသွားပြီ ကိုအောင် မင်းထိုက်၊ သက်ရှိထင်ရှားရှိစဉ်အခါတုန်းကတော့ အရပ်ဒေသ အသီးသီးက လာရောက်ဖူးမြော်ကြတဲ့လူတွေနဲ့ အမြဲစည်ကားနေခဲ့ တာလေ၊ ကရင်ပြည်နယ်က သာမညတောင်ဆရာတော်ဘုရားကြီး လိုပဲ အထင်ကရ ဆရာတော်တစ်ပါးပဲ"

ကျောင်းပရဝုဏ်ကို လှည့်လည်ကြည့်ရှုရင်းကပင် အတာက ဆရာတော်အကြောင်းကို ရှင်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူယူလာခဲ့သော စာအုပ်လေးကတော့ ဒီအတိုင်းပင် ရှိနေသေး၏။

စလူမြောင်မှ ပြန်ထွက်လာပြီး ကျောက်ဖြူတောင်ဘုရားသို့ စက်ဘီးကိုယ်စီဖြင့် ထွက်လာကြပြန်၏။

လမ်းခရီးမှာပင် စက်ဘီးယှဉ်နင်းရင်း အတာ ပြောပြန်သည်။

"ဒီအရပ်ဒေသမှာတော့ ကျောက်ဖြူတောင် ဘုရားပွဲရယ်၊ တောင်သုံးလုံးဘုရားပွဲရယ်၊ စည်စည်ကားကား ကျင်းပကြတာလေ၊ တောင်သုံးလုံးကိုကတော့ နည်းနည်းလှမ်းလို့ လိုက်မပို့တော့ဘူး"

အတာနှင့်သူကတော့ အတော်လေးကို ရင်းရင်းနှီးနှီး ဖြစ်ခဲ့ကြပြီပဲ။

စလူမြောင်တုန်းကတော့ အဝင်ဝမှာပင် ဖိနပ်တွေ ချွတ်ထားခဲ့၍ သတိမထားဖြစ်လိုက်ပေ။

ဘုရားရင်ပြင်တော်ပေါ်သို့ အတက်မှာတော့ သူ ဖိနပ်ချွတ်လိုက်စဉ်မှာပင် သူ့ဖိနပ်ကို အတာက တောင်းယူတော့၏။

"ကိုအောင်မင်းထိုက်ရဲ့ ဖိနပ်ကိုပေးလေ၊ အတာပေါင်းပြီး ကိုင်လာခဲ့မယ်"

"ရတယ် အတာ"

"မဟုတ်တာဘဲ၊ အတာကိုင်ပေးရမှာပေါ့"

သူက ငြင်းသော်လည်း အတာက အတင်းယူနေတော့



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်စွာပင် ပေးလိုက်ရ၏။

အတာ၏ အလိုက်သိတတ်မှုတွေကြောင့်ပင် ကြည်နူးနေဖြစ်သည်လေ။

အတာ့လိုသာ ခင်ဦးလှိုင်က အလိုက်သိတတ်ပြီး သိမ်မွေ့ခဲ့ပါက ဒီအရပ်ဒေသကို သူရောက်လာစရာ အကြောင်းမရှိပေ။

ပြီးတော့ အတာနှင့်လည်း ဆုံဆည်းဖြစ်မည်မထင်ပေ။

ဘုရားဈေးတန်းမှ ပန်းနှင့်ဆီမီးတို့ကိုဝယ်ပြီး ဘုရားဝတ်ပြုကြသည်။

သူကတော့ ဝတ်ကျေတန်းကျေမျိုး ဘုရားဝတ်ပြု၏။

သူ ဝတ်ပြုလို့ပြီးသော်လည်း အတာကတော့ ဘုရားကိုအာရုံပြုဆဲပင်။

အတာ ဘုရားဝတ်ပြုသည်ကို စောင့်ဆိုင်းရင်းကပင် ဒိုင်ယာရီစာအုပ်လေး၏ ပထမစာမျက်နှာကို စတင်ရေးလိုက်မိသည်။

စရေးဖြစ်သည့်နေ့စွဲကိုလည်း မှတ်သားထားလိုက်မိ၏။

“အတာ . . . ဒီစာအုပ်လေးက အတာနဲ့ကျွန်တော်တို့ရဲ့ ဆုံဆည်းမှုသင်္ကေတတစ်ခုဆိုလည်း ဟုတ်တယ်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာတွေကို အတာ အလုံးစုံမကြားနိုင်ပေမယ့် အတာ သိအောင် ကူညီပေးမယ့် ကြားခံအမှတ်တရစာစ်ခုပဲပေါ့ အတာ”

ဘုရားဝတ်ပြုပြီးသော အတာ့လက်ထဲသို့ စာအုပ်လေး ထည့်ပေးပြီး ဖတ်စေလိုက်၏။ သူရေးထားသည်များကို အတာ ဖတ်ကြည့်ပြီး . . .

“ဟုတ်တယ်၊ အကြားအာရုံရှို့ယွင်းမှုဟာ လူမှုဆက်ဆံရေး မှာတော့ အနှောင့်အယှက်ကြီးတစ်ခုလိုပဲ၊ ကိုအောင်မင်းထိုက်က စိတ်ကူးကောင်းသားပဲ၊ အတာတောင် ဒီလိုမျိုး စိတ်မကူးမိဘူး”

အတာ့လက်ထဲမှ စာအုပ်ကို ပြန်ယူပြီး သူထပ်ရေးပြလိုက် သည်။

“အတာတို့ရွာကိုရောက်ကတည်းက အတာတို့အိမ်မှာ တည်းရမှန်းမသိခင်ကတည်းက ပိတောက်ပင်ပျိုတွေပြည့်နှက်စီ တန်းနေတာကို စိတ်ဝင်စားခဲ့တာ၊ အတာက ပိတောက်ကို ချစ်လို့ လား”

အတာကတော့ ကလေးငယ်တစ်ဦးလို သူရေးသမျှကို ပြုံး ပြုံးလေး လိုက်ဖတ်နေ၏။

“ဟုတ်တယ် ကိုအောင်မင်းထိုက်၊ အတာက ပိတောက်ကို ချစ်သလို၊ ပိတောက်တွေ လှိုင်အောင် ပွင့်လေ့ပွင့်ထရှိတဲ့ သင်္ကြန်ကို အမြဲမျှော်နေတတ်တဲ့သူ၊ အတာ့ကို သင်္ကြန်မှာပဲ မွေးတာလေ၊ အတာ့ဘဝ အိပ်မက်တွေ ဖြစ်စဉ်တွေအားလုံးဟာ ပိတောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သကြာန်တို့နဲ့အတူတူ တစ်သွေးတည်းတစ်သားတည်းပဲလေ”

အတာနှင့်အခုမှပင် စကားတွေ အများကြီး ပြောဖြစ်တော့သည်။

“ကျွန်တော်ကလည်း သကြာန်နဲ့ ပိတောက်ပန်းကို ချစ်တဲ့သူပဲ၊ တစ်နှစ်တစ်ခါ သကြာန်နဲ့ ပိတောက်ကို မျှော်နေတတ်တယ်၊ ကျွန်တော့်ဘဝမှာ အကြိုက်ဆုံး အမြတ်နိုးဆုံးပန်းကလည်း ပိတောက်ပန်းပဲ”

အတာနှင့်စကားပြောရသည်မှာ အတော်လေးကို အပေးအယူတည့်နေ၏။

အတာကိုယ်တိုင်ကလည်း လှိုက်လှဲစွာပင် လွတ်လပ်စွာ ပြောဆိုလေသည်။

“ကိုအောင်မင်းထိုက် တောင်ပေါ်မှာ ပွင့်တတ်တဲ့ ချယ်ရီတွေကို မြင်ဖူးသလို၊ ချယ်ရီပန်းအကြောင်းလည်း ကြားဖူးမှာပေါ့၊ ဆရာကြီးမင်းသုဝဏ်ပဲ ထင်ပါတယ်၊ ချယ်ရီနဲ့ပတ်သက်ပြီး ဟိုက္ကူကဗျာတစ်ပုဒ် ရေးဖူးတယ်”

အတာပြောသလို ချယ်ရီပန်းကို မြင်ဖူးကြားဖူးသော်လည်း ဆရာမင်းသုဝဏ်၏ ကဗျာကိုတော့ သူ မဖတ်ဖူးပေ။

သူ မသိသည့်အကြောင်းကို ရိုးသားစွာပင် ဝန်ခံမိလိုက်၏။

“အဲဒီကဗျာကို မဖတ်ဖူးသလို၊ ဆရာကြီးပြောချင်တဲ့ အကြောင်းအရာကို ကျွန်တော် မသိရသေးတာ သေချာတယ်



www.burmeseclassic.com

www.burmeseclassic.com



အတာ၊ အဲဒီအကြောင်းကို အတာ ပြောပြပါလား"

ဒီလောက်လေးတောင် မသိရအောင်လား . . . ဟု အတာ အပြစ်မတင်။ ချယ်ရီနှင့် သက်ဆိုင်သော ကဗျာအကြောင်း ကို အတာပြောပြသည်။

"ကဗျာကိုတော့ အကုန်လုံး အတာမမှတ်မိလို့ မရွတ်ပြ တတ်ဘူး၊ ချယ်ရီနဲ့ပတ်သက်ပြီး သူရေးထားတာကို ပြောပြပါ့မယ်၊ ချယ်ရီတွေက တစ်နှစ်တစ်ခါ သူ့ရာသီရောက်မှ ဝေနေအောင်ပွင့် ကြတာ၊ ဒါပေမဲ့ အကြွေအရမ်းမြန်တာပဲ၊ ချယ်ရီတွေ ဒီလောက် မြန်မြန်ကြွေတတ်ကြတာက သူ့ကို အမှတ်တရနဲ့ လူတွေစောင့်စား ချင်လို့တဲ့လေ၊ ပိတောက်ကရော ဘာထူးသေးလို့လဲ၊ ဝေနေလိုင်နေ အောင် ပွင့်တတ်ပြီး မြေပေါ်မှာပဲ အကြွေမြန်ခဲ့တာပဲ မဟုတ်လား၊ ပိတောက်တွေကလည်း လူတွေ အမှတ်တရနဲ့ စောင့်စေချင်လို့ ချယ်ရီတွေလို ကြွေပြတာပဲ နေမှာပေါ့နော်"

"အတာက စိတ်ကူးယဉ်တတ်တယ်နော်"

"စိတ်ကူးမိတာပါ၊ ဒီနွေမှာ ပိတောက်တွေ ပွင့်သလိုပဲ၊ ငြိမ်းချမ်းစေဖို့ သင်္ကြန်ရေလောင်းကြတယ်၊ ဒီနွေမှာပဲ အတာတို့ တိုင်းပြည်ရဲ့ အရေးကြီးတဲ့ အဖြစ်အပျက်၊ အပြောင်းအလဲတွေက မှတ်မှတ်ရရဖြစ်ခဲ့တာပဲ မဟုတ်လား"

အတာ့စိတ်ကူးတွေကိုတော့ သူ လက်မြှောက်အရှုံးပေးရ တော့မည်ပဲ။ အတာက သူထင်ထားသည်ထက်ပင် တွေးခေါ်တတ်



www.burmeseclassic.com

သူလည်း ဖြစ်၏။

စကားတွေလက်စသတ်လိုက်ပြီး 'မိချောင်းတောင်' ဟု အမည်ရသော ဘုရားကုန်းတော်တစ်ခုဆီသို့ ခေါ်ဆောင်သွားခဲ့သည်။

မိချောင်းတောင်နှင့်ပတ်သက်သော ပါးစပ်ရာဇဝင်ကို အတာရှင်းပြသေး၏။

"ခြေရာတစ်တောင် မောင်မဲခေါင်ဆိုတာကို ကြားဖူးလား၊ ဒီကျောက်ထက်ပေါ်က ခြေရာက သူ့ခြေရာလို့ ပြောကြသလို၊ ရဟန္တာတစ်ပါးပါးရဲ့ ခြေရာလို့လည်း ပြောကြဆိုကြတယ် ကိုအောင်မင်းထိုက်"

အတာ၏ စူးစမ်းမှတ်သားတွေးခေါ်အားကို သူ ချီးကျူးမိသည်။

အတာနှင့်ယှဉ်လျှောက်ရင်းကပင် အတာ့မျက်နှာကို ငေးမောကြည့်မိသည်။

တန်ခူး၏အပူကြောင့်ပင် အတာ့နားသယ်စပ်ဆီမှာ ချွေးသီးချွေးပေါက်များ စီးကျနေ၏။

သူမနေနိုင်တော့ပေ။ အတာ့ကို ခွင့်တောင်းမနေတော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ခွေးစခွေးနများကို သူ့လက်ကိုင်ပုဝါဖြင့် သုတ်ပေးလိုက်၏။

"ခွေးစတွေ အရမ်းများနေလို့ အတာ၊ တော်ကြာ အတာ့ သနပ်ခါးတွေအားလုံး ပျက်ကုန်လိမ့်မယ်"

ညာဘက်နားသယ်စပ်ဆီသို့ ကူးပြောင်းပြီး သုတ်ပေးချိန်မှာတော့ အားနာစကား အတာပြော၏။

"အတာ့လက်ကိုင်ပဝါ ဘယ်မှာကျခဲ့မှန်း မသိဘူး၊ လက်ကိုင်ပဝါ အတာ့ကိုပေး၊ လျှော်ဖွတ်ပြီးမှ အတာ ပြန်ပေးမယ်"

"ကျွန်တော် မရှုံ့ဘာတ်ပါဘူး" . . . ဟု ပြောလိုက်ပြီး တယုတယ ခေါက်သိမ်းကာ အကျႌအိတ်ထဲသို့ ထည့်လိုက်မိသည်။

အတာကတော့ ဘယ်လိုနေမည် မသိ၊ ဒီလို ယုယလိုက်ရသော အဖြစ်အပျက်အတွက် များစွာကြည်နူးမိသည်။ သူ့ကြင်နာမှု အရိပ်အယောင်တွေကို အတာ ရိပ်စားမိပ့ါမလား။

လည်စရာပတ်စရာတွေပြီးလို့ အပြန်လမ်းမှာပင် အတာနှင့်ပတ်သက်ပြီး အထင်ကြီးစရာတစ်ခုကို ထပ်သိလိုက်ရပြန်၏။

"မမ . . . ဘုရားလာဖူးတာလား"

"ဒြေ့သည်ကို လိုက်ပို့တာကွယ်"

"ရွာကလူတွေ ဖတ်ဖို့ ငှားထားတဲ့ စာအုပ်တွေကို သကြ်န်ပြီးမှပဲ ပြန်လာပေးတော့မယ်နော်"

ပြောနေဆိုနေကျလူချင်းမို့ နားလည်လွယ်ကြသည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"အခုလောလောဆယ်မှာလည်း အလျှုံနဲ့သကြန်နဲ့ရောပြီး ခဏပိတ်ထားရတယ်လေ၊ ရပါတယ်ကွယ်"

အတာတို့ချင်း ပြောကြဆိုကြသော စကားတွေကြောင့်ပင် အမောပန်းဖြေရင်းက စပ်စုလိုက်မိ၏။

ဘာတွေရေးပြန်ပြီလဲ . . . ဟု အတာက အနားကပ်ပြီး ဖတ်၏။

"အတာက စာအုပ်အငှားဆိုင် ဖွင့်ထားတာလား"

"အင်း . . အငှားဆိုင်လို့ပြောလို့ရသလို ကိုယ်ပိုင်စာကြည့်တိုက်သေးသေးလေးဆိုလည်း ဟုတ်တယ်လေ၊ ခြံထောင့်မှာ ဖွင့်ထားတာ၊ အတာက စာဖတ်တာဝါသနာပါသလိုပဲ တခြားလူတွေကိုလည်း သုတ၊ ရသစာအုပ်တွေ ဖတ်စေချင်တဲ့သဘောပါပဲ၊ အဖိုးအခနည်းနည်းယူပြီး စာအုပ်တွေ မပျောက်ပျက်ဖို့ လုပ်ထားတာလေ"

ဒါတွေကြောင့်ပင် အတာတစ်ယောက် စိတ်ကူးကောင်းပြီး တွေးတတ်ခေါ်တတ်နေခြင်း . . . ဟု သူသဘောပေါက်သွား၏။ အတာ့အပေါ် အကြင်နာပိုမိခြင်းနှင့်တကွ လေးစားခြင်းတို့ပါ သူ့ရင်မှာ ကြီးစိုးနေလေ၏။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၄

သင်္ကြန်အကြိုနေ့မှာပင် ဦးလေးကြီးငွေတို့၏ အလှူက ပြီးဆုံးသွား၏။ ဦးလေးကြီးငွေ၊ ဦးမြမောင်နှင့် ငွေတိုးတို့လူစုတွေ အားလုံး သင်္ကန်းစီးကြ၏။ ဦးလေးကို ပြောဖြစ်ခဲ့သလို သူကတော့ သင်္ကန်းမစီးဖြစ်ပေ။

အတာတို့အိမ်မှာလည်း ဒေါ်ဒေါ်၊ အတာနှင့် သူတို့သုံးဦးသာ ရှိနေ၏။ အတာနှင့် ပိုရင်းနှီးခဲ့သလို အတာ့၏ဂရုစိုက်မှု၊ ကြင်နာတတ်မှုများကို သူ အနီးကပ်ခံစားခွင့်ရှိခဲ့သည်။

အတာ့စာကြည့်တိုက်ဆန်ဆန် အဆောက်အအုံလေးထဲကို သူ ဝင်မွှေပြီး စာအုပ်တွေ ဖတ်ဖြစ်ခဲ့သည်။

ခင်ဦးလှိုင်တစ်ယောက်ကတော့ ရန်ကုန်သင်္ကြန်မှာ အဖော်အပေါင်းတွေနှင့် ကဲချင်တိုင်း ကဲနေတော့မှာပဲ . . . ဟု သူ



www.burmeseclassic.com

www.burmeseclassic.com



တွေးနေမိသည်။

နယ်သကြ်န်၊ တောသဘာဝမို့ ရေပက်ဆော့ကစားခြင်းထက် အလှူအတန်းတွေအသံကိုသာ ကြားနေရ၏။

သကြ်န်အကျနေ့ဖြစ်ပြီး ကောင်းကင်သည် အုပ်မှိုင်းမှိုင်းဖြစ်နေ၏။ ဒီပုံစံဆိုရင်တော့ သကြ်န်လက်ဆေးမိုး ရွာနိုင်ကောင်း၏။

ပိတောက်တို့ လှိုင်နေအောင် ပွင့်တော့မည်ပဲလေ။

"ဗွမ်း"

"အမယ်လေး"

သူတစ်ယောက်တည်း အတွေးနယ်ချဲ့နေတုန်းမှာ အတာရုတ်တရက်ရောက်လာပြီး ရေလောင်းလိုက်သည်။

သူ အလန့်တကြားဖြစ်မိပြီး ရုပ်ပျက်ဆင်းပျက် အသံထွက်မိသွားသည်။

သူ့အဖြစ်အပျက်ကို ကြည့်ပြီး အတာ ပျာပျာသလဲ ဖြစ်သွားသည်။

"အတာရဲ့ မဆင်မခြင် လုပ်လိုက်မှုကြောင့် လန့်သွားလားဟင်၊ အတာ တောင်းပန်ပါတယ်"

တောင်းပန်စကားဆိုနေသော အတာ့ကို မျက်နှာချင်းဆိုင်လိုက်၏။

အတာ့လက်ထဲမှ ဖလားကို ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ကျန်ရေစက်တို့ဖြင့် အတာ့ကိုယ်ပေါ်သို့ လောင်းချလိုက်သည်။

“သင်္ကြန်ရေလောင်းတာပဲ အတာရယ်၊ တောင်းပန်စရာမှ မလိုတဲ့”

စောစောက ညှိုမှောင်သွားသော အတာ့မျက်နှာလေး ဝင်းပလာသည်။

အတာကြည်နူးသလို သူလည်း ကြည်နူးနေမိ၏။

သူရော အတာပါ အဝတ်အစားတွေ စိုကုန်သည်။

“အတာတို့ အဝတ်အစားတွေ ပြန်လဲရအောင်၊ ပြီးမှ စကားဆက်ပြောကြတာပေါ့၊ တစ်ယောက်နဲ့တစ်ယောက် ရေထပ် မလောင်းကြေးနော် ကိုအောင်မင်းထိုက်”

ငြိမ်းချမ်းရေးယူလိုက်သော အတာ့စကားကို ခေါင်းညိတ် သဘောတူပြလိုက်သည်။

သူ့ရှေ့မှထွက်သွားသောအတာ တစ်ကိုယ်လုံး ရွှဲနေ၏။

ရေစိုအဝတ်အစားများဖြင့် အတာ၏လှပမှုသည် သူ့ရင်ကို အခုန်မြန်စေသည်ပဲ။

သူနှင့်အတာတို့ ပိတောက်ပင်ကြီးမှာ ပြန်ဆုံချိန်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



မိုးမှုန်မိုးဖွဲလေးတွေ ကျလာတော့သည်။

"အိမ်ထဲပြန်ဝင်ကြမလား အတာ"

"တကယ်ရွာတာမှ မဟုတ်ဘဲ၊ ဒီအတိုင်းပဲ ထိုင်လိုက်ကြရအောင်"

မိုးမှုန်မိုးဖွဲလေးတွေမို့ ပိတောက်ပင်အိုကြီးက အကာကွယ်ပေးပြီးသား ဖြစ်နေ၏။

ပတ်ဝန်းကျင်၏ အုံ့မှိုင်းနေမှုကြောင့်ပင် အတာ့မျက်နှာအရောင်ပြောင်းလေသလားဟု ထင်မှတ်မိသည်။

သူ မနေနိုင်တော့ဘဲ စာအုပ်လေးကို ဖွင့်ပြီး ရေးပြလိုက်သည်။

"အတာ ဘာဖြစ်တာလဲ၊ ချက်ချင်းကြီး ဘာကြောင့် မျက်နှာညှိုးသွားရတာလဲ အတာ"

အတာက သက်ပြင်းမောချသည်။

အတာ့မျက်ဝန်းသည် ဝေဝေဝါးဝါး။

"ကိုအောင်မင်းထိုက်တို့အတွက်ကတော့ သကြ်န်နဲ့ ပိတောက်တွေက ပျော်ရွှင်မှုတွေပဲ ပေးမှာပါ၊ အတာအတွက်ကတော့ ပျော်ရွှင်မှုနဲ့ စိတ်မကောင်းစရာတွေက အတူတူဖြစ်စေတာပဲလေ"

သကြ်န်နှင့် ပိတောက်တို့သည် အတာ့ကို ဘယ်လိုများ စိတ်မချမ်းမသာ ဖြစ်စေသည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



သင်္ကြန်နှင့်ပတ်သက်ပြီး သူ မသိသေးသော အကြောင်းအရာတို့ ရှိလိမ့်မည်ထင်၏။

"အတာ့စကားက အဆန်းပဲ၊ ကျွန်တော် သိခွင့်မရှိဘူးလား ဟင်"

"အတာ ပြောပြချင်တယ်၊ အတာကတော့ သင်္ကြန်ကို အမြဲတမ်းပဲ အလန့်တကြားပဲ စောင့်နေခဲ့ရသူပါ၊ ကိုအောင်မင်းထိုက် နားလည်လိမ့်မယ်ထင်လို့ ပြောပြမှာပါ"

အတာ့စကားကို ခေါင်းညိတ်ပြလိုက်မိသည်။

ဝမ်းနည်းစရာဖြစ်လင့်ကစား အတာ ရင်ဖွင့်ခြင်းကို နားထောင်ပေးမှဖြစ်မည်။

"ဟိုခြံထောင့်က မီးကျွမ်းသလိုလို ဖြစ်နေတဲ့ သစ်ငုတ်တိုကြီးကို တွေ့လား၊ အဲဒါ ပိတောက်ငုတ်တိုကြီးပေါ့၊ သူ့ဘဝနဲ့ အတာ့ဘဝက ထူးမခြားနားပါပဲ"

သင်္ကြန်သည် အတာ့ဘဝကို ဘာတွေများ ချောက်ချားအောင် ဖန်တီးခဲ့ပါလိမ့်။

ဒဏ္ဍာရီတစ်ခုမဟုတ်သော မိန်းမလှလေးတစ်ယောက်၏ ရာဇဝင်သည် သင်္ကြန်နှင့် ပတ်သက်ပြီး စိတ်မချမ်းမြေ့စရာ ဖြစ်ခဲ့ပါသလားလေ။



www.burmeseclassic.com

www.burmeseclassic.com



‘အတာ’ ဆိုတဲ့ အမည်နာမကို ကြည့်ပြီး ဘယ်လမှာ မွေးခဲ့သလဲဆိုတာကို သိမှာပါ။ ပိတောက်တွေလှိုင်တဲ့ သင်္ကြန်ဟာ အတာ့အတွက် မင်္ဂလာရှိခြင်းလို့မှတ်ယူနိုင်ပေမယ့် . . . ။

‘အတာ’ ကို မွေးခဲ့တဲ့ ပထမဆုံး သင်္ကြန်ကတော့ ထွေထွေထူးထူး ထိခိုက်မှု မရှိခဲ့ပါဘူး။

ဖေဖေနဲ့မေမေတို့ အိမ်ထောင်ပြုခြင်းကို ဖေဖေ့မိဘတွေက လုံးဝသဘောမတူခဲ့ဘူး။ မေမေက ဆင်းရဲတော့ ငွေရေး ကြေးရေး အသာစီးရတဲ့ ဖေဖေ့အသိုင်းအဝိုင်းက အမွေပြတ်နီးပါး စွန့်ခဲ့ကြတယ်။

ပိတောက်နဲ့အတူ လူ့လောကထဲရောက်လာရတဲ့ အတာ့ကြောင့်ပဲ ဖေဖေတို့နှစ်ယောက် မိဘတွေနဲ့ ပြန်လည်သင့်မြတ်မှုရသွားခဲ့တယ်။ အတာ့အတွက်ရော၊ အတာ့မိဘဆွေမျိုးအသိုင်းအဝိုင်းအတွက်ပါ မင်္ဂလာရှိသော သင်္ကြန်ဖြစ်ခဲ့တယ်။

စောစောက ပြခဲ့တဲ့ပိတောက်ငုတ်တိုကြီးကို မြင်တယ် နော်။

အတာနဲ့အတူတူ မကောင်းဆိုးဝါးတွေရဲ့ တိုက်ခိုက်မှုကို ခံခဲ့ရတဲ့ ပိတောက်ပင်ကြီးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အတာ ဆယ်နှစ်သမီးမှာပါ။

သကြင်္န်ရောက်ခါနီးမှာပဲ ဖေဖေနဲ့မေမေတို့ စကားများကြတယ်။

နောက်ဆုံးမှာ အခြေအနေတင်းမာပြီး မေမေ အိမ်ပေါ်က ဆင်းသွားခဲ့တယ်။ အိမ်မှာ ဖေဖေနဲ့အတာပဲ ကျန်ရစ်ကြတာပေ့ါ။

သကြင်္န်အကျနေ့။ အခုလိုပဲ မိုးခပ်အုံ့အုံ့ရယ်။

ညနေစောင်းအချိန်မှာ ဧည့်သည်တစ်ယောက်နဲ့ ဖေဖေ အပြင်ထွက်သွားတယ်။ တော်တော်နဲ့ ပြန်မလာဘူး။ ဖေဖေတို့က အရက်သွားသောက်ကြတာကိုး။

အဲဒီအချိန်မှာပဲ ကောင်းကင်တစ်ခုလုံး မဲမှောင်ပြီး လျှပ်တွေလက်တယ်။ ကြောက်မက်ဖွယ်ကောင်းတဲ့ မုန်တိုင်းတစ်ခုလိုပဲ။ မိုးပေါက်ကျသံတွေက မကောင်းဆိုးဝါးတွေရဲ့ အော်သံတွေလိုပဲ။

အတာ့မျက်စိထဲကို အလင်းတန်းကြီး ဝင်လာပြီး၊ ပြင်းထန်တဲ့ ပေါက်ကွဲသံက စိတ်နဲ့ကိုယ်ကို တခြားစီဖြစ်သွားစေတယ်။

အတာ သတိပြန်ရတဲ့အချိန်မှာတော့ လူတွေရဲ့ပါးစပ်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



မှုတွေကိုသာ မြင်ရပြီး သူတို့ရဲ့ အသံတွေကို လုံးဝမကြားရတော့ဘူး။

တကယ်ဆို ပိတောက်ပင်ကြီးနဲ့ အတူတူ မိုးကြိုးထိမှန်ခြင်းကို ခံလိုက်ရဖို့ကောင်းတာ။ အခုတော့ မိုးကြိုးရဲ့ ပြင်းထန်တဲ့ စက်ကွင်းကြောင့်ပဲ အကြားအာရုံချို့ယွင်းတာ။

အတာရဲ့ ကျန်းမာရေးကြောင့်ပဲ ဖေဖေနဲ့မေမေတို့ ပြန်လည်သင့်မြတ်သွားကြတယ်။

သကြၤန်တစ်ခါရောက်တိုင်း ဘာတွေဖြစ်လာဦးမလဲလို့ ဘယ်သူမှ မသိအောင် အမြဲတမ်း အလန့်တကြား စိုးထိတ်ခဲ့တာ ကြာခဲ့ပြီ။

စိတ်အားငယ်သူလို့ အထင်သေးသွားပြီလား။

အကြားအာရုံချို့တဲ့သွားတာ အတာ့အတွက် တစ်ခုတော့ ကောင်းသလိုပဲ။ အာရုံငါးပါးသာ ပြည့်စုံခဲ့မယ်ဆိုရင် လူတွေအကြောင်းကို ဒီလောက်သိခွင့်ရမှာ မဟုတ်ဘူး။

အတာ့ရဲ့ အားငယ်စိတ်ကြောင့် လူ့အသိုင်းအဝိုင်းနဲ့ ဝေးခဲ့ရတယ်။ တစ်ယောက်တည်း အနေများလာတယ်။ ဒီမှာပဲ အတာ့အတွက် အခွင့်အရေး ရလိုက်တာပေါ့။ လူ့လောကကြီးကို အပြင်ကနေ အလွယ်တကူ ကြည့်ခွင့်ရလိုက်ခြင်းပါပဲ။ လူတွေရဲ့ ဟန်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်မှုမျက်နှာတွေ၊ သစ္စာမရှိတဲ့စကားတွေကို သိသာမြင်လာခဲ့တယ်။

အာရုံငါးပါးအတိုင်းသာ အကောင်းပကတိဆိုရင် အတော့်ကို ဟန်ဆောင်ပြီး ပေါင်းမယ့်သူတွေ၊ အတော့်ရဲ့လုပ်မှုကို မက်မောပြီး သစ္စာမရှိတဲ့နှုတ်ဖျားက ချစ်ခြင်းတရားတွေကို ဘယ်မှာ သိရပါ့မလဲ။

ကောင်းပါတယ်။

သစ္စာမရှိတဲ့ ကတိမတည်တဲ့ အသံတွေရဲ့ နှောင့်ဖွဲ့မှုကနေကင်းလွတ်သွားတာပေါ့။

အာရုံတစ်ပါး ချို့ယွင်းခြင်းက အတော့်အတွက်တော့ လိုချင်ရမ္မက် လျော့နည်းသွားခြင်းလို့ပဲ ယူဆပါတယ်။

မြင်နေရပေမယ့် မကြားသာတဲ့အတွက် စိတ်သက်သာခွင့်တစ်ဝက်ရတယ်။

စိတ်ချမ်းသာဖို့ ကောင်းလိုက်တာ။

အတာရဲ့ မကောင်းကြောင်း ပြောသံလည်း မကြားရဘူး။

အတော့်ကို ချီးမွမ်းတာကိုလည်း မကြားရတော့ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၈

**အတာ...**

**ရင်ထဲရှိတဲ့အတိုင်းသဲပြောပြချင်တယ်...။**

အတာ့ကို ရေးပြနေကျ စာအုပ်လေးမှာပင် ရေးချဖြစ်သည်။

သူ အတာ့ကို ချစ်နေသည်။ သူ့ချစ်ခြင်းတွေကို အတာထံတွင် အပ်နှင်းချင်၏။

အတာတစ်ယောက် သူ့အချစ်ကို ကြည်ဖြူစွာ လက်ခံပါ့မည်လား။

စိုးရိမ်စိတ် ဝင်လာမိသော်လည်း ဆက်ရေးဖြစ်ပြန်သည်။

**လူတစ်ယောက်ကိုချစ်မိနှောင်ကြိုးအနေတစ်ချုပ်ချုပ်အပ်တယ်ဆိုရင်**

**...အဲဒီအရာဟာ သံယောဇဉ်ပဲလို့ယူဆတယ်။**

အင် ပါ ယာ စာ ပေ

www.burmeseclassic.com



အတာနှင့် သူတို့သည် မှတ်မထင်၊ မရည်ရွယ်ပါဘဲ ဆုံဖြစ်ခဲ့ကြသည်။ သံယောဇဉ်နှင့်တကွ ရင်မှအကြင်နာတို့ များစွာဖြစ်တည်ခဲ့သည်။ သူဘဝ သူ့အိပ်မက်တွေမှာ အခါခါ တောင့်တမျှော်လင့်နေခဲ့သော သူသည် အတာပင် ဖြစ်သည်လေ။

**အတာ့ကိုမြင်မြင်ချင်းမှာပဲ သံယောဇဉ်စိတ် ဖြစ်မိတယ်။**
**အတာနဲ့အတူ ချစ်စိတ်ချင်းမထားနိုင်ချင်ပါနဲ့ချင်တယ်**
**ကွယ်။**

သူ့အချစ်ကို နားလည်ပြီး သူ့လိုအင်တွေကို အတာ နားလည်လိမ့်မည်ထင်၏။ အတာ့အနားတွင် နေခွင့်ရသမျှ နေချင်ပြီး၊ တစ်ဘဝလုံး မျက်နှာချင်းဆိုင် နီးကပ်သည့် အခွင့်ရေးမျိုးကိုလည်း တက်မက်နေမိသည်။

**ရင်ရဲ့ဆန္ဒတွေကြောင့် 'ချစ်တယ်' လို့ ပြောရင် အတာ**
**စိတ်ဆိုးမလား။**
**ချစ်ခြင်းကြောင့်ပဲ အတာ့ကို မြတ်နိုးသူပါ။ ဘယ်လိုမှ**
**တားဆီးနိုင်ခွင့် မရှိတော့လို့ 'ချစ်တယ်' လို့ ပြောရတာပါ**
**အတာ။**

သူဘဝ၊ သူတစ်သက်တာတွင် 'ချစ်တယ်' . . . ဟု ပထမဆုံး ပြောဆိုမိခြင်းလည်း ဖြစ်၏။

ခင်ဦးလှိုင်ကို မပြောဖြစ်ခဲ့ခြင်းကပင် အတာ့ကို ပြောဖြစ် ဖို့ ပိုလို့တန်ဖိုးရှိသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



**ချစ်ခြင်းဟာ...**

**လူတစ်ယောက်ကိုအောက်ကျနိုင်ခြင်းလည်းဖြစ်စေတယ်။**

**ဆောက်တည်ရာမရအောင်လည်းပြုစားတတ်တယ်။**

စာမျက်နှာများစွာ ရေးပြလိုက်ချင်သော်လည်း အချိန်က ရှိသေး၏။ သူ့အနေဖြင့် အိပ်စက်ခြင်းများကို ကျော်ခိုင်းပြီး သူ့ချစ်ခြင်းတွေကို သီကုံးပြနေခြင်း ဖြစ်သည်။

ကျေနပ်လောက်ပြီ . . . ဟု ယူဆပြီး အဆုံးသတ်လိုက်သည်။

အိပ်ရာဝင်ဖြစ်သော်လည်း တော်တော်နှင့် အိပ်မပျော်ခဲ့ပေ။

သူ အိပ်မောကျသွားတော့ ခင်ဦးလှိုင်နှင့် ပတ်သက်သော အိပ်မက်ဆိုးတစ်ခုကို အလန့်တကြား မြင်မက်ခဲ့လေ၏။

ညတုန်းက အိပ်ရာဝင် နောက်ကျသည်က တစ်ကြောင်း၊ ခြောက်လှန့်သော အိပ်မက်များကြောင့် တစ်ကြောင်း သူ အိပ်ရာထ နောက်ကျသွား၏။

အတာကတော့ ထုံးစံအတိုင်း သူ့အိပ်ရာထချိန်မှာ အဆင်သင့်ဖြစ်အောင် လုပ်ပေးထား၏။



www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်အောက်ကိုဆင်းတော့ အတာ မရှိတော့ပြီ။

မနေ့ကတည်းက ဘုန်းကြီးကျောင်းသွားဖို့ အတာ ပြော ထား၏။

“မောင်အောင်မင်းထိုက် နိုးလာပြီလား”

“ဟုတ်ကဲ့ ဒေါ်ဒေါ်၊ အတာရော”

“ဘုန်းကြီးကျောင်းသွားပြီကွဲ့၊ ပထမတော့ မင်းကို အတာ နှိုးဦးမလို့ပဲ၊ မင်း အိပ်ပါစေဆိုပြီး သူတစ်ယောက်တည်း သွားတာ”

“ဒါဆို ကျွန်တော် လိုက်သွားဦးမယ် ဒေါ်ဒေါ်”

“မလိုက်နဲ့တော့၊ အတာပြန်လာခါနီးပြီ တော်ကြာ လမ်းမှာ လွဲနေဦးမယ်၊ မင်း ဘာမှမစားရသေးဘူး၊ တော်ကြာ မင်းကို မကျွေး မမွေးဘဲထားတယ်ဆိုပြီး ဒေါ်ဒေါ့်ကို အတာ ပြောနေပါဦးမယ်၊ စားရင်းသောက်ရင်း အတာ့ကို စောင့်လိုက်ပေါ့”

ဒေါ်ဒေါ်က ပြောနေဆိုနေတော့ လိုက်သွားဖို့ အစီအစဉ် ကို သူဖျက်လိုက်သည်။ အတာ့ကိုယ်စား ဒေါ်ဒေါ်ကပင် မနက်စာ အဆာပြေကို တည်ခင်းကျွေးမွေးလေ၏။

“သင်္ကြန်ပြီးတာနဲ့ ရန်ကုန်ပြန်မှာလား မောင်အောင်မင်း ထိုက်”

“မပြန်ချင်သေးဘူး ဒေါ်ဒေါ်၊ ဒီမှာနေရထိုင်ရတာက အေးချမ်းတယ်၊ သင်္ကြန်ပြီးပြီးချင်းတော့ ပြန်ဖြစ်မှာ မဟုတ်ဘူး ဒေါ်ဒေါ်”



www.burmeseclassic.com

www.burmeseclassic.com



"အတာက အပေါင်းအသင်းနည်းသလို လူတိုင်းနဲ့ ခင်ခင်မင်မင် အရောတဝင်နေတာ မဟုတ်ဘူးကွဲ့၊ မင်းကိုတော့ အတော်လေး ခင်ရှာတာ"

"ကျွန်တော်ကလည်း အတာ့ကို ခင်ပါတယ်"

"ဒါနဲ့ ညတုန်းက မင်းအိပ်မက်ပြီး ယောင်လိုက်တာနော်၊ အိပ်မက်မက်တာကိုရော သိလား၊ အသံတွေ ဘာတွေထွက်လို့ ဒေါ်ဒေါ်နဲ့အတာ မင်းအခန်းကို လာကြည့်ကြသေးတယ်"

ဒေါ်ဒေါ်ပြောလိုက်မှပင် ခင်ဦးလှိုင်နှင့် ပတ်သက်သော အိပ်မက်ဆိုးကို သတိရမိသွားသည်။

ခင်ဦးလှိုင်က သူ့နောက်လိုက်လာရုံမက၊ နိုင်ထက်စီးနင်းပြောပြီး အိပ်မက်ထဲမှာ ရန်တွေ့လေ၏။ သူကိုယ်တိုင်ကပင် ခင်ဦးလှိုင်ကို မကောင်းဆိုးဝါးသတ္တဝါနှယ် အိပ်မက်ထဲမှာ ကြောက်လန့်နေမိ၏။

"ဟုတ်တယ် ဒေါ်ဒေါ်၊ ဆောင်းတွင်း မဟုတ်ဘဲ အိပ်မက်က ပေါက်ကရတွေ လျှောက်မက်တာ၊ အဲဒီလိုမျိုးအထိ ဖြစ်သွားတာလား"

"အတာကတောင် မင်း အရိပ်တွေဘာတွေ စီးမှာကို စိုးရိမ်နေတာ၊ နောက်တော့ ပြန်ငြိမ်သွားပြီး မင်း အိပ်မောကျသွားတယ်"

အိပ်မက်ကို မကောင်းသော နိမိတ်ဟု သူ မယူဆချင်ပေ။

မကြာခင်မှာ အတာပြန်ရောက်လာပြီး ညတုန်းက သူ့



www.burmeseclassic.com

www.burmeseclassic.com



ရေးထားသည်များကို ပေးဖတ်ခိုင်းရမည်။

အတာကတော့ ခင်ဦးလှိုင်လို သူ့အပေါ် မညှာမတာ လုပ်ရက်မည် မထင်ပေ။

သကြ်န်အကြတ်နေ့မှ ထုံစံအတိုင်း အပြန်အလှန်ရေလောင်းကြပြီး အဝတ်အစားပြန်လဲကြသည်။ ပြီးမှ ပိတောက်ပင်ခြေရင်းမှာ ထိုင်ကြ၏။

ပိတောက်တွေကတော့ သကြ်န်လက်ဆောင်မိုးကြောင့် လှိုင်နေအောင်ပွင့်ပြီး တစ်ခြံလုံး မွှေးနေလေ၏။

"အတာ . . . ဖတ်ကြည့်"

သူ့လှုပ်ရှားမှုရော၊ သူ့အသံတွေပါ တုန်ယင်ပြီး မမှန်ချင်ပေ။ အတာကတော့ စာအုပ်လေးကို လှမ်းယူ၏။

အတာ စဖတ်တော့ အနားမှာ သူ မနေရဲတော့ပေ။ အတာ့အနားမှ ဖယ်ခွာပြီး ပိတောက်ကိုင်းတစ်ခုကို လှမ်းဆွဲလိုက်၏။

အနီးစပ်ဆုံး ပိတောက်ခက်တစ်ခက်ကို ချိုးယူလိုက်သည်။ ရွက်စိမ်းတို့ မခွေါဘဲ အတာ့ဆီသို့ ယူဆောင်လာခဲ့သည်။

အတာကတော့ သူရေးထားတာကို ဖတ်နေဆဲပင်။

အတာ့မျက်နှာကို မကြည့်ရဲဘဲ အဝေးသို့ အကြည့်လွှဲထား



www.burmeseclassic.com

www.burmeseclassic.com



၏။

"ကိုအောင်မင်းထိုက်"

အတာခေါ်မှပင် မျက်နှာချင်းဆိုင်ဖြစ်သည်။ အတာက လည်း ဘာစကားမှ မပြောဘဲ သူ့ကို ကြည့်နေသည်။

သူ့လက်ထဲမှ ပိတောက်တို့ကို အတာ့ခေါင်းမှာ ပန်ပေးမိ၏။

"အတာ့ကို ပိတောက်ပန်း ပန်ပေးမယ်"

အတာက မငြင်း။ တကယ်တော့ မိန်းကလေးတစ်ယောက်အား ပန်းပန်ပေးခြင်းသည် ထင်သလောက်တော့ မလွယ်ကူပေ။

သူပန်ပြီးသောအခါမှ နေသားတကျ သပ်ရပ်အောင် အတာက ပြန်ပြီးပြင်ပန်လိုက်သည်။

"ကိုအောင်မင်းထိုက် ပြောချင်တဲ့စကားတွေအားလုံးကို အတာ ဖတ်ပြီးပြီ"

စာအုပ်လေးကို ပြန်ယူပြီး သူရေးချလိုက်၏။

"အတာ ကျွန်တော့်ကို အဖြေပေးပါလား"

"ကိုအောင်မင်းထိုက် . . . မိန်းကလေးတစ်ယောက်အဖို့ စောင့်ဆိုင်းခြင်းဆိုတာ တန်ဖိုးတစ်ခုပဲ၊ အချိန်ဆွဲတာမျိုးကို ပြောတာမဟုတ်ဘူးနော်"

အတာကတော့ ပုံမှန်အတိုင်း သူ့ကို ဆက်ဆံ၏။

"အတာ စိတ်မဆိုးဘူးနော်၊ ကျွန်တော်တို့က တစ်နယ်စီ



www.burmeseclassic.com

www.burmeseclassic.com



နေကြတာလေ၊ အတာ အဖြေပေးပါလား”

“ပိတောက်တွေပွင့်မှာကိုတောင် တစ်နှစ်လုံးစောင့်ခဲ့သေး တာပဲ၊ ကိုအောင်မင်းထိုက် စိတ်မရှည်ချင်ဘူးလားလေ”

ကောင်းနေသော အခြေအနေလေးကို သူ အထိအပါး မခံချင်ပေ။

အတာ့ဆန္ဒကိုတော့ သူ ဖြည့်ဆည်းပေးရမည်။

“ကောင်းပြီ အတာ၊ အတာ့ဆန္ဒအတိုင်း ကျွန်တော် စောင့် ပါ့မယ်”

စာအုပ်လေးကို ဘေးနားသို့ အသာချလိုက်သည်။

ရင်ထဲမှာ ချမ်းမြေ့လှသည်မို့ အတာ့ဆံစများကို ဖြေးညင်း စွာ မ,ယူပြီး နမ်းရှိုက်လိုက်မိသည်။

မရိုးပျသော သူ့အပြုအမူကြောင့် အပြစ်တင်စကားကို အတာ မပြောခဲ့ပေ။

✝ ✝ ✝

www.burmeseclassic.com

www.burmeseclassic.com

# ၉

သင်္ကြန်ပြီးသည့်နောက်ပိုင်း မြို့တက်ပြီး အတာ စာအုပ်တွေ ဝယ်သည့်နောက်သို့ နှစ်ကြိမ် သူလိုက်သွားခဲ့သည်။

ဦးလေးကြီးငွေကတော့ ကိုယ်တိုင်ခေါ် လာခဲ့သူမို့ သူ ရက်ရှည်နေသည်ကို စိုးရိမ်နေ၏။

အတာ့ကြောင့် သူ မပြန်ချင်သေးတာကို အားလုံးကလည်း ဖွင့်မပြောကြဘဲ နားလည်နေကြ၏။

ဒုတိယအခေါက် မြို့သွားပြီး ပြန်လာတော့ ကျောင်းတွေ ဖွင့်နေပြီဆိုတာကို အတာ့ဖခင်ဦးမြမောင်က အရိပ်အမြွက်ပြော၏။

"အစ်ကိုကြီး"

သူပြန်ဖို့ကိစ္စကို တွေးနေစဉ်မှာပင် ညီနှစ်ယောက်ဖြစ်သော ငွေတိုးနှင့်ငွေစိုးတို့ အမှာညီအစ်ကို ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်လိပ်ပြန်ထားကြသည်မို့ နှစ်ယောက်စလုံး ကတုံးပြောင် ဖြစ်နေ၏။

"မင်းတို့နှစ်ယောက်စလုံး ပိုဝလာကြတယ်၊ လူပြန်ထွက်တာနဲ့ သောက်နေစားနေလို့ ငါ့ကိုတောင် လာမတွေ့နိုင်ကြတာပေ့ါနော်"

"အဲဒီလိုယူဆရင် အစ်ကိုကြီး မှားမှာပေ့ါ၊ အစ်ကိုကြီးကို အနှောင့်အယှက်မပေးချင်လို့ပဲ၊ ဘယ်လိုလဲ လူကြီးတွေမရှိတုန်းမှာ ပိုင်အောင် ချည်ပြီး တုတ်ပြီးသားဖြစ်နေပြီလား"

"ငွေတိုးကလည်း အစ်ကိုကြီးက ရန်ကုန်သားပါကွ၊ အဲဒီလောက် မညံ့ဘူး"

ငွေတိုးတို့ညီနောင်ကတော့ သူ အရမ်းကောင်းစားပြီး ကိစ္စပြတ်နေပြီလို့ အပိုင်တွက်ထားကြသည်။

"ငါ . . . အတော့်ကို ချစ်တာ၊ တစ်ခဏမှာ ဆုံတုန်းကြုံတုန်း သာယာမှုရှာချင်လို့ မဟုတ်ဘူး၊ အတော့်ကို မြတ်နိုးလွန်းလို့ ဆံစတွေကိုပဲ ငါ နမ်းဖြစ်ခဲ့တာ၊ ပြီးတော့ အခုထိ အတော့်ဆီက အဖြေမရသေးဘူးကွ"

"အင်း . . . အတာရော၊ အစ်ကိုကြီးပါ လူအေးတွေပဲ၊ စိတ်ရော လူပါ အေးဆေးကြတယ်၊ အလကားစတာ အစ်ကိုကြီးရာ၊ ဒီလောက်ဖြစ်နေရင်လည်း လူကြီးစုံရာနဲ့ တစ်ခါတည်း တောင်းရမ်းတော့ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ရင် အဲဒီလို လုပ်ချင်တာပေါ့၊ ငါက ကျောင်းမပြီး သေးဘူး၊ အဲဒီအခြေအနေအထိလည်း အတာက လိုက်လျောသေး မှာ မဟုတ်ဘူး၊ ဒါနဲ့ ငါ ရန်ကုန်မပြန်သေးတာကို ပတ်ဝန်းကျင်က လူတွေနဲ့ လူကြီးတွေက ဘာတွေများ ပြောကြဆိုကြသေးလဲ"

ငွေတိုးတို့ညီအစ်ကိုနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးမှ . . .

"အစ်ကိုကြီးမိဘတွေ စိတ်ပူမှာစိုးလို့ ပြန်စေချင်ကြတာ တော့ သေချာတယ်၊ အစ်ကိုကြီးတို့နှစ်ယောက်ကိစ္စကိုတော့ အားလုံး က ရိပ်မိနေကြပါတယ်၊ ဒီမှာက ရန်ကုန်လို မဟုတ်တော့ ဒီပြင် လူတွေ ပြောကြဆိုကြတာတွေ နည်းနည်းပါးပါးတော့ ရှိတာပေါ့ အစ်ကိုကြီးရာ"

သူဖြစ်ချင်တာတွေကိုချည်း တစ်ဖက်သတ်ဆန်နေမိသည် ကို နောင်တရမိသည်။

အတာက မိန်းကလေးဆိုသောအချက်ကို သူ မေ့လျော့ ထားခဲ့၏။

"အေးကွာ . . . မကြာခင်မှာ ငါရန်ကုန်ပြန်မှာပါ"

"မပြန်ခင် အဖြေရအောင် တောင်းပေါ့ အစ်ကိုကြီးရာ"

ငွေတိုးတို့ညီနောင်ကတော့ သူ့ကို အားပေးအားမြှောက် တွေ လုပ်သွားကြသေး၏။

နှစ်ဘက်အမျိုးတော်နေသောကြောင့်ပင် သူနှင့်အတာကို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေချင်ကြတာလည်း ပါမည်ထင်၏။

"ကိုအောင်မင်းထိုက် . . . တက္ကသိုလ်တွေ ပြန်တက်နေရပြီ ပြောသံကြားတယ်၊ ဘာလို့မပြန်သေးတာလဲ၊ ကြည့်ရတာ ရန်ကုန်မပြန်ချင်လောက်အောင် ဟိုမှာ ပြဿနာတစ်ခုခု ရှိနေလို့လား"

စာအုပ်အဖုံးတွေကို ကူချုပ်ပေးနေစဉ်မှာပင် အတာ ပြောလိုက်သည်။

အတာကိုယ်တိုင်ကပင် ပြောလာမှတော့ သူ ပေကပ်နေဖို့ မသင့်တော်တော့ပေ။

"ရန်ကုန်မှာက ဘာပြဿနာမှ မရှိဘူး အတာ၊ ပြဿနာက ဒီမှာရှိနေတာ၊ အတာ့ကို ခွဲပြီး မပြန်ချင်သေးလို့ ပေကပ်ပြီး နေခွင့်ရှိသမျှ နေနေတာလေ"

သူရေးပြသည်ကို အတာကကြည့်ပြီး တိုးတိုးရယ်သည်။

"မခွဲချင်လို့ ဘယ်ဖြစ်မလဲ၊ ကျောင်းတက်ရဦးမှာလေ ကိုအောင်မင်းထိုက်၊ ကျောင်းသားပဲဥစ္စာ၊ ကျောင်းမတက်ချင်လို့ ဘယ်ဖြစ်မလဲ၊ ပြီးတော့လည်း မိဘတွေက စိတ်ပူနေကြမှာ"

"ဘာလဲ အတာက နှင်ချင်တာလား၊ ပြန်ဆိုလည်း ပြန်ပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ် အတာ"

"သူကပဲ စိတ်ကောက်ချင်ရတယ်လို့ မနှင်ပါဘူး၊ ဖြစ်သင့်တာကို ပြောတာလေ၊ အဲဒီလိုကြီးတော့ မနေနဲ့ကွာ"

အတာ၏ အကြင်နာကြောင့်ပင် သူ ချမ်းမြေ့သွားရ၏။

အခွင့်ကြုံတုန်းမှာပင် အတာ့ကို ပူဆာမိသည်။

"ဒါဆိုလည်း အဖြေပေးလေ၊ အဖြေရပြီးမှ ပြန်ရတာ စိတ်ဖြောင့်မှာပေါ့"

"လူလည် . . . ပြောပြီးသားပဲကွာ၊ နောက်တစ်ကြိမ် ပိတောက်တွေပွင့်တဲ့အထိ စောင့်ပါဆို၊ အဲဒီအချိန်ဆို ကိုအောင်မင်းထိုက်လည်း စာမေးပွဲတို့ ကျောင်းကိစ္စတို့ ရှိတော့မှာမှ မဟုတ်ဘဲ"

"ဒါဆိုလည်း နောက်နှစ် ပိတောက်ပွင့်ချိန်ကျရင် ချစ်တယ်ဆိုတဲ့အဖြေတင် မဟုတ်ဘူး၊ အတူတူနေပဲ့မယ်ဆိုတဲ့အဖြေပါ ပေးရမှာနော်၊ ဒါမှ စောင့်ရကျိုးနပ်မှာနော်"

အတာ့မျက်နှာကိုကြည့်ရင်းကပင် သူ့စိတ်တို့ လှုပ်ရှားလာ၏။

အတာအနားသို့ တိုးကပ်ပြီး ပန်းကို အသားလေး ဖက်တွယ်ထားလိုက်၏။

အတာက ငြိမ်နေတော့ တစ်ဆင့်တက်ပြီး ပါးပြင်ကို ဖွဖွနမ်းမိပြန်သည်။

"လွှတ်ကွယ် . . . တော်ကြာ ဖေဖေတို့ မြင်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး”

ရသောအခွင့်အရေးကို သူ ဆက်ပြီး အသုံးမချသင့်မှန်း နားလည်လိုက်၏။

ခွဲရမည်ဆိုသောအသိကြောင့်ပင် အတော့အား မြတ်နိုးစွာ ဖက်တွယ်ထားချင်ရသေးသည်ပဲ။

“မောင်အောင်မင်းထိုက်ကိုယ်တိုင်က ပြန်မယ်ပြောမှ ဦးတို့က ဒီစကားပြောရတာပါ။ မင်းမိဘတွေ စိတ်ပူပြီး လိုက်လာကြရင် ဒီကလူတွေ မကောင်းဘူး ဖြစ်ကြရမှာ”

“ဟုတ်ပါတယ် ဦး။ ကျွန်တော်လည်း ဒီမှာ နေပျော်တာနဲ့ နေဖြစ်သွားတာပါ။ ဦးတို့ကိုများ စိတ်အနှောင့်အယှက်ပေးမိသလို များ ဖြစ်ခဲ့ရင်တော့ ခွင့်လွှတ်ပါ”

“ဦးတို့က စိတ်မဆိုးကြပါဘူး။ မင်းဦးလေးကြီးငွေကလည်း မင်းကို ပြန်ပါလို့ အတင်းမပြောချင်ပေမယ့် ရန်ကုန်က လူတွေ အပြစ်ပြောမှာကိုတော့ သူ စိုးရိမ်တာပေါ့ကွယ်”

ဒေါ်ဒေါ်နှင့်ဦးမြမောင်တို့ကို အားနာနေမိသည်။

သူတို့စကားဝိုင်းသို့ ဦးကြီးငွေတို့သားအဖလည်း ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေတိုးတို့ ညီအစ်ကိုကတော့ ဒီည သူနှင့်အတူတူအိပ်ကြဖို့ ရောက်လာခြင်းပင်။

မနက်လေးနာရီလောက်ထပြီး တာဆုံကို ကားထွက်စီးရ မည်မို့ ဒီပြင်လူတွေ အအိပ်ပျက်မှာစိုး၍ ဖြစ်သည်။

"ကဲပါကွယ် . . . ဦးလေးတို့အိပ်ချင်ပြီ မင်းတို့လူငယ်တွေပဲ စကားပြောရင် ဆက်ပြောနေကြပေါ့၊ အရမ်းကြီးလည်း ညဥ့် မနက်စေကြနဲ့နော်၊ တော်ကြာ မနက်လေးနာရီကို မနိုးဘဲ နေဦး မယ်"

လူကြီးတွေကတော့ အလျှိုလျှို လူချင်းခွဲသွားကြသည်။

သူတို့လူငယ်လေးယောက်သာ ကျန်ခဲ့ကြ၏။

"ကဲ . . . အစ်ကိုကြီးတို့နှစ်ယောက် မနက်လင်းတဲ့အထိ စကားပြောနေကြ၊ ကျွန်တော်တို့နှစ်ယောက်တော့ ချောင်ကပ်ပြီး ကွေးနေလိုက်တော့မယ်"

ပြောပြောဆိုဆိုပင် ကြမ်းပြင်ပေါ်မှာ ပုဆိုးခြုံပြီး ငွေတိုး တို့ ညီအစ်ကိုနှစ်ယောက် ပစ်လှဲလိုက်ကြသည်။

"ကိုအောင်မင်းထိုက် အိပ်ချင်အိပ်လေ"

အတာ့စကားကြောင့် သူ ခေါင်းရမ်းမိသည်။

"မအိပ်ဘဲနေတော့မှာလား"

အတာ့လက်ကိုဖွဖွလေးကိုင်ပြီး သူတိုးတိုးပြောလိုက်သည်၊

"ခွဲရတော့မှာ မဟုတ်လား၊ ဒီတစ်ညတော့ အတာ့ကို ထွေး



www.burmeseclassic.com

www.burmeseclassic.com



ပွေ့ထားချင်တယ်”

ညကာလမို့ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

အတော့်၏အသက်ရှူသံကို အတိုင်းသားကြားနေရ၏။

မိုးဦး၏လေအဝေ့မှာပင် အတော့ကိုယ်လေးအား ထွေးပွေ့ထားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၁၀

"ကိုအောင်မင်းထိုက် ငွေတိုးတို့ကို နှိုးထားလိုက်တော့၊ အတာလည်း မျက်နှာသစ်ပြီး ပြင်ဆင်လိုက်ဦးမယ်"

အတာ့ပေါင်ပေါ်မှာပင် သူ မှေးခနဲ အိပ်ပျော်သွားတာ နာရီများစွာ ကြာသွားမည်ထင်၏။

နာရီကိုကြည့်လိုက်တော့ နံနက်သုံးနာရီခွဲနေပြီဖြစ်၏။

"ခဏလေး အတာ"

အတာမျက်နှာအလှည့်မှာပင် ပါးပြင်ကို ယုယစွာ နမ်းလိုက်၏။ လွမ်းလို့ကျန်ခဲ့မည့်သူနှင့် လွမ်းပြီးချန်ထားရမည့်သူတို့အတွက်တော့ အားလုံးသည် နောက်ဆုံးတင်းစရာတွေပင်။

"ငွေတိုးတို့ ထကြတော့၊ ကားဂိတ်ဆင်းရတော့မယ်"

ငွေတိုးတို့ညီအစ်ကိုအား ကြာကြာမနှိုးလိုက်ရပေ။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးတို့နှစ်ယောက် အခုမှ လူချင်းခွဲကြတာ မဟုတ်လား"

"ဟုတ်တယ် အစ်ကိုကြီးတို့နှစ်ယောက် တစ်ညလုံး မအိပ်ကြဘဲ ဒီတိုင်းငုတ်တုတ်ထိုင်နေကြတာ မဟုတ်လား၊ ကျွန်တော်တို့နှစ်ယောက်ကတော့ ဘာများဖြစ်ကြမလဲလို့ တစ်ညလုံး စောင့်ကြည့်နေတာ၊ ဘာမှလည်း မထူးဘူး၊ အိပ်ရေးပျက်တာပဲ အဖတ်တင်တယ်"

"ဘာလုပ်စရာ ရှိမှာလဲကွာ၊ ချစ်သူနှစ်ဦး ခွဲခါနီး အလွမ်းသယ်ကြရုံသက်သက်ပါပဲ"

"အစ်ကိုကြီးကတော့ စံပါပဲ"

ငွေတိုးတို့ကတော့ သူ့ကို ကောင်းချီးဝိုင်းပေးကြ၏။

ခွဲခါနီးမှ အတာပေးသော အခွင့်ရေးကို သူ အသုံးမချသင့် . . . ဟု မှတ်ယူထားမိသည်။

သူကိုယ်တိုင်က အတာ့ကို မြတ်နိုးစွာဖြင့် ချစ်ရလွန်းသူ မဟုတ်ပါလား။

"မောင်အောင်မင်းထိုက်တို့ သွားကြတော့မှာလား"

တကယ်တမ်း သူတို့အိမ်ပေါ်မှဆင်းတော့ ဦးမြမောင်ရော



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်ပါ နိုးလာကြသည်။

"ဟုတ်ကဲ့ ဦး၊ ဦးနဲ့ဒေါ်ဒေါ်တို့ကို ကျွန်တော် ကန်တော့ခဲ့ပါတယ်"

"သာဓုကွယ်၊ လိုအင်ဆန္ဒတွေ ပြည့်ပါစေကွယ်၊ ဘယ်အချိန်မှာပဲဖြစ်ဖြစ် ဦးတို့ဆီကို လာလို့ရနေတာပဲ"

သူ ကန်တော့လို့မှ မပြီးသေးခင် ဦးလေးငွေတိုးပါ ရောက်လာပြန်၏။

"မင်းတို့ မနိုးကြဘူးထင်လို့ ကူးလာခဲ့တာ"

"ဦးလေးငွေတိုးကိုလည်း ကျွန်တော် ကန်တော့ပါတယ်"

"အေးကွာ၊ မင်းမပြန်ခင်တုန်းကလည်း ပြန်စေချင်ခဲ့တယ်၊ မင်း တကယ်ပြန်တဲ့အခါကျတော့ စိတ်မကောင်းတာအမှန်ပဲ"

အလင်းရောင်ပျပျအောက်မှာပင် အားလုံး၏မျက်နှာတို့သည် မသာမယာဖြစ်နေကြ၏။

ခွဲသွားရသူအတွက် နောင်ဆံတင်းရသလို ကျန်ခဲ့ကြသူများအဖို့မှာလည်း ဝမ်းနည်းပက်လက်။

"ကျွန်တော် သွားတော့မယ်"

ဝမ်းနည်းခြင်းကို မျိုသိပ်ရင်း ကားပေါ်သို့ တက်လိုက်ရသည်။

သူနှင့်အတာတို့က ကားရှေ့ခန်းမှာ ထိုင်၏။

ငွေတိုးတို့ညီနောင်ကတော့ ကားနောက်ခန်းမှာထိုင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကားကို အတာ မမောင်းနဲ့"

အတာ့ကို ကားမောင်းခွင့်မပေးဘဲ သူကိုယ်တိုင်မောင်းလိုက်ရသည်။

အတာတစ်ယောက်ကတော့ အားလုံးထက်ပင် ငြိမ်သက်လွန်းအားကြီးနေတော့၏။

ကားမောင်းနေရင်းကပင် သူ့ရင်ခွင်ထဲသို့ အတာ့ကိုယ်လေးအား ဆွဲသွင်းထားလိုက်မိသည်။

သူ့ပြုမူသမျှတွေကို အတာက မငြင်း။

"ကိုအောင်မင်းထိုက် အခုချိန်ကစပြီးတော့ အတာ ပြောတာတွေကိုပဲ နားထောင်နော်၊ ကိုအောင်မင်းထိုက် ဘာတစ်ခွန်းမှ ပြန်မပြောနဲ့"

"ကောင်းပြီ အတာ"

"မကြာခင်မှာ တာဆုံကို ရောက်မှာ၊ ပြီးရင် အဝေးပြေးကားပေါ်ကို တက်သွားတာနဲ့ အတာတို့ ဝေးကြရပြီ၊ အတာပြောခဲ့တဲ့စကားကို အတာမမေ့သလို ကိုအောင်မင်းထိုက်လည်း မမေ့နဲ့ပေါ့၊ ဒီတစ်ခါ ပိတောက်တွေပွင့်ကြရင် အတာတို့ ပြန်ဆုံကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



“အတာရယ်”

မိုင်ငွေ့မကင်းသော နံနက်ခင်းသည် အေးစိမ့်စိမ့် ဖြစ်ချင်နေ၏။

ရင်ထဲမှသောကကြောင့် အေးစိမ့်ခြင်းကို လျစ်လျူရှုထားကြသည်။

“တစ်ခုတော့ ရှိတာပေါ့၊ ကိုအောင်မင်းထိုက် ပြောခဲ့တဲ့ စကားတစ်ခွန်းအတွက် စဉ်းစားချိန်တွေ အများကြီးရသလို၊ အပြောင်းအလဲတွေလည်း လုပ်လို့ရတယ်နော်၊ အတာ အပြစ်မပြောဘူး၊ စိတ်လည်းမဆိုးဘူး၊ ဘာပဲဖြစ်ဖြစ် ပိတောက်ကတော့ သူ့အချိန်ရောက်ရင် လှိုင်နေအောင် ပွင့်ဖြစ်နေမှာပါပဲ”

အတာ့ကို ပြန်ပြောဖို့ သူ့မှာ အင်အားတွေ မဲ့နေ၏။

သူတို့ကားလေးသည် တာဆုံသို့ နီးသထက် နီး၍လာလေသည်။

တာဆုံမှာ ကားစောင့်တော့ အတာတစ်ယောက် ဘာစကားမှ မပြောတော့ပေ။

ငွေတိုးတို့ကတော့ ကားအလာကိုသာ စိတ်စောနေကြ၏။

“အစ်ကိုကြီး . . . နောင်နှစ်သင်္ကြန်ကိုလည်း ရောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် လာမှာမဟုတ်လား”

“သက်ြန်မတိုင်ခင် ဒီကြားထဲလည်း ရောက်လာဖြစ်မှာပါ ငွေတိုးရာ”

“အတာ့ကိုတော့ အစ်ကိုကြီး မေ့မသွားလောက်ပါဘူး နော်”

“မေ့ပါ့မလား ငွေစိုးရာ၊ ငါ့ဘဝမှာ ပထမဆုံး မြတ်မြတ် နိုးနိုးနဲ့ ချစ်ခဲ့ရတဲ့သူပဲ”

“အခုချိန်မှာ အတာ့ကိုကြည့်ပြီး စိတ်မကောင်းတာ အမှန် ပဲ အစ်ကိုကြီး၊ အတာက သူ့ကိုယ်သူ အားငယ်တတ်တယ်၊ နား မကြားတဲ့ကိစ္စအပေါ်မှာပဲ လူတွေနဲ့ အရောတဝင် မနေခဲ့တာလေ၊ အစ်ကိုကြီးကို လွမ်းရတယ်ဆိုရင်တောင်မှ သူတစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေမှာ သိလား”

အတာ့ကိုယ်စား ပြောလိုက်သောစကားတွေက သူ့ရင်ကို ဒုက္ခပေးသလိုမျိုး ဖြစ်နေ၏။

“ငါသိတယ်၊ ဒီဘဝမှာတော့ ငါနဲ့အတာ ဘယ်တော့မှ ဝေးမှာ မဟုတ်ဘူး၊ လူချင်း တစ်ဒေသစီ ခဏဝေးနေရတယ် ဆိုပေမယ့် ငါ့စိတ်က အတာ့အနားမှ အမြဲရှိနေမှာပါ”

သူတို့ စကားကောင်းနေတုန်းမှာပင် မီးထိုးပြီး ဝင်လာ သော ကားတစ်စီးကို မြင်လိုက်ရ၏။

သူ့ကိုခေါ်ဆောင်သွားမည့်ကားမှန်း သိရသောအခါ



www.burmeseclassic.com

www.burmeseclassic.com



အတာ့မျက်နှာကို ငေးကြည့်မိလိုက်၏။

"ကိုအောင်မင်းထိုက်"

"ဘာလဲ အတာ"

"ကိုအောင်မင်းထိုက်ရဲ့စာအုပ်လေး အတာ့ကို ပေးခဲ့ပါလား"

အတာ့စကားကြောင့်ပင် ခရီးဆောင်အိတ်ထဲမှ စာအုပ်လေးကို အမြန်ထုတ်လိုက်ရသည်။

"ရော့ . . . အတာ"

"ဒီစာအုပ်လေးက နှစ်ယောက်စလုံးနဲ့ ဆိုင်တယ်ဆိုပေမယ့် ကျန်ခဲ့ရမယ့် အတာ့လက်ထဲမှာ ရှိနေတာက ပိုသဘာဝကျတယ်လေ"

"ကဲ . . . တက်တော့ အစ်ကိုကြီး"

အတာ့ကို တစ်ခုခုပြန်ပြောလိုက်ချင်သေးသည်။

အတာ ကြားနိုင်စွမ်းရှိမှာ မဟုတ်သလို အချိန်ကလည်း မပေးခဲ့ပေ။

ကားပေါ်သို့ လှမ်းတက်ရင်းကပင် "အတာ့ဆီ အရောက်ပြန်လာခဲ့မယ်" . . . ဟု တီးတိုးရေရွတ်မိလိုက်တော့၏။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( သုံး )

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

နွေမျှော်တဲ့ပိတောက်
နွေကိုသာ စောင့်ခဲ့ပေါ့ . . . ။
မျှော်သူစိတ်ဝမ်း
ငြိမ်းချမ်းဖို့ရောက်အလာ
နှစ်ယောက်အဆုံပဲဟာလည်း
ပုံပြင်ဖြစ်ရော . . . ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၁

အတာ့ကို မတတ်သာ၍ခွဲခဲ့ရပေမယ့် တစ်နေ့မှမမေ့၊ နေဝင်နေထွက်အချိန်တိုင်းတွင် အတာ့ကို လွမ်းဆွတ်နေမိတော့၏။

အတာလည်း သူ့နည်းပင် ခံစားလွမ်းဆွတ်နေမည် ထင်သည်။

အတာ့ကို လွမ်းသမျှ သူခံစားဖြစ်ပျက်သည်များကို နေ့စဉ်လိုလိုပင် စာမျက်နှာပေါ်မှာ ရေးမှတ်ထားဖြစ်၏။

"သားလေး"

မေမေ အခန်းထဲဝင်လာသည်ကို သူ သတိမထားဖြစ်ပေ။ မေမေ အသံပေးမှပင် ရေးလက်စစာအုပ်ကို ပိတ်ထားလိုက်မိ၏။

"မေမေပါလား"

"ဟုတ်တယ် သား၊ အပြင်မှာ ကျောင်းသွားဖို့ ခင်ဦးလေး

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီ”

ခင်ဦးလှိုင်ဆိုသော အမည်နာမကတော့ သူ့ကို အခုချိန်ထိ ခြောက်လှန့်လို့ကောင်းနေတုန်းပင်။

ရန်ကုန်ပြန်ရောက်ရင်တော့ ခင်ဦးလှိုင်နှင့်သူတို့ ဇာတ်လမ်းက အလိုလိုပြီးပြတ်သွားလိမ့်မည် . . . ဟု လွယ်လွယ် တွေးထားဖြစ်သည်။

တကယ်တမ်းကျတော့ သူတွေးသလို မဖြစ်လာခဲ့ပေ။ ရန်ကုန်ပြန်ရောက်ပြီး ရက်တွေသာ လနှင့်ချီပြီး ကြာသွားခဲ့သည်။

ခင်ဦးလှိုင်ကတော့ အရင်လိုပင် သူ့အနားမှာကပ်ပြီး ဆိုးနေနွဲ့နေတုန်းဖြစ်၏။

“ဒီနေ့ နေမကောင်းချင်သလိုလို ဖြစ်နေတာနဲ့ အေးအေး ဆေးဆေးမှ သွားမလားလို့ မေမေ၊ အတန်းချိန်တွေကလည်း အား နေတာများတယ်”

သူ့ဘက်ကတော့ အရင်ထက်များစွာပင် ရှောင်နေဖြစ် သည်။ ခင်ဦးလှိုင်က အရိပ်သုံးပါး နားမလည်ဘဲ ဇွတ်ပေကပ်နေ သောကြောင့် စိတ်ညစ်ရသည်။

“သားလေး ခရီးသွားက ပြန်လာပြီးကတည်းက အပြော အဆိုအနေအထိုင်တွေ သိသိသာသာ ပြောင်းလဲသွားတယ်၊ အထူး သဖြင့် ခင်ဦးလေးနဲ့ ပတ်သက်ပြီး မေမေတို့ မျက်နှာပူစရာကောင်း လောက်အောင် သားလေးပြုမူပြနေတာပဲ”



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့ မမသင်းတို့ကိုတော့ သူ အားနာမိတာအမှန်ပင်။ ခင်ဦးလှိုင်နှင့်မပတ်သက်ချင်မှတော့ သူ ဒီလိုစိမ်းပြတ်မှဖြစ်မည်။ ခင်ဦးလှိုင် ဘယ်လောက်ထိ ပေကပ်နေနိုင်မလဲ။ အကြိမ်ဖန်များ လာရင်တော့ ခင်ဦးလှိုင် သည်းမခံနိုင်ဘဲ သူနှင့် အနေစိမ်းသွားမှာ သေချာသည် . . . ဟု တွေးမိသည်။

"ဒီနေ့က တကယ့်ကို ကိုယ်လက်မအီမသာဖြစ်နေလို့ပါ မေမေ"

ခင်ဦးလှိုင်နှင့်ပတ်သက်ပြီး စိတ်ကျဉ်းကျပ်ရသည်က တစ်ကြောင်း၊ အတာ့ကို လွမ်းဆွတ်ခြင်းကတစ်ကြောင်းကြောင့် ကျန်းမာရေးသည် တစ်မျိုးပြီးတစ်မျိုး ဖြစ်နေ၏။ သူ နေမပျော် တော့တာတော့ သေချာသည်။

"ဟော ခင်ဦးလေး လိုက်လာပါလား၊ ဒီမှာ မင်းကိုကိုက နေမကောင်းချင်လို့တဲ့လေ၊ ကျောင်းသွားဖို့ ဘာမှမပြင်ရမဆင်ရ သေးဘူး"

မေမေ ပြောလိုက်မှပင် ခင်ဦးလှိုင်က သဲသဲလှုပ်တော့၏။

"မှန်းစမ်း ကိုကို"

အလိုက်မသိတတ်စွာဖြင့် မေမေ့ရှေ့မှာပင် သူ့ကို နောက်မှ သိုင်းဖက်ထားသလိုမျိုးဖြင့် သူ့နဖူးပြင်ကို စမ်းကြည့်သည်။

"ကိုယ်တွေ နွေးနေပါလား၊ ဆေးတွေဘာတွေရော သောက်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မမသင်းဆီ ဆေးတောင်းသောက်ထားပြီးပါပြီ ခင်ဦး၊ နားနားနေနေ နေလိုက်ရင် သက်သာသွားမှာပါ"

"ကဲ . . . သမီးကိုကိုကို သမီးပဲ ကြည့်ကျက်ပြီး ပြုစုလိုက်ပါဦးကွယ်"

မေမေကတော့ အ,ကုသိုလ်မလေးနှင့် အခန်းထဲမှာ မျက်နှာလွှဲခဲပစ် ထားပစ်ခဲ့ပြီ။ သူ့အဖို့ကတော့ ခင်ဦးလှိုင် အနားမှာ ရှိနေခြင်းက စိတ်ငရဲကျခံနေရခြင်း တစ်မျိုးပါပဲလေ။

"ကိုကိုရယ် နေမကောင်းချင်ရင်လည်း အိပ်ရာပေါ်မှာ နွေးနွေးထွေးနေပါလား၊ ကြည့်စမ်းပါဦး၊ ဒီတီရှပ်လက်ပြတ်ကို ဝတ်ထားရသလား၊ ချွတ်စမ်းပါဦး၊ ခင်ဦး အင်္ကျီထူထူထဲထဲ လဲပေးမယ်"

"ရတယ် ခင်ဦး၊ ကိုကို့ဘာသာ လဲလိုက်ပါ့မယ်၊ ခင်ဦး ကျောင်းနောက်ကျနေဦးမယ်"

"မဟုတ်တာဘဲ ကိုကိုရယ်၊ ငြိမ်ငြိမ်လေးနေ"

ခင်ဦးလှိုင်ကတော့ ဇွတ်တရွတ်ပြုမူတော့၏။

သူ့အနေနှင့်ကတော့ ဘာမှမတတ်နိုင်သောအခြေအနေမို့ ခင်ဦးလှိုင်ပြုသမျှ နုနေလိုက်ရ၏။

"အင်္ကျီလဲပြီးရင် တော်တော့လေ၊ ပုဆိုးတွေ ဘာတွေရော လဲပေးမလို့လား ခင်ဦး"

သူ မကြည်ဖြူမှန်းကို အရိပ်ယောင်ပြပေမယ့် ခင်ဦးလှိုင် အလိုက်မသိ။



www.burmeseclassic.com

www.burmeseclassic.com



သူပြောသော်လည်း ခင်ဦးလှိုင် ဂရုမစိုက်။ ပြတင်းပေါက်ကို ခင်ဦးလှိုင် လှမ်းပိတ်လိုက်သည်။

“ကဲ . . . ထ ကိုကို အိပ်ရာပေါ်မှာ နွေးနွေးထွေးထွေးနေ”

“ရတယ် ခင်ဦး”

“လာစမ်းပါ ကိုကိုရာ၊ ခင်ဦး တွဲပြီး ပို့ပေးမယ်၊ ပြီးရင် ကော်ဖီတို့ ဘာတို့ အဆင်သင့်သောက်နိုင်အောင် ခင်ဦး အားလုံး စီစဉ်ပေးခဲ့မယ်၊ ခင်ဦးကွယ်တာနဲ့ ကိုကိုနေချင်သလို မနေနဲ့ဦးနော်၊ အဖတ်အမာတွေ ဘာတွေလည်း ရမ်းမစားနဲ့နော်”

ခင်ဦးလှိုင်ကြားအောင်ပင် သူ သက်ပြင်းမောချလိုက်မိသည်။

ခင်ဦးလှိုင်ကတော့ ဘာကိုမှ ဂရုမထား။

သူ့ကို လူမမာတစ်ယောက်လို ထင်ပြီး ပြုစုနေတော့၏။ ဒီပုံစံ အတိုင်းသာ ဆက်သွားပါက သူ စိတ်ကျဉ်းကျပ်ပြီး မြန်မြန် အသက်တိုမှာ သေချာနေ၏။

“ဒီရက်ပိုင်းမှာ မင်းလှုပ်ရှားမှုတွေက အားမရဘူး၊ နေမကောင်းလည်း ခဏခဏဖြစ်နေတယ်၊ မင်းအနီးနားမှာ ဆရာဝန် နှစ်ယောက် ရှိနေတာပဲ၊ ထိထိရောက်ရောက် စစ်ဆေးတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



မင်းလုပ်သင့်တယ် အောင်မင်းထိုက်”

ကျော်လတ် အပြစ်ပြောလည်း ပြောချင်စရာပင်။

ခင်ဦးလှိုင်အတွက် စိတ်အနှောင့်အယှက်ဖြစ်လိုက်၊ အတာ့ကို လွမ်းဆွတ်လိုက်နှင့်ပင် သူ့ကိုယ်သူ ဂရုမစိုက်ဘဲ နေဖြစ်ခဲ့၏။

“အေးကွာ. . အခုရက်ပိုင်းမှာ ငါ့ရင်ထဲမှာ ကတုန်ကယင်ဖြစ်ဖြစ်နေတယ်၊ နည်းနည်းလေး လှုပ်ရှားတာနဲ့ မောချင်နေတယ်”

“ပေါ့မနေနဲ့ အောင်မင်းထိုက်၊ အပ်နဲ့ထွင်းရမှာကို ပုဆိန်နဲ့ထွင်းရတာမျိုးဖြစ်လို့ ဒုက္ခရောက်နေဦးမယ်၊ ခင်ဦး စိတ်ဒုက္ခပေးနေတာက မသေနိုင်ဘူးနော်”

ခင်ဦးလှိုင်နှင့်ကင်းကင်းပြတ်ပြတ် ဘာကြောင့်နေချင်သလဲဆိုတာကို ကျော်လတ် ကောင်းကောင်းသိသည်။

အတာနှင့်ပတ်သက်ပြီး ကိစ္စအဝဝကို ကျော်လတ်အား သူ ရင်ဖွင့်ပြထားပြီး ဖြစ်၏။

“လူကသာ ဒီမှာရှိနေရတာ၊ ငါ့စိတ်ကတော့ အတာ့ဆီရောက်နေတာ အမှန်ပဲ ကျော်လတ်”

“ဒါကြောင့် လူကြီးသူမတွေက စကားပုံတွေ ထားခဲ့တာပေါ့ အောင်မင်းထိုက်၊ တစ်ရွာသားကို ရည်းစားထားမိရင် ပူဆွေးလွမ်းဆွတ်ရတတ်တယ်တဲ့၊ တကယ်တော့ကွာ မင်းအနားမှာ ခင်ဦးတစ်ယောက်လုံး ရှိနေတာပဲ၊ အတာဆိုတဲ့ အမျိုးသမီးကိုတော့ မင်းကျော်ပြီး လွမ်းမနေသင့်ဘူး”



www.burmeseclassic.com

www.burmeseclassic.com



"အစကတည်းက ငါ့အနေနဲ့ ခင်ဦးကို ချစ်မှမချစ်ခဲ့ဘဲ၊ အနေနီးလို့ သံယောဇဉ်ဖြစ်တာ၊ တစ်ခါတလေ ရင်ခုန်မိတာကလွဲလို့ ငါ့ရဲ့ကိုယ်စိတ်နှလုံးသုံးပါးစလုံးကို ခင်ဦး မလွှမ်းမိုးနိုင်ခဲ့ဘူး ကျော်လတ်၊ အတာကတော့ ငါ့ရဲ့ မျှော်လင့်ဆုံး ကိုယ်ပွားတစ်ခု ဖြစ်ခဲ့တာပဲ"

"ထားပါလေ . . . အတာ ဘယ်လောက်ချောတာ၊ ဘယ် လောက်ကြွေရှိတာ ငါ မမြင်ရဘူး၊ တွေ့လည်း မတွေ့ဖူးဘူး၊ ဒီတော့ ခင်ဦးလောက်တော့ ငါ သံယောဇဉ်မရှိတာကို မင်း လက်ခံ တယ်နော်"

"အေးပါကွ၊ မင်းနဲ့ခင်ဦးက ရင်းနှီးနေတာပဲ"

"ခင်ဦးကို စတွေ့တော့ မင်းပြောတာ မှတ်မိလား၊ ခင်ဦး မှာ ကလေးဆန်တာ၊ ခေတ်ဆန်တာတွေ နေချင်သလိုနေတာတွေ သာ မရှိခဲ့ဘူးဆိုရင် မင်းချစ်သူတစ်ယောက် လုံးဝဖြစ်ရမယ်ဆိုတာ လေ"

"ဒါကတော့ကွာ"

"ငါ အရှိအတိုင်း အမြင်အတိုင်း ပြောပြမယ်၊ မင်းနဲ့ခင်ဦး တို့ ပြဿနာဖြစ်ပြီး မင်း နယ်ထွက်သွားတယ်၊ အဲဒီကနေ အခုအထိ အတာဆိုတဲ့အမျိုးသမီးသာ မပေါ်ခဲ့ဘူးဆိုရင် ခင်ဦးကို ဒီလို မင်း ပစ်ပယ်ဥပက္ခာပြုမှာ မဟုတ်ဘူး"

ကျော်လတ်စကားကြောင့်ပင် သူ ပြန်ပြောဖို့ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



ခက်သွား၏။

သူ နယ်မှပြန်ရောက်ကတည်းက အခုချိန်ထိ သူ့အပေါ် ခင်ဦးလှိုင် ပြုမူဆက်ဆံတာတွေက လုံးဝပြောင်းလဲသွားခဲ့၏။

"မင်း ဘာမှမပြောနိုင်ဘူးဆိုရင် ငါ ဆက်ပြောပြမယ်၊ ဒီအကြောင်းတွေက မင်းသိပြီး၊ မျက်မြင်တွေ့ရပြီးသားတွေပါ၊ အတာရဲ့လှမ်းမိုးမှုကြောင့် မင်း အမှတ်မဲ့ဖြစ်နေမှာစိုးလို့ ငါပြန်ပြောရမှာ၊ မင်း တကယ်ထွက်သွားတယ်ဆိုတာလည်း သိရော၊ ခင်ဦး အရမ်းတုန်လှုပ်သွားတယ်၊ သကြံန်လည်း မဆော့ဖြစ်ဘူး၊ ရိပ်သာဝင်ဖြစ်တယ်၊ ရိပ်သာက ထွက်လာကတည်းက အစစ ပြောင်းလဲသွားတယ်၊ မင်းကို လိုက်ခေါ်မယ်လုပ်နေတုန်းမှာပဲ မင်းက ပြန်ရောက်လာတာ၊ သူ့ဘက်က မင်းကြိုက်တာတွေ မှန်သမျှ မင်းလိုချင်တာတွေ မှန်သမျှ အနီးစပ်ဆုံးဖြစ်အောင် ကြိုးစားပြနေတာ"

ခင်ဦးလှိုင်တစ်ယောက် အပြုအမူအနေအထိုင်တွေ ဘယ်လိုပြောင်းပြောင်း သူ့အတွက်ကတော့ စိတ်လှုပ်ရှားမဖြစ်ပေ။ ခင်ဦးလှိုင်နှင့် ပတ်သက်ပြီး စိတ်ပိုင်းဖြတ်ထားပြီးဖြစ်၏။

"မတတ်နိုင်ဘူး ကျော်လတ်၊ ခင်ဦး ဘာပဲဖြစ်နေဖြစ်နေ ငါ့ဘက်ကတော့ ဘာတစ်ခုမှ ပြန်ပေးနိုင်တော့မှာ မဟုတ်ဘူး၊ ငါ့မှာ အတာကလည်း ရှိနေတယ်၊ ပြီးတော့ ငါ့စိတ်က ပြန်ပြင်ဖို့ ခက်တာ ကိုယ်တိုင်အသိဆုံးပဲ"

"တစ်ခုတော့ သတိပေးချင်တယ်၊ အတာဆိုတဲ့ အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



က ရက်ပိုင်းလောက်ပဲ မင်းနဲ့တွေ့ခွင့်ရလိုက်တာပါ။ ခင်ဦးက အခု ဆိုရင် မင်းကို အစွမ်းကုန်ကြင်နာပြနေတာ၊ မင်းအနေနဲ့ ငါတို့ ပတ်ဝန်းကျင်မှာ ခင်ဦးနဲ့ ပတ်သက်ပြီး လူဆိုးဖြစ်မှန်းမသိ ဖြစ်နေမှာစိုးတယ်”

ကျော်လတ်ပြောလိုက်သောစကားကြောင့်ပင် တွေဝေသွားမိသည်။

ဒီပုံစံအတိုင်းဆိုရင်တော့ ခင်ဦးလှိုင်ဘက်က စိတ်ပျက်ပြီး လက်လျှော့သွားမည့်ပုံ မပေါ်ပေ။

ဒီအတိုင်းသာ ဆက်သွားနေရင်တော့ ခင်ဦးလှိုင်နှင့်ပတ်သက်ပြီး နေနိုင်သူ၊ မစာနာ မထောက်ထားလွန်းသူ . . . ဟု သူ့အသိုင်းအဝိုင်းက ယိုးစွပ်ကြမှာ သေချာနေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၂

သူ့အကျင့် သူ့သဘာဝအတိုင်း ဘာမှမပြောမဆိုတဲ့ နေခဲ့တာလည်း ပါ၏။ သာမန်ဖျားနာတာမျိုး . . . ဟု ယူဆပြီး မမသင်းတို့ကို သေချာမပြောဆိုဘဲ နေဖြစ်တာလည်းပါ၏။ ဆေးထိုးဆေးသောက်ရမှာကို သူ အကြောက်ဆုံးပင်။

မမသင်းတို့၊ ကိုဝေစိုးလှိုင်တို့ကလည်း အလုပ်တာဝန်တွေ၊ စာမေးပွဲတွေကြောင့် အလုပ်ရှုပ်နေသောကြောင့် သူ့ကို ဂရုမထားဖြစ်။

"ကဲ . . . ဒီနေ့တော့ မောင်လေးကို မမသင်းရော၊ ကိုဝေ ပါ နှစ်ယောက်စလုံး သေချာကြည့်မှုဖြစ်မယ်၊ မဟုတ်ရင် ခင်ဦးက စွဲချက်အမျိုးမျိုးတင်ပြီး အပြစ်တွေ အမြဲပြောနေတော့မှာ"

"ခင်ဦးက ဆရာဝန် မဟုတ်ပေမယ့် ကိုကိုအနေအထိုင်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကျန်းမာရေးကို လုံးဝအားမရဘူး၊ ဒီရက်ပိုင်းတွေမှာ ကိုကို ချောင်ကျသွားတာ သိသာလွန်းတယ်”

မမသင်းတို့ဆီမှာ အသေအချာပြပြီး စမ်းသပ်ခံမည် . . . ဟု သူ စိတ်ကူးရှိသော်လည်း နေ့ရွှေ့ညရွှေ့လုပ်ပြီး အချိန်တွေ ဖြုန်းဖြစ်သည်။

မမသင်းတို့နှစ်ယောက်စလုံးကို ခင်ဦးလှိုင်က မရမက ချော့ဆွဲပြီး သူ့ကိုစမ်းသပ်ခိုင်းမှ အလုပ်ဖြစ်သွား၏။

“ဟုတ်တယ်ကွယ်၊ ခင်ဦးပြောသလိုပဲ၊ သားလေးမှာ ရောဂါဝေဒနာတစ်ခုခုဖြစ်နေတာ သေချာသလောက်ပဲ၊ သာမန်ဖျားတာနာတာမျိုးတော့ မဖြစ်နိုင်ဘူး”

မမသင်းနှင့်ကိုဝေစိုးလှိုင်တို့ကတော့ သူ့ကို စမ်းသပ်ရင်း အချင်းချင်းပြောဆိုနေကြ၏။ သူအပါအဝင် ကျန်သူများပါ နားမလည်ကြတာတော့ အမှန်ပင်။

သေချာအောင်ပင် မမသင်းတို့က စေ့စေ့စပ်စပ် စစ်ဆေးလေတော့၏။

“အေးပါကွာ၊ မင်းတို့ဝိုင်းပြောကြတာနဲ့ သားနဲ့သမီးက ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ဆုံးဖြတ်ဖို့ ခက်နေကြပြီ၊ စိတ်အေးအေးထားစမ်းပါ”

မမသင်းကတော့ မျက်နှာညှိုးနေတာသေချာ၏။

ကိုဝေစိုးလှိုင်ကတော့ စမ်းသပ်ခြင်းတွေ ပြီးဆုံးသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကောက်ချက်ချလိုက်သည်။

"အင်း . . . ဒီပုံစံအတိုင်းဆိုရင်တော့ ရောဂါဖြစ်နေတာ ပိုသေချာအောင် ညီလေးကို ဆေးစစ်မှ ဖြစ်တော့မယ်၊ ဆေးစစ်ချက် ထွက်လာတဲ့အခါမှ အသေအချာ ပြောနိုင်မယ်"

"စိုးရိမ်ရလား ကိုကိုဝေ၊ ကိုကို ဘာဖြစ်တာလဲဟင်"

"အခုအခြေအနေအရတော့ အသားဝါချဝ်နေတာ အမှန်ပဲ၊ အသည်းရောင် အသားဝါဖြစ်ဖို့ များတယ်၊ ဆေးစစ်ပြီးလို့ ဘီပိုး ဟုတ်နေခဲ့ရင်တော့ ဆရာဝန်ကြီးတွေနဲ့ အသေအချာပြပြီး အမြန်ကုသမှဖြစ်မယ်"

"တွေ့လား၊ ခင်ဦးကို စိတ်ပူလွန်းတယ်လို့ပဲ ပြောနေကြတာ၊ ကိုကိုသာ တစ်စုံတစ်ခုဖြစ်သွားရင်တော့ ကိုကိုဝေတို့ မမသင်းတို့ မလွယ်ဘူး"

အစမ်းသပ်ခံလိုက်မှပင် သူ့အတွက် ပိုဆိုးသွားတော့၏။ အားလုံးက တည်တည်ငြိမ်ငြိမ် ရှိနေသော်လည်း ခင်ဦးကတော့ ယောက်ယက်ခတ်ပြီး ပူပန်လွန်းနေ၏။

"ညီမလေးရယ် အဲဒီရောဂါဖြစ်လည်း ဆေးဝါးကုသမှု ခံလိုက်ရင် အသေအချာ ဂရုစိုက်ရင် ပျောက်ပါတယ်ကွယ်၊ အရမ်းကြီး မစိုးရိမ်ရပါဘူး၊ ဘာတစ်ခုမှ လွန်လွန်ကျံ့ကျံ့ ဖြစ်သေးတာမှ မဟုတ်ဘဲ"

"ဒါဆိုလည်း မြန်မြန်ဆေးစစ်ပြီး အထူးကုတွေဆီမှာ ပြဖို့



www.burmeseclassic.com

www.burmeseclassic.com



အမြန်ဆုံးစီစဉ်ကြပေါ့၊ ကြာပါတယ် အခုချက်ချင်းပဲသွားမယ်၊ ကိုကိုဝေတို့ အဲဒီကိစ္စကို အမြန်ဆုံးလိုက်လုပ်ပေး”

ခင်ဦးလှိုင်၏ဖြစ်ပျက်နေပုံကိုကြည့်ပြီး သူ မနေနိုင်တော့ပေ။

“ခင်ဦးရယ် . . . ခင်ဦးပျာနေတာနဲ့ပဲ စိတ်မခိုင်တဲ့သူဆိုရင် ကိုကို ရောဂါတိုးတော့မှာ သေချာတယ်၊ ကာယကံရှင်ဖြစ်တဲ့ ကိုကိုကတောင် ဘာမှတုန်လှုပ်ရသေးတာ မဟုတ်ဘူး၊ ရောဂါဖြစ်မဖြစ်တော့ မသိဘူး ခင်ဦးကိုကြည့်ရတာနဲ့တင် ကိုကို့စိတ်တွေ ပင်ပန်းလွန်းနေပြီ”

“စိုးရိမ်ရတာပေါ့ ကိုကို၊ ကဲ . . . အပြင်သွားဖို့ ကိုကို ပြင်တော့ ဆင်တော့၊ အချိန်သိပ်ဆွဲမနေနဲ့ ကိုကို ရောဂါကို မြန်မြန်သိပြီး မြန်မြန်ကုသမှုခံတာ အကောင်းဆုံးပဲ”

ခင်ဦးလှိုင်၏စကားတွေ၊ ဖြစ်ပျက်နေပုံကိုကြည့်ပြီး ကျော်လတ်ပြောခဲ့သော စကားတွေကို ပြန်ကြားယောင်နေမိသည်။

ခင်ဦးလှိုင်ကတော့ အားလုံးတွေထက်ပိုပြီး သူ့အပေါ် ဂရုတစိုက် အစိုးရိမ်လွန်ပြနေသည်လေ။

ဆေးစစ်ချက်ရလဒ်တွေအားလုံး ထွက်လာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



အသည်းရောင် အသားဝါဘီပိုး စွဲကပ်နေသည်မှာ သေချာသွားခဲ့၏။

ရောဂါပျောက်ရန်နှင့် နောက်ဆက်တွဲရောဂါများ ထပ်ဆင့်ဝင်ရောက်မှု မရှိစေရန် ဆေးဝါးကုသမှု ခံရတော့သည်။

ရောဂါအတွက် မှီဝဲရသော ပဋိဇီဝဆေးဝါးများကြောင့်ပင် သူ နုံးခွေပြီး လူမမာတစ်ယောက်လို ဖြစ်နေတော့၏။

"ကိုကို နိုးလာပြီလား၊ ချွေးတွေလည်း ထွက်နေပါလား၊ ခင်ဦး အဝတ်လဲပေးမယ် ကိုကို"

ရောဂါဝေဒနာကို ခံစားနေရသည်ထက် ခင်ဦးလှိုင်၏ အပြုအစုတွေကို ခံနေရသည်က ပိုပြီး စိတ်ကျဉ်းကျပ်စေတော့၏။ သူကတော့ အားလုံး၏ဂရုစိုက်မှုတွေကိုခံပြီး အိပ်ရာထက်ပေါ်မှာ လူမမာလုံးလုံးကြီး ဖြစ်နေရတော့သည်။ သူ့အခန်းထဲမှာပင် ခင်ဦးလှိုင်က ညစဉ်ညတိုင်း စောင့်ပေး၏။

အချို့ညတွေမှာတော့ မေမေပါ အိပ်စောင့်၏။

"ကိုကို့ကို ဂရုစိုက်တာတော့ တစ်ပိုင်းပေ့ါ ခင်ဦးရယ်၊ ခင်ဦး အလကား အိပ်ရေးပျက်ပြီး ပင်ပန်းလွန်းပါတယ်၊ ဒီမှာ အဒေါ်ကြီးလည်း ရှိနေသားပဲ၊ နောက်ရက်တွေမှာ ကိုယ့်အိမ်မှာပဲ ခင်ဦး ပြန်အိပ်တော့နော်"

တစ်နေ့ထက်တစ်နေ့ ခင်ဦးလှိုင်၏ ဂရုစိုက်မှု အယုအယတွေကြောင့်ပင် သူ အားနာလာပြီး ကရုဏာဖြစ်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဦး မပင်ပန်းပါဘူး၊ ခင်ဦးက လူကောင်းပဲဥစ္စာ၊ ကိုကိုတို့အိမ်က အဒေါ်ကြီး ရှိတာယ်ဆိုပေမယ့် ခင်ဦးလို ရင်းနှီးတဲ့ လူတစ်ယောက်ယောက် ရှိတာက ကိုကို့အတွက် ပိုအားရှိတာပေါ့၊ မဟုတ်ဘူးလား။ ခင်ဦးက လူကောင်းပါ ကိုကို၊ ဒီလောက် ညစောင့် အိပ်ပေးရတာ ပင်ပန်းစရာမှ မဟုတ်ဘဲ"

သူက ကရုဏာဖြစ်ပြီး စေတနာဖြင့် ပြောသော်လည်း ခင်ဦးလှိုင်က လက်မခံပေ။

"မဟုတ်ဘူးလေ ခင်ဦး၊ ကိုယ့်အိမ်ကိုယ့်အိပ်ရာမှာ နားနား နေနေအိပ်စက်တာနဲ့ တူမှမတူဘဲ၊ ကိုကိုရောဂါက အသည်းအသန် ဖြစ်နေတာမျိုးလည်း မဟုတ်ဘူး၊ ကျောင်းတစ်ဖက်နဲ့ဆို တော့ ခင်ဦး ပင်ပန်းနေမှာပေါ့"

"ရတယ် ကိုကို၊ အိမ်မှာ အိပ်တာကမှ ကိုကို ဘာဖြစ်နေ မလဲဆိုပြီး ပူပန်စိတ်နဲ့ ပိုပြီး ဒုက္ခရောက်နေဦးမှာ၊ လူရော စိတ်ပါ ပင်ပန်းရမှာ၊ အခုလို ကိုကို့အနားမှာ နေရတော့ စိတ်မပင်ပန်း တော့ဘူး၊ စိတ်လည်းချတယ်လေ"

"မဟုတ်တာဘဲ၊ ခင်ဦး မပင်ပန်းဘဲနေမလား။ အခု ဘယ် အချိန် ရှိပြီလဲ၊ စောင့်နေတဲ့ အဒေါ်ကြီးတောင် အိပ်နေတာတွေ့ လား၊ ကိုကိုနိုးတာနဲ့ ခင်ဦးပါ နိုးနိုးနေတော့ အိပ်ရေးမပျက်ဘဲ နေမလားကွယ်"

ခင်ဦးလှိုင်ကို ပြောလိုက်ရင်းကပင် အတော့မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



ပြေးမြင်မိ၏။ အခုလိုအချိန်မျိုးမှာ အတာ့ကို ပိုပြီးသတိရဖြစ်တာ တော့ အမှန်ပင်။

စာတစ်စောင်တလေမှ မရေးဖြစ်ခဲ့ခြင်းအပေါ် အတာ နားလည်နိုင်ပါ့မလား။

သူ ရောဂါဝေဒနာ ဖြစ်နေသည်ကိုသာ အတာ သိရပါက အဝေးမှနေပြီး ပူပင်ကြောင့်ကျနေမှာ သေချာ၏။

"အခုပဲ ကြည့်လေ . . . ကိုကိုက နိုးပြီး အဒေါ်ကြီးက အိပ်နေတာ၊ ကိုကိုက ချွေးတွေစိုပြီး အဝတ်အစားလဲချင်ရင် ဘယ်လို လုပ်မလဲ၊ ကိုကို့ဘာသာပဲ လဲရမှာ မဟုတ်လား၊ ပြီးတော့ ကိုကို တစ်ခုခု ဖျော်သောက်ချင်ရင်ရော မခက်လား ကိုကို"

အချိန်ကို သတိထားဖြစ်တော့ ညတစ်နာရီ ထိုးနေပြီ။

သူ့ကို အဝတ်အစားတွေ လဲပေးပြီး သူ သောက်ဖို့စားဖို့ တွေကိုပါ ခင်ဦးလှိုင် လုပ်ကိုင်ပေးနေပြန်၏။

အသံဗလံတွေကြောင့်ပင် သူ့ကို စောင့်ပေးသော အဒေါ် ကြီး နိုးလာ၏။

"ခင်ဦးလေးကလည်း အဒေါ့်ကို နှိုးလိုက်တာ မဟုတ်ဘူး၊ အကုန်လုံး သမီးလေးပဲ လုပ်နေတော့တာပဲ"

"ရပါတယ် အဒေါ်ရဲ့"

ခင်ဦးလှိုင်ကြောင့်တော့ ခက်နေရပြီ။

ဒီလိုအယုအယတွေကြောင့်ပင် သူ့စိတ်တို့ပိုပြီး ကျဉ်းကျပ်



www.burmeseclassic.com

www.burmeseclassic.com



နေရ၏။ သူ့ဘက်က လိုက်လျောမှုတွေ မပေးနိုင်မှန်းကို ပြောဖို့ ဆိုဖို့ ခက်ချေပြီ။

သူ ကြုံတွေ့နေရသော အခက်အခဲ ဒုက္ခတွေကို အတော နားလည်နိုင်ပါ့မလားလေ။

ဘာပဲဖြစ်ဖြစ် ဘယ်လိုပဲနေနေ သူ့ရင်ထဲမှာတော့ အတော တစ်ယောက်သာ ထာဝရရှိနေသည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com

# ၄

အသည်းရောင် အသားဝါဘီပိုးရှိနေမှန်း သိနေပေမယ့် ဆေးဝါးကုသမှုခံယူရင်းကပင် သူ့ဝေဒနာက နည်းနည်းချင်း တိုးလာ၏။ ခင်ဦးလှိုင်သာ အပူတပြင်းမလုပ်ခဲ့ရင် ဒီထက်အခြေအနေ ဆိုးနိုင်သည်ဟု သုံးသပ်ကြသည်။

သူရော၊ အခြားလူတွေပါ ဝိုင်းပြီး ပြောကြဆိုကြလွန်းတော့ ခင်ဦးလှိုင်က ရက်ခြားအိပ်စောင့်တော့၏။

ဒါတောင်မှ သူ အဝတ်လဲချိန်မျိုးမှာ ခင်ဦးလှိုင်က ရောက်ရောက်လာတတ်၏။ ညဘက်အချိန် လျှော့သွားသော်လည်း ကျန်သည့်အချိန်များမှာ ကြုံရင် ကြုံသလို ခဏတစ်ဖြုတ်ပုံစံမျိုးနှင့် ခင်ဦးလှိုင် ရောက်ရောက်လာတတ်၏။

“မင်းလည်း မထင်မှတ်ဘဲ ဘီပိုးဖြစ်ပြီး အိပ်ရာပေါ် လဲ



www.burmeseclassic.com

www.burmeseclassic.com



တော့တာပဲ၊ ဘာပဲပြောပြော ခင်ဦး စိုးရိမ်လွန်တာတော့ မင်းရောဂါအတွက် အကျိုးရှိတာယ်၊ ခင်ဦးသာ အလောသုံးဆယ် မလုပ်ခဲ့ရင် ဒီတိုင်းပဲ မင်းဖြစ်နေမှာ"

"ခင်ဦးကို ဒီကိစ္စအတွက် ကျေးဇူးတော့ တင်ရမှာ အမှန်ပဲ ကျော်လတ်"

"ဘာလဲ ရောဂါတစ်ခုဖြစ်နေတဲ့အချိန်မျိုးမှာ ခင်ဦးက အနားမှာရှိနေလို့လား၊ ခင်ဦးရဲ့ အယုယ အကြင်နာတွေကို မင်း နားလည်ပြီး အသိအမှတ်ပြုတဲ့သဘောပေါ့ ဟုတ်လား အောင်မင်းထိုက်"

သူ့စကားအကျအနကို ကျော်လတ်က လိုရာဆွဲပြီး ပြောနေ၏။

သူနာပြုဆရာမ အနားမှာရှိနေသည်မို့ စကားကုန်ပြောဖို့ ခက်နေသည်။

"အသိအမှတ်ပြုချင်တာကို မငြင်းချင်ပေမယ့် မင်းစိတ်ထဲမှာလို ရည်ရွယ်တာမျိုးအထိတော့ မဟုတ်ဘူးကျော်လတ်၊ မင်းနဲ့ငါ အောက်ခဏဆင်းပြီး စကားပြောချင်တယ်"

အနားမှာအိမ်မှ အဒေါ်ကြီး ရှိတာကို ကျော်လတ်လည်း သဘောပေါက်ပုံရသည်။

"သွားတာလာတာမျိုး လုပ်လို့ရလို့လား"

"စောစောပိုင်းရက်တွေကတော့ ရမှာမဟုတ်ဘူး၊ အခု



www.burmeseclassic.com

www.burmeseclassic.com



တော့ အပြင်ခဏတစ်ဖြုတ်သွားတာကို ဆရာဝန်ကြီးကိုယ်တိုင် ခွင့်ပေးထားတာလေ၊ လူမမာလို့ချည်း နေရရင် စိတ်ဓာတ်ကျမှာ စိုးလို့တဲ့"

ဆေးသောက်ဖို့အချိန်က သိပ်မလိုတော့သလို တစ်ခုခု စားဖို့ သောက်ဖို့ကလည်း ရှိနေသေး၏။

အဝတ်အစားများလဲပြီး လုပ်စရာရှိတာလုပ်ပြီးရင်တော့ ကျော်လတ်နှင့် အပြင်ခဏသွားချင်သေးသည်။

" အဒေါ်ကြီး . . ကျွန်တော်တို့ အပြင်ခဏသွားမလို့"

"ဆယ်မိနစ်လောက်ပဲ လိုတော့တာပဲ၊ ခဏစောင့်ပါဦး လား၊ ခင်ဦး ရောက်လာမယ်လို့ မှာထားတယ်၊ ခင်ဦးက အဒေါ်ကြီးကို အသေအချာမှာသွားတာ၊ အဝတ်အစားကို သူကိုယ်တိုင် လဲပေးမယ်တဲ့၊ ပြီးတော့ စားဖို့သောက်ဖို့တွေပါ၊ ပါလာမယ် ပြောထားတယ်"

"တွေ့တယ်မဟုတ်လား" ဆိုသော အကြည့်မျိုးဖြင့် ကျော်လတ် ကြည့်၏။

သူ့ကိုကြည့်ရှုနေသော အဒေါ်ကြီး ပြောနေသည့်ကြားက သူ အတင်း တောင်းဆိုလို့ မဖြစ်တော့ပေ။ သိပ်မကြာခင်မှာပင် ခင်ဦးလှိုင် ရောက်လာ၏။

"ဒီကောင်ကြီးက အပြင်ခဏထွက်ပြီး ငါ့ကို လက်ဖက်ရည် တိုက်မလို့တဲ့ ခင်ဦး"



www.burmeseclassic.com

www.burmeseclassic.com



“နီးနီးနားနားနားပဲ သွားနော် ကိုကျော်လတ်၊ ကိုကိုက လုံးလုံးကောင်းသေးတာ မဟုတ်ဘူး၊ ပြီးတော့ လက်ဖက်ရည်တွေ ဘာတွေလည်း ပေးမသောက်စေနဲ့ဦး၊ ခင်ဦး ကျူတိုရီယယ်သွားဖြေ လိုက်ဦးမယ်”

“အေးပါ၊ ခင်ဦး လုပ်စရာရှိတာ လုပ်ပေးပြီးတာနဲ့ သွား လေ၊ ညမိုးချုပ်တဲ့အထိ ဒီကောင့်အနားမှာ ငါ နေပေးထားမယ်၊ ခင်ဦးလာမှ ပြန်တော့မယ်”

ကျော်လတ်နှင့်လည်း စကားပြောရင်း သူ့ဝေယျာဝစ္စများ ကို အားလုံးလုပ်ပေးသွား၏။

ခင်ဦးလှိုင်ကတော့ လူတွေပြောစရာဖြစ်လောက်အောင် ပင် သူ့ကို ဂရုစိုက်လွန်းနေ၏။

“မင်းအနေနဲ့ အခြေအနေမှန်ကို သဘောပေါက်သင့်ပြီလို့ ငါထင်တယ် အောင်မင်းထိုက်၊ ခင်ဦးရဲ့အနေအထိုင် အပြုအမူတွေ ပြောင်းသွားတာရော၊ မင်းနေထိုင်မကောင်းလို့ ပြုစုယုယနေတာ တွေကိုပါ မင်း စာနာသင့်ပြီ၊ ကြားထဲကနေပြီး ခင်ဦးကို ငါတို့ သနားလာနေရပြီ”

“သူ့စေတနာ၊ ဂရုစိုက်မှုတွေကို ငါ အသိအမှတ်မပြုချင်



www.burmeseclassic.com

www.burmeseclassic.com



တာမျိုး မဟုတ်ဘူး၊ အတာ့ကို လုံးလုံးမေ့ပစ်ပြီး ခင်ဦးရင်ခွင်မှာ တစ်ရေးအိပ်ဖို့ကိစ္စကတော့ လုံးဝမဖြစ်နိုင်တဲ့ အနေအထားပဲ ကျော်လတ်”

“ခက်တယ်ကွာ၊ ရိကာတောင် မင်းအနေအထားကို ဝေဖန်နေပြီ၊ ခင်ဦးကို မင်း စာနာသင့်ပြီတဲ့လေ၊ သူတို့က မိန်းမချင်းဆိုတော့ ပိုပြီး စာနာတတ်တာလေ”

“ငါ့မှာ အတာရှိနေတယ် ကျော်လတ်၊ ငါ့ဘဝမှာ ပထမဆုံး ချစ်တယ်လို့ ပြောဖြစ်ခဲ့တာ အတာပဲ၊ ခင်ဦးမှ မဟုတ်ဘဲ၊ အခုချိန်မှာ ခင်ဦးလိုချင်တဲ့ အတွယ်တာမျိုး၊ အခြေအနေမျိုးကို ငါ မပေးနိုင်တာကတော့ အမှန်ပဲကွာ”

သူက မစာနာစွာဖြင့် ပြောနေရခြင်းမဟုတ်။ ခင်ဦးလှိုင်ကို နားလည်ပေးချင်သော်လည်း အစွန်းစွန်အထိတော့ သူ မလိုက်လျောချင်ပေ။ သူ့ရင်ထဲမှာ အတာက သံမှို့နှယ် စွဲထင်ကျန်နေ၏။

“နေပါဦး အောင်မင်းထိုက် . . . မင်းနဲ့အတာတို့ တွေ့ခဲ့ကြတာ နှစ်တွေချီနေပြီလား၊ မင်းက ချစ်တယ်လို့သာ ပြောဖြစ်ခဲ့တာပဲ၊ အတာက ခေါင်းညိတ်ဖြစ်ခဲ့လို့လား၊ မင်းတို့နှစ်ယောက်က သစ္စာထားလောက်တဲ့ချစ်သူဘဝကို တရားဝင်ရောက်ခဲ့ကြလို့လား”

သူပြောပြ၍ပင် သူနှင့်အတာတို့နှစ်ဦး အခြေအနေအားလုံးကို ကျော်လတ် သိထား၏။

ကျော်လတ်ပြောသလို သူနှင့်အတာတို့မှာ တရားဝင်ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



တွေတော့ မဖြစ်ခဲ့ကြသေးပေ။

"အတာက အဖြေမပေးသေးပေမယ့် ဒီနှစ်သင်္ကြန်မှာ ပိတောက်တွေပွင့်ရင် သူ အဖြေပေးမယ်လို့ ပြောထားပြီးသားလေ၊ မကြာခင်မှာ ငါ ဆေးရုံကဆင်းမယ်၊ တစ်လလောက်ကြာရင် နောက်ဆုံးစာမေးပွဲ ဖြေဖြစ်မယ်၊ သင်္ကြန်ရောက်ဖို့က သုံးလ စွန်းစွန်းလောက်ပဲ လိုတော့တာ၊ အတာ့ဆီက အဖြေရပြီးတာနဲ့ အတာ့ကို ဝါမဝင်ခင် လက်ထပ်ဖြစ်ဖို့ မေမေတို့ဆီမှာ ငါ ခွင့်တောင်းဖို့ စဉ်းစားထားပြီးသား ကျော်လတ်"

အတာနှင့်ပတ်သက်သော အနာဂတ်အိပ်မက်များကိုပါ ကျော်လတ်သိအောင် သူ ပြောပြလိုက်သည်။

"ဒီစကားကြားရတော့ ခင်ဦးအတွက် ပိုစိတ်မကောင်းဖြစ်မိတယ်၊ မင်းကိုလည်း ကိုယ့်အတွက်ပဲ ကြည့်လွန်းတဲ့ အတ္တကြီးသူတစ်ယောက်လို့ ငါစွပ်စွဲချင်တယ် အောင်မင်းထိုက်"

ကျော်လတ်စကားတွေကတော့ နားဝင်မချိုပေ။

သူ့အတွက်ကတော့ အပြောခံအဆိုခံဘဝမျိုးမှာ ရောက်နေပြီ ဖြစ်၏။

"အတ္တကြီးတယ် ဟုတ်လား ကျော်လတ်၊ မင်းရော ရိုးရိုးထွန်းကို မချစ်ဘူးလား၊ ကိုယ့်ချစ်သူကို ချစ်တာကို အတ္တကြီးတယ် လို့ မင်း ဘာဖြစ်လို့စွပ်စွဲချင်တာလဲ ကြားပါတယ်လေ၊ ငါနဲ့ အတာ့ ကိစ္စကို ခင်ဦးသိအောင် မင်းပဲပြောပြလိုက်တော့၊ တစ်ရက် တစ်



www.burmeseclassic.com

www.burmeseclassic.com



နာရီကြာလာတာနဲ့ ခင်ဦးအတွက် နစ်နာစရာတွေချည်းပဲ ပြီးတော့လည်း ခင်ဦးက မျှော်လင့်ပြီး ငါ့အပေါ် ကြင်နာပြလေ သူ့အတွက်ရော ငါ့အတွက်ပါ မကောင်းတဲ့ အနေအထားတွေပဲ ကြာလာရင် ခင်ဦးအတွက် နာစရာတွေ ပိုပိုများလာလိမ့်မယ် ကျော်လတ်"

ဒီအခြေအနေရောက်မှတော့ ခင်ဦးလှိုင်ကို အသိပေးမှ ဖြစ်တော့မည်။ သူပြောဖို့ ခက်နေသောကြောင့် ကျော်လတ်အား အကူအညီတောင်းရ၏။

ကျော်လတ်ကတော့ သူ့စကားတွေကို နားထောင်ပြီး မှဲ့ပြုံး ပြုံးနေပြန်သည်။

"မင်းက ပြောလေဆိုလေပါပဲလား အောင်မင်းထိုက်၊ မင်းစဉ်းစားစမ်း၊ အခုချိန်မှာ မင်းအနားမှာ ဘယ်သူရှိနေလဲ၊ အတာဆိုတာကို ငါတို့ မမြင်ဖူးဘူး၊ သူ့စိတ် ဘာရှိတာယ်ဆိုတာကိုလည်း ငါတို့ မသိဘူး၊ ခင်ဦးကိုတော့ ငါတို့ သိတယ်၊ ခင်ဦး ဘာတွေဖြစ်နေလဲဆိုတာကို ငါတို့ မြင်နေကြားနေရတာယ်၊ အတာ့ကို မဝေဖန်ချင်ပေမယ့် ခင်ဦးကတော့ မင်းအပေါ်မှာ တကယ့်မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်နေတာကို ငါအတပ်ပြောရဲတာယ် အောင်မင်းထိုက်၊ ပြောလောက်အောင်လည်း ခိုင်လုံတဲ့ သက်သေတွေ ရှိနေတယ်"

"ခင်ဦးကို သံယောဇဉ်ဖြစ်ရုံကလွဲပြီး အခုအခြေအနေမှာ ငါ ဘာမှမတတ်နိုင်ဘူး ကျော်လတ်၊ ငါ တကယ်ချစ်မြတ်နိုးရတာက အတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီဘဝမှာတော့ သူနှင့်အတာတို့ ဝေးလို့မဖြစ်ပေ။ အတာကလည်း သူ့နှယ်ဖြစ်မည်ဟု ယုံကြည်ထားသည်။

"ဒါဆိုရင် အတာဆိုတဲ့ အမျိုးသမီး မပေါ်လာခင်တုန်းက မင်း ဘာဖြစ်လို့ ခင်ဦးကို မျှော်လင့်ခဲ့လဲ၊ ခင်ဦးနဲ့ သွားသွားလာလာ နေခဲ့တာလဲ၊ မင်းစကားတွေက တရားမဲ့လွန်းတယ်၊ ကိုယ်ချင်းစာ စိတ်ကင်းလွန်းနေတယ်"

"မတတ်နိုင်ဘူး ကျော်လတ်ရာ၊ အခုချိန်မှာ အတာနဲ့ငါ့အကြောင်းကို မင်းပြောလိုက်ပေတော့၊ ဒါဆိုရင် သူ့အလိုလို ခင်ဦးနောက်ဆုတ်သွားလိမ့်မယ်"

"မင်းထင်သလောက် မလွယ်ဘူး အောင်မင်းထိုက်၊ ငါပြောပြမယ်၊ မင်း နယ်ထွက်သွားလို့ ခင်ဦးဘက်က အမြင်မှန်တွေရပြီး မင်းကျေနပ်လောက်အောင် အသွင်ပြောင်းခဲ့တယ်၊ မင်းနဲ့အတာကိစ္စကိုလည်း ခင်ဦး သိနေခဲ့တယ်၊ ဥပမာပြောပြမယ်ကွာ မင်း အိပ်ရာပေါ်မှာ လဲနေတုန်းက သူနာပြုဆရာမလေး တစ်ယောက်ကို မင်းအနားမှာ ခေါ်ထားရင်ရသားပဲ၊ ဘာကြောင့် သူနာပြု မခေါ်တာလဲလို့ မင်းမတွေးဘူးနော်၊ အဲဒါ ခင်ဦး စီမံတာပဲ၊ မင်းနဲ့အတာ့ကိစ္စကိုလည်း သူ့ဘက်က မင်း စိတ်တိုင်းမကျဖြစ်ခဲ့လို့လို့ ယူဆတယ်၊ ပြီးတော့ တခြားမိန်းကလေးတွေရဲ့ အပြုအစု အယုအယအောက်မှာ ခဏပဲဖြစ်ဖြစ် မင်း ပျော်မွေ့သွားမှာမျိုးကို သူ မလိုလားလို့ပဲ အောင်မင်းထိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်၊ အတာနဲ့ ငါ့ကိစ္စတွေကို ခင်ဦး သိနေတယ် ဟုတ်လား"

"ခင်ဦးတင် မဟုတ်ဘူး၊ မင်းအိမ်ကလူတွေအားလုံးပါ၊ သိနေကြတယ်၊ မင်းရေးထားတဲ့ စာအုပ်ကိုလည်း သူတို့တွေဖတ်ပြီး ကြပြီ၊ မင်းကို ငါပြောခဲ့ဖူးတာ မှတ်မိလား၊ မင်းနဲ့ခင်ဦးဟာ ဒီဘဝ မှာ ဘယ်တော့မှ ရှောင်လွှဲလို့ မရကြတဲ့သူတွေဆိုတာလေ၊ ပြီးတော့ ခင်ဦး မင်းအနားမှာ ရှိနေပါလျက် တခြားတစ်ယောက်ယောက်ကို မင်းမျှော်လင့်လို့ မရဘူးဆိုတာလေ"

ကျော်လတ်ပြောလိုက်ခြင်းများကြောင့်ပင် သူ အပြောရ ကျပ်သွား၏။ ကျော်လတ်ပြောသလို သူနှင့်ခင်ဦးလှိုင်တို့ အနေ အထားများကို အတာသိသွားခဲ့ပါက ရှင်းရလင်းရမှာကတော့ သေချာနေ၏။

အတာကရော . . . ခင်ဦးလှိုင်နှင့် ပတ်သက်ဖူးခဲ့သည် များ ပတ်သက်နေသည်များကို နားလည်နိုင်ပါ့မလားလေ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၄

နာလံထခါစဖြစ်သော်လည်း ရောဂါကတော့ ကြွင်းကျန်ရစ်နေသေး၏။ နဂိုကတည်းက ဆေးထိုးဆေးသောက်ကြောက်သော သူအဖို့မှာတော့ ဝဋ်တစ်ခုလို ခံစားနေရ၏။

ဒီကြားထဲ အစားအသောက် အနေအထိုင်ကလည်း လူကောင်းတစ်ယောက်လို ပြီးစလွယ် စားခွင့် နေထိုင်ခွင့် မရခဲ့ပေ။

"ကိုကိုက ဒီနေ့မှ ကျောင်းစတက်မယ့် ကျောင်းသားလေးတစ်ယောက်နဲ့ တူနေတာပဲ"

ကိုယ့်မျက်နှာကိုယ် မှန်ထဲမှာကြည့်ပြီး စိတ်ဓာတ် နည်းနည်း ကျချင်နေ၏။ **HIV** ဟုခေါ်သော ကုသရန်ဆေးဝါးမရှိသော ရောဂါဆိုးထက် အသည်းရောင် အသားဝါရောဂါပိုးကြောင့် သေဆုံးရသောလူများက ကမ္ဘာပေါ်မှာ ပိုများနေသည် . . . ဟု သူ သိရ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဘီပိုးကို မကြောက်ဘဲ မနေတော့ပေ။

ဘီပိုး၏နှိပ်စက်မှုကြောင့်ပင် သူ ပိန်ကျသွားသလို အသား အရေတို့သည်လည်း အရင်ကလို မဟုတ်တော့ပေ။

"သိပ်လည်း ချိုးမွမ်းမနေနဲ့ဦး ခင်ဦး၊ တော်ကြာ ကျောင်းက လူတွေက မမြင်တာကြာတာရယ်၊ နေမကောင်းဘူးဆိုတာကို ကြား ထားတာရယ်ပေါင်းပြီး ဘီပိုးဖြစ်တာလို့ မတွေးဘဲ **HIV** လို့ ထင်နေ ကြဦးမယ်၊ ကိုကို့ရဲ့ ရုပ်ပိုင်းဆိုင်ရာက ရောဂါမဖြစ်ခင်က အခြေ အနေနဲ့ အရမ်းကွာသွားတာပဲ"

"အဲဒီလောက်ထိတော့ အခြေအနေ မဆိုးသေးပါဘူး ကိုကိုရာ၊ အရင်ကလိုပဲ ကိုကိုက ချောတုန်းလှတုန်း ရှိသေးတာပဲ"

ခင်ဦးလှိုင်ကတော့ သူ နေမကောင်းဖြစ်ကတည်းက ဒီနေ့ ဒီအချိန်အထိ သူ့ကို အနီးကပ်ပြုစုရုံမက၊ နှစ်သိမ့်အားပေးနေခဲ့ သူဖြစ်၏။

"သမီးလေးရေ . . . သမီးကိုကို့ကို ကားမမောင်းခိုင်းပါ နဲ့ကွယ်၊ သမီးလေးကပဲ မောင်းနော်"

"ခင်ဦးကလည်း ကိုကို့ကို ပေးမမောင်းခိုင်းဘူး၊ အရင်တုန်း က ကိုကိုက ကြိုပို့ခဲ့တာလေ၊ ဒီအချိန်မှာတော့ ခင်ဦးက ကိုကို့ကို အကြိုအပို့လုပ်ပေးရမှာ"

မိသားစုတွေအမြင်မှာတော့ သူ့အဖို့က လူမမာကြီးလုံးလုံး ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းမှာလည်း ကျန်းမာတုန်းကလို လွတ်လပ်ပေါ့ပါးစွာ မနေနိုင်တော့တာကို ကိုယ်တိုင်အသိဆုံးဖြစ်၏။

ခင်ဦးလှိုင်မောင်းသော ကားလေးကို ငြိမ်ငြိမ်လေးစီးပြီး လိုက်လာမိသည်။

ရောဂါက အကင်းမသေသေးသည်မို့ အပြင်ထွက်လိုက်သည်နှင့် ခေါင်းထဲမှာ မရှင်းချင် ဖြစ်လာသည်။

ခင်ဦးလှိုင်ကိုသာ ပြောပြလိုက်ပါက နောက်ကြောင်း ပြန်လှည့်ပြီး လိုက်ပို့ပေးမှာ မဟုတ်တော့ပေ။

"စာမေးပွဲတွေ ဖြေဖို့ တစ်လလောက်ပဲ လိုတော့တာနော် ခင်ဦး"

"စာမေးပွဲဖြေဖို့အတွက် ခေါင်းထဲ သိပ်မထည့်ထားပါနဲ့ စာတွေကိုလည်း အရမ်းကြည့်ဖို့ မစဉ်းစားနဲ့ကိုကို၊ ကိုကိုက ကျောင်းကို နေ့တိုင်း မတက်နိုင်တာရော၊ ကျောင်းပျက်တာများခဲ့တဲ့အတွက်ရော၊ ဆရာသုံးယောက်ကို အိမ်မှာ ခေါ်သင်ဖို့ ကိုကျော်လတ်နဲ့ စီစဉ်ထားပြီးပြီ"

"ကိုကို့အတွက်နဲ့ ခင်ဦးတော့ လူပင်ပန်း စိတ်ပင်ပန်းဖြစ်နေတော့တာပဲနော်"

"အရေးအကြောင်းမှာ ကိုကို့အနားမှာ ခင်ဦးရှိနေပေးရတာပဲလေ၊ ခင်ဦးက လူကောင်းပဲ၊ ပင်ပန်းတယ်လို့ ခင်ဦးစိတ်ထဲမှာ သဘောမထားဘူး ကိုကို၊ ဒီအချိန်မျိုးမှာ ကိုကို့ကို ဂရုမစိုက်လို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်မျိုးမှာ ဂရုစိုက်ရမှာလဲ”

ခင်ဦးလှိုင်စကားတွေက ပညာသားပါနေ၏။ ခင်ဦးလှိုင်၏ သံယောဇဉ်အယုအယတို့ကို သူနားလည်ပေးချင်၏။

“ကောင်းပါပြီ ခင်ဦးရယ်”

အတာနှင့်သူ့အကြောင်းကို ခင်ဦးလှိုင် သိနေပါလျက်၊ သူ့အပေါ်မှာ အပြစ်မမြင်ရုံမက၊ သံယောဇဉ်တို့သည် မလျော့ပါး သွားခဲ့ပေ။

“ဟော . . . ဟိုမှာ ကိုကျော်လတ်နဲ့ မရီရီထွန်းတို့တောင် ကိုကို့အလာကို အသင့်စောင့်နေကြတာ”

သူတို့ကားလေး ရပ်လိုက်သည်နှင့် ကျော်လတ်က တံခါး လာဖွင့်ပေးသည်။ သူ့ပခုံးကို ဖက်ရင်းကပင် . . .

“မင်းလာမယ်မှန်းသိလို့ ရီက အတန်းမသွားသေးဘဲ တမင် စောင့်နေတာ”

“ဟုတ်တယ် ကိုအောင်မင်းထိုက်၊ နေမကောင်းဖြစ်နေ တုန်းက နှစ်ခါလောက်ပဲ သတင်းလာမေးဖြစ်တာလေ၊ အခုရော နေသာထိုင်သာ ဖြစ်သွားပြီ မဟုတ်လား”

“အရင်ထက်စာရင်တော့ ထူထူထောင်ထောင် ဖြစ်လာပြီ လို့ ပြောရမှာပဲ ရီရီထွန်း”

“ကဲ . . . ခင်ဦးတော့ ကျောင်းကို ပြေးလိုက်ဦးမယ်၊ ဆေး သောက်ချိန်ကျရင် ပြန်လာခဲ့မယ်၊ ကိုကျော်လတ်ကို သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



အပ်ထားခဲ့မယ်နော်၊ ဘာအစားအသောက်မှ မကျွေးမိစေနဲ့ဦး၊ ကိုကို သောက်ဖို့ ရေဘူးရှိတယ်နော်၊ ဆာရင်စားဖို့လည်း ပါတယ်"

ခင်ဦးလှိုင်ကတော့ သူ့အတွက် စားစရာသောက်စရာများ ကို ကျော်လတ်ထံ လွှဲပြောင်းပေး၏။

"ဆေးတိုက်ရုံသက်သက်နဲ့တော့ တစ်ခေါက်လာမနေနဲ့ ခင်ဦး၊ ငါတိုက်လည်း ဖြစ်ပါတယ်၊ ခင်ဦး အားလုံးပြီးမှ ဒီကောင် ကြီးကို လာခေါ်လှဲ့"

"ဟုတ်တယ် ခင်ဦး၊ ပြန်မှပဲ လာခေါ်ပါ၊ ကိုကိုတော့ ဒီမှာ ပဲ အေးအေးဆေးဆေး နားနေရင်း စောင့်ပါ့မယ်"

ခင်ဦးလှိုင်တစ်ယောက် ကျောင်းသွားတက်ရသော်လည်း နောက်ဆံတင်းချင်နေ၏။

ခင်ဦးလှိုင် စိတ်ကျေနပ်အောင် သူပြောလိုက်မှ စိတ်ချ သွားပုံရသည်။

သူ အတန်းထဲဝင်ပြီး ဆရာစာသင်တာကို တက်ကြည့် လိုက်သည်။ ဆရာ့ကို အားနာသောကြောင့် မနည်းအောင့်အီးပြီး အချိန်ပြည့်အောင်နေလိုက်ရသည်။ အပြင်မထွက်တာ ကြာတာ ရော၊ လူတွေကိုကြည့်ပြီး မူးနောက်နောက် ဖြစ်ချင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ ဆရာခေါ်သင်ဖို့ ခင်ဦးစီစဉ်တာ မင်းအတွက် အရမ်းကောင်းတယ်၊ မင်းအနေနဲ့ အခုချိန်မှာ စိတ်ရောလူပါ အပင်ပန်းခံလို့ မရတာတော့ သေချာတယ်"

"ဆရာတွေ ခေါ်သင်ရင် မင်းပါ လိုက်တက်ပေါ့၊ ငါ့အဖော်ရသလို မင်းအတွက်လည်း အကျိုးရှိတာပေါ့"

"အေးကွ . . . အဲဒါကြောင့်ပဲ ငါအတန်းလစ်တာများပြီး ရိုဆီ ရောက်နေတော့တာပဲ၊ မင်း နေမကောင်းဖြစ်လိုက်တာ ငါ့အတွက် နည်းနည်းတော့ အကျိုးရှိသွားတယ်၊ ဒါနဲ့နေပါဦး အတာ့ဆီ သွားဖို့နဲ့ အတာ့ကို လက်ထပ်ဖို့ကိစ္စတွေကို မင်း အစီအစဉ် ပြောင်းလိုက်ပြီလား"

အတာ့ကို တွေ့ချင်နေသည်။ သူ မမာမကျန်းဖြစ်သော အခုလိုအခါမျိုးမှာ ပိုလို့ပင် အတာ့ကို တောင့်တမိသည်။

"အဲဒါတွေက ငါ့ဘဝမှာ အဖြစ်ချင်ဆုံး မျှော်လင့်ခြင်းတွေပဲ၊ ဘာလို့အစီအစဉ် ပြောင်းရမှာလဲ၊ ဖြစ်နိုင်ရင် အတာ့ဆီ အခုတောင် သွားတွေ့ချင်တာ"

"ကောင်းတယ် အောင်မင်းထိုက်၊ ခင်ဦးသာ ကြားရင်တော့ ရင်ကျိုးမှာပဲ၊ ငါတော့ ခင်ဦးကို သနားလာတယ်၊ ဘီပိုးဟာ ကူးစက်လွယ်တဲ့ရောဂါမျိုးဆိုတာကို သူသိနေတာတောင် မင်းအနားမှာ ဒီနေ့အထိ လက်ပွန်းတတီးနေပြီး ပြုစုယုယနေတာ ခင်ဦးကို မင်း မငဲ့ကွက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ပိုင်းစီပါ ခင်ဦးက"

"ခင်ဦးကတွေ ဘာတွေလုပ်မနေနဲ့ အောင်မင်းထိုက်၊ မင်းကို ပြောခဲ့ဖူးတာကို မင်း မှတ်မိသေးလား၊ ခင်ဦး မင်းအနားမှာ ရှိနေသမျှ တခြားတစ်ယောက်ကို မင်းမျှော်လင့်ဖို့ဆိုတာ မဖြစ်နိုင်ဘူး ဆိုတာလေ၊ အခုနေများ အတာက ခင်ဦးနဲ့ မင်းတို့အခြေအနေကို တွေ့လည်းတွေ့မယ်၊ ကြားလည်းကြားမယ်ဆိုရင် မင်းအတာရဲ့ ခြေလှမ်းတွေ စိတ်ကူးယဉ်မှုတွေ တန့်သွားမှာပဲ၊ ပြီးတော့ ခင်ဦးကလည်း မင်းကို လက်လွှတ်ဆုံးရှုံးမခံချင်လို့ကို ဒီလောက်ထိ ပေကပ်ပြီး မင်းအနားမှာရှိနေတာ"

ကျော်လတ်စကားတွေကြောင့်ပင် သူ့စိတ်ထဲမှာ မွန်းကျပ်ကျပ်ကြီး ဖြစ်သွားရသည်။ အာခေါင်ခြောက်လာသောကြောင့် ခင်ဦးလှိုင် ထည့်ပေးခဲ့သော ခြင်းထဲမှ ရေသန့်ဘူးကို ဆွဲထုတ်ပြီး တစ်ငုံသောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၇

ဆရာဝန်ကြီးဆီ ပြန်ပြဖို့ရက်ရောက်တော့ ခင်ဦးလှိုင် မလိုက်ဖြစ်တော့ပေ။ သူ ဆေးခန်းသွားမည့်အချိန်နှင့် ခင်ဦးလှိုင်၏ သူငယ်ချင်းဖြစ်သူ မင်္ဂလာဆောင်မည့်အချိန်က သွားတိုက်နေ၏။

သူနှင့်အတူ ကိုဝေစိုးလှိုင်နှင့်ကျော်လတ်တို့ အဖော်လိုက်ခဲ့ကြမည်။ သူတို့သုံးဦး အထူးကုဆရာဝန်ကြီးဆီ သွားခါနီးမှာပင် ခင်ဦးလှိုင်က မင်္ဂလာဆောင်သွားဖို့ပြင်ဆင်ပြီးထွက်လာ၏။

ကိုဝေစိုးလှိုင်ကွယ်သည်နှင့် သူ့ကို ကျော်လတ် တိုးတိုးလေး ကပ်ပြော၏။

"တွေ့လား အောင်မင်းထိုက် . . . မင်္ဂလာဆောင်သွားမယ့် ခင်ဦးက ဘယ်လောက်ကျက်သရေရှိလဲ၊ မင်းနဲ့စိတ်ကောက်ပြီးကတည်းက ခင်ဦးရဲ့ ဝတ်ပုံစားပုံတွေက လုံးဝပြောင်းသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ဦးလှိုင်အလှက အရင်နှင့်မတူဘဲ ကွန့်မြူးရွှင်ပျ ကျက်သရေရှိနေတာကိုတော့ အတင်းဖွင့်ပြီး မျက်လုံးမကန်းချင်ပေ။

သူ့ရင်ထဲမှာ အတာရှိနေသည်မို့ ခင်ဦးလှိုင်၏အလှကို တစ်ခဏအေးမောရုံမျှသာ သူတတ်နိုင်သည်ပဲ။

"ကိုကိုတို့ သွားတော့မှာလား"

"ဟုတ်တယ် ခင်ဦး"

"ခင်ဦးလည်း မသွားမဖြစ် သွားရမယ့် မင်္ဂလာဆောင်မို့ လို့သာ၊ ပြီးတော့ ယောက်ျားလေးဘက်ကလည်း မမသင်းတို့ ကိုကိုဝေတို့နဲ့ ပတ်သက်နေတာလေ"

ခင်ဦးလှိုင်နှင့်အတူတူ မမသင်းကလည်း မင်္ဂလာဆောင်သို့ လိုက်သွားမည်ဖြစ်၏။

"စိတ်ချသွားပါ ခင်ဦးရယ်၊ ငါရော ကိုဝေစိုးလှိုင်ပါ, ပါနေပါတယ်"

"ဟိုလေ . . . အဝတ်အစားအပိုရော ပါသေးလား၊ လူနာတွေများတော့ စောင့်ရမှာ၊ ကိုကိုချွေးထွက်လွန်ပြီး အအေးပြန်ပတ်နေမယ်၊ ချွေးအရမ်းထွက်ရင် ဒီတိုင်းပေမနေနဲ့ ကိုကို အဝတ်လဲဖြစ်အောင်လဲနော်"

အစ်ကိုဖြစ်သူရှေ့မှာပင် မျက်နှာပူစရာကောင်းလောက်အောင် ခင်ဦးလှိုင်က ဂရုစိုက်ပြနေ၏။ သူ့အဖို့ရော ကိုဝေစိုးလှိုင်အဖို့ပါ ဒီစကားသံတွေ ဒီအပြုအမူတွေ ကြုံဖူးဖန်များတော့ နေလို့



www.burmeseclassic.com

www.burmeseclassic.com



သာတော်သေး၏။

“ကဲ . . . သားရေ . . . ခင်ဦး ဒီလောက် စိတ်မချဖြစ်နေလည်း ခင်ဦးကိုယ်စား မေမေပါ ဆေးခန်း လိုက်ခဲ့ပေးမယ်”

“ရပါတယ် မေမေရာ၊ ကျော်လတ်တို့ ပါနေသားပဲ၊ သားကလည်း ဒီလောက်ကြီး ဖြစ်နေတာ မဟုတ်တော့ပါဘူး၊ အိမ်မှာပဲ မေမေ အေးအေးဆေးဆေးနေခဲ့ပါ”

မေမေလိုက်မည်ဖြစ်သောကြောင့် သူ တားလိုက်ရသည်။

အပြင်ထွက်ကြတော့ ခင်ဦးလှိုင်တို့ကားနှင့် ရှေ့ဆင့်နောက်ဆင့်ပင် ထွက်ခဲ့ကြသည်။

သွားရမည့်ခရီးလမ်းကြောင်းချင်းက မတူကြ။ လမ်းခွဲခါနီးလမ်းဆုံမီးပွိုင့်အထွက်မှာပင် ခြေဟန်လက်ဟန်တွေဖြင့် ခင်ဦးလှိုင်ပြောသွားသေး၏။ ခင်ဦးလှိုင်ကြောင့်လည်း သူ့ပတ်ဝန်းကျင်မှာ အနေကျပ်ရတော့၏။ သူနှင့်အတာတို့၏ ရှေ့ရေးရှေ့ရာအတွက်လည်း တစ်စစ ရင်လေးလာမိသည်။

ဆေးခန်းရောက်တော့ အခြေအနေက တစ်မျိုးပြောင်းသွားသည်။

“ညီလေးရေ . . . ဆရာဝန်ကြီးကတော့ အရေးကြီးတဲ့



www.burmeseclassic.com

အစည်းအဝေးရှိလို့ သူကြည့်မယ့်လူနာတွေကို နောက်နှစ်နာရီရွှေ့ ပြီး ချိန်းတယ်၊ ဒီတော့ ဘာလုပ်မလဲ၊ ညီလေးတို့ အိမ်ပြန်မလား”

“မင်း ဘာလုပ်ချင်လဲ အောင်မင်းထိုက်”

သူက ကာယကံရှင်မို့ သူ့သဘောကို ကျော်လတ်ကပါ မေး၏။

“ကိုဝေစိုးလှိုင်ကရော”

“ညီလေးတို့ ပြန်ချင်ပြန်လေ၊ မြို့ထဲရောက်လက်စနဲ့ အစ်ကိုက သွားစရာရှိတာ သွားမယ်၊ ပြီးမှ ဆေးခန်းမှာ ပြန်ဆုံကြ တာပေါ့၊ ဆရာကြီး ရောက်လာရင်တော့ အစောဆုံးပြနိုင်အောင် အစ်ကို ပြောထားပြီးပြီ”

“ဒါဆိုရင်လည်း အိမ်မပြန်တော့ပါဘူး ကိုဝေစိုးလှိုင်ရာ၊ နေမကောင်းဖြစ်ကတည်းက ကျွန်တော်လည်း မြို့ထဲမရောက်တာ ကြာပြီ၊ ကျော်လတ်နဲ့ မြို့ထဲမှာ လျှောက်သွားရင်း အချိန်ဖြုန်းနေ လိုက်မယ်၊ ကိုဝေစိုးလှိုင် ကားယူသွားလေ”

“ရတယ် ညီလေး၊ ညီလေးတို့သာ ယူသွား၊ ကားရှိနေတော့ သွားချင်တဲ့နေရာကို အလွယ်တကူ သွားနိုင်တာပေါ့”

ကိုဝေစိုးလှိုင်ကတော့ သူတို့နှင့်လမ်းခွဲသွား၏။

သူနှင့်ကျော်လတ်လည်း ကားတစ်စီးဖြင့် မြို့ပတ်ဖြစ်ခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဝေစိုးလှိုင်က ဂျူတီဝင်စရာရှိသည်မို့ ဆေးရုံဝင်ပို့ပေးပြီးမှ ကျော်လတ်နှင့် အိမ်ပြန်ဖြစ်သည်။

သူ အိမ်ပြန်ရောက်ရောက်ချင်းမှာ မထင်မှတ်ဘဲ ဦးလေးကြီးငွေကို တွေ့လိုက်ရသည်။

"ဟာ . . . ဦးလေး ဘယ်တုန်းက ရောက်တာတုန်း"

"အောင်မင်းထိုက် ငါ့တူ လမ်းမှာသွားရင်းလာရင်း အမှတ်တမဲ့တွေ့ရင် ဦးလေး မှတ်မိမှာမဟုတ်ဘူး၊ မင်းမေမေတို့က ဒါကြောင့် ပြောတာပဲ၊ မင်း ပိန်ကျသွားလိုက်တာ"

"အခု ပြန်ကောင်းစပြုပါပြီ ဦးလေးရာ၊ အခုပဲ ဆရာဝန်ပြပြီး ပြန်လာခဲ့တာ"

"အေး ငါတို့ဆီကို လိုက်လည်ပြီးမှ ရောဂါဖြစ်တာဆိုတော့ စိတ်တောင်မကောင်းဘူး"

"မဆိုင်ပါဘူး၊ ရောဂါက သူ့ဘာသာ အစောကြီးကတည်းက ဖြစ်နေတာပါ၊ ဦးလေး ရန်ကုန်မှာ ကြာမှာလား"

"အခုပဲ ဝယ်စရာခြမ်းစရာရှိလို့ သွားဝယ်မလို့ မနက်ဖြန်မနက် ပြန်မယ်ကွာ"

"ကျွန်တော် လိုက်ပို့ပေးမယ်"

"မဟုတ်တာဘဲ၊ ငါ့ဘာသာ သွားပါ့မယ်"

"ဒါဆိုလည်း ကျွန်တော့်သူငယ်ချင်းကျော်လတ်ကို ကားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးလိုက်မယ်၊ ကျော်လတ် . . . မင်းပဲ ဦးလေးကို လိုက်ပို့ပေး လိုက်ပါဦး”

ဦးလေးကိုတော့ ညရောက်မှ အတာ့အကြောင်း အေးအေး ဆေးဆေး မေးမည် . . . ဟု စိတ်ကူးလိုက်၏။

“နေဦးကွ . . . မင်းကိုကြည့်ပြီး အဓိကအကြောင်းတောင် မပြောရသေးဘူး၊ အတာပါ, ပါလာတယ်၊ ငါနဲ့အတူတူ လိုက်လာ တာ၊ မင်း မလာတဲ့အဆုံးမို့ သူ့အဒေါ်အိမ်ကို သွားတာ”

“အတာက ကျွန်တော့်အိမ်မှာ တည်းမှာလား”

“သူ့အဒေါ်အိမ်မှာ တည်းမှာ၊ အတာကတော့ ရန်ကုန်မှာ လေးငါးရက်လောက် နေမယ်လို့ ပြောတယ်”

အတာကိုယ်တိုင် သူ့အိမ်သို့ လာလည်သည်ဆိုသော ကြောင့် သူ ဝမ်းသာသွား၏။

မမြင်ရတာကြာပြီဖြစ်သော အတာ့မျက်နှာကို မြင်တွေ့ရ တော့မည်ဖြစ်၏။

✝✝✝

www.burmeseclassic.com

www.burmeseclassic.com

# ၆

“အတာဆိုတဲ့ မိန်းကလေးကတော့ ယဉ်ယဉ်ကျေးကျေး လေးနဲ့ လှလည်းလှတယ်၊ သားကိုယ်စား မေမေတို့က ကောင်း ကောင်းဧည့်ဝတ်ကျေလိုက်ပါတယ်”

အတာ့ကို မြင်ပြီးသည့်မှ မေမေ သဘောကျတာ မဆန်း ပေ။ မေမေ့စကားတွေကတော့ နည်းနည်းလေးဆန်းနေ၏။

“ဖေဖေလည်း တွေ့ဖူးအောင်လို့ အတာ့ကို အိမ်မှာ ထမင်းဖိတ်ကျွေးချင်တယ်မေမေ၊ ဦးလေးတို့ဆီသွားတုန်းက အတာ တို့အိမ်မှာပဲ သားတည်းခဲ့တာ၊ သူတို့ ဧည့်ဝတ်ကျေသလို ရောက် တုန်းရောက်ခိုက်မှာ သားလည်း ဧည့်ဝတ်ကျေချင်တယ် မေမေ”

အတာ့ကို လူကြီးတွေနှင့် မိတ်ဆက်ပေးချင်သည့်မှ ထမင်း စား ဖိတ်ခေါ်မှုကို တရားဝင်တောင်းဆိုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့ကွယ်"

မေမေနှင့်စကားပြောနေစဉ်မှာပင်မမသင်းရောက်လာ၏။

ဒါဆိုရင် ခင်ဦးလှိုင်လည်း ပြန်ရောက်လာပြီး အတာနှင့် ခင်ဦးလှိုင်တို့ ဆုံဖြစ်ခဲ့ကြပြီလား မသိ။

"မောင်လေးအတာက အပြစ်ပြောစရာ မရှိဘူး၊ မိန်းမ တစ်ယောက်မှာရှိတဲ့ ကောင်းခြင်းငါးဖြာနဲ့လည်း ပြည့်စုံတယ်၊ ဒါပေမဲ့ကွယ် အကြီးအာရုံရှိတဲ့တာကတော့ သူ့မှာ ရှိနေတဲ့ အလှ တွေအားလုံးကို ဖျက်ဆီးပစ်လိုက်သလိုပဲ၊ သူ့ခမျာ သနားစရာပဲ၊ မမတို့အလယ်မှာ ဘာပြောလို့ ဘာဆိုမှန်းတောင် မသိဘူး၊ မမတို့ ပြောတာတွေကိုလည်း သူ့ခမျာ ကောင်းကောင်း ပြန်မပြောနိုင်ဘူး၊ ဦးလေး ရှင်းပြတော့မှ နားမကြားဘူးဆိုတာကို သိရတော့တာ"

အတာ့အတွက် ချိုးမွမ်းခန်းတွေကို ဖွင့်ပြပြီးမှ နားပင်း သည်ဆိုသော အချက်နှင့် ပိတ်လိုက်တာ အကြားမတော်ချင်ပေ။

မမသင်းကလည်း အရှိအတိုင်း အဖြစ်အတိုင်းကို ကရုဏာ နှင့် ပြောသည်မို့အပြစ်မဆိုသာ။

"ကောင်မလေးခမျာ တောကြိုအုံကြားမှာ နေရတာမို့ တော်သေးတယ်၊ မြို့ပေါ်တွေ ဘာတွေမှာဆိုရင် သူ့ခမျာ လူ့ အသိုင်းအဝိုင်းထဲ ဝင်ဆန့်ရှာမယ် မထင်ဘူး"

သူ့ကို စိတ်ဓာတ်ရေးရာအရ တိုက်ခိုက်လိုက်သော စကား . . . ဟု နားလည်လိုက်သည်။ အတာနှင့်ပတ်သက်ပြီး စည်းရုံးနေ



www.burmeseclassic.com

www.burmeseclassic.com



ချိန်မိုးမှာ မေမေ့ကို အတိုက်အခံမပြောသင့်မှန်း သတိပြုမိသည်။

“အတာက သနားစရာကောင်းတဲ့ မိန်းကလေးပါ မေမေ”

“မေမေတို့ကလည်း မုန်းစရာကောင်းတယ်လို့ ပြောနေကြတာမှ မဟုတ်တဲ၊ ဟော . . . ခင်ဦးလေးကဆိုရင် မိန်းကလေးကို မြင်မြင်ချင်းမှာ သနားပြီး ခင်သွားရှာတာ၊ ခင်ဦးကိုယ်တိုင်ပဲ မိန်းကလေးတည်းမယ့်အိမ်ကို ကားနဲ့ လိုက်ပို့ပေးတော့တာလေ”

“အခု ခင်ဦး ပြန်ရောက်ပြီလား”

“မရောက်သေးဘူး မောင်လေး၊ ခင်ဦးအကြောင်းကိုလည်း သိရဲ့သားနဲ့၊ လမ်းမှာ တစ်ခုခု ညှော်ခံဦးမှာပေါ့၊ ခင်ဦးက ခင်မိပြီဆိုရင် အသည်းအသန်ဆိုတာ သိရဲ့သားနဲ့”

ဒီပုံစံအတိုင်းဆိုရင်တော့ အတာနှင့်ခင်ဦးလှိုင်တို့ ဆုံဖြစ်ခဲ့ရုံမက ရင်းတောင်ရင်းနှီးနေကြတော့မှာ ဖြစ်၏။

သူနှင့်အတာ့အကြောင်းကို ခင်ဦးလှိုင် သိထားပါလျက် အတာ့ကို နွေးထွေးစွာ ဆက်ဆံသည့်အတွက် ကျေးဇူးတင်မိသည်။

ခင်ဦးလှိုင်မှ မဟုတ်ပါလေ။ မေမေနှင့်မမသင်းတို့သည်ပင် အတာနှင့်သူ့အကြောင်းကို သိထားကြသည်ပဲ။

ခင်ဦးလှိုင် ပြန်ရောက်လာလာချင်းမှာပင် ခရီးဦးကြိုပြုလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုတို့က ဆေးခန်းပြတာ အရမ်းကြာသွားတာပဲ"

"ဟုတ်တယ် ခင်ဦး၊ ဆရာဝန်ကြီးက အစည်းအဝေးရှိလို့ အချိန်နှစ်နာရီ ရွှေ့လိုက်လို့လေ၊ ပထမတုန်းက အိမ်ပြန်ပြီးမှ ပြန်သွားဖို့ပဲ၊ မြို့ထဲရောက်လက်စနဲ့မို့ မပြန်တော့ဘဲ အချိန်ဖြုန်းနေလိုက်တာလေ"

"ကောင်းတာပေါ့၊ လည်တဲ့ပတ်တဲ့အတွက် ကိုကို့အတာနဲ့ ကိုကို လွဲသွားတာပေါ့"

'ကိုကို့အတာနဲ့' ဆိုသော စကားကို ပြောလိုက်တော့ ခင်ဦးလှိုင်မျက်နှာလေး တစ်မျိုးဖြစ်သွားသည်ကို သတိထားဖြစ်သည်။

"အတာ့ကို ခင်ဦး လိုက်ပို့ပြီး ပြန်လာတာနော်"

"ဟုတ်တယ် ကိုကို၊ ကိုကို့ဧည့်သည်ဆိုတော့ ဧည့်ဝတ်ကျေအောင် လုပ်ပေးဖို့ ခင်ဦးမှာ တာဝန်ရှိတာယ် မဟုတ်လား"

"ကျေးဇူးတင်ပါတယ် ခင်ဦးရယ်"

ရင်ထဲမှာ ကိုယ်စီသိနေကြသော်လည်း ဖွင့်မပြောကြပေ။ ခင်ဦးလှိုင်တစ်ယောက် တတ်နိုင်သမျှ ဖုံးဖိစွာ ပြုမူနေထိုင်မှန်း သိသာနေ၏။

"မမအတာက ချောတယ်၊ ယဉ်တယ်၊ ပြီးတော့ သဘောထားလည်း ကောင်းတယ်"

ခင်ဦးလှိုင်က တကယ့်စိတ်ရင်းဖြင့် အတာ့ကို ချီးမွမ်းပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ခင်ဦး၊ ဒါကြောင့်ပဲ ကိုကိုနဲ့အတာတို့ ခင်မင်ဖြစ်ခဲ့ကြတာ၊ သူ နားမကြားတာက တကယ့်အားနည်းချက် တစ်ခုလို ဖြစ်နေတာ၊ အဲဒီအတွက်တော့ တကယ်စိတ်မကောင်းစရာပဲ"

"ဘာဖြစ်လဲ ကိုကို၊ သူလည်း ဒီလိုဘယ်ဖြစ်ချင်ပါ့မလဲ၊ သူ့ဘဝအကျိုးပေးလို့ နားလည်ပေးရမှာပေါ့"

ခင်ဦးလှိုင်ကိုတော့ စိတ်ထဲကနေ ချီးကျူးနေမိသည်။ သူနှင့် ပတ်သက်တာကိုသိပြီး အတာ့ကို ရင့်ရင့်သီးသီး ဆက်ဆံလိမ့်မည် . . . ဟု သူ အထင်ရှိခဲ့ခြင်းအတွက် နောင်တရနေမိသည်။

"ရွာမှာတုန်းက သူ့အိမ်မှာပဲ တည်းတာ၊ လိုလေသေးမရှိ ဧည့်ဝတ်ကျေခဲ့တယ်၊ သူ ရန်ကုန်ရောက်တုန်း ကိုကိုကလည်း ဧည့်ဝတ်ကျေမှကောင်းမယ်၊ အတာတည်းတဲ့ အိမ်လိပ်စာကို ခင်ဦး မှတ်မိလား"

မလိမ့်တပတ်ဖြင့် အတာတည်းသည့် အိမ်လိပ်စာကို မေးလိုက်မိသည်။ အတာ့အပေါ် စိတ်မယုတ်သော်လည်း ဒီကိစ္စမျိုးကျတော့ ခင်ဦးလှိုင်က အကင်းပါးလွန်းနေ၏။

"ဘာလုပ်ဖို့လဲ ကိုကို"

"တခြားမဟုတ်ပါဘူး၊ ကိုကို့ဆီကို အတာ လာသွားတာလည်း မတွေ့ဘူးလေ၊ ပြီးတော့လည်း သူလည်ချင် ပတ်ချင်တာရှိရင် လိုက်ပို့ပေး မလို့ပါ၊ အထူးသဖြင့် ရွှေတိဂုံဘုရားကို ပို့ပေးချင်လို့လေ"

"ကိုကိုက အခုမှ တွေးမိတာ၊ ခင်ဦးက လိုက်ပို့ပေးဖို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



တောင်ပြောခဲ့ပြီးပြီ သိလားကိုကို၊ မနက်ဖြန် ပို့ပေးမှာ”

သူနှင့် အနေမနီးရန်အတွက် ခင်ဦးလှိုင်ကတော့ ကာစစ်တွေကို စနစ်တကျ ဖန်တီးနေပြီ။

“ပြောလက်စဆိုရင်တော့ တခြားနေရာတွေကိုနောက်နေ့ မှ ခင်ဦး ပို့ပေးချင်ပေးလေ၊ ရွှေတိဂုံကိုတော့ ကိုကို လိုက်ပို့ပေးမယ်”

“မနက်ဖြန်မှာ မမတာတည်းမယ့်အိမ်ကို သွားခေါ်ပြီး ကိုကိုနဲ့ခင်ဦးတို့ ဘုရားလိုက်ပို့ပေးရင်လည်း အတူတူပဲ မဟုတ်လား ကိုကို”

သူ ဆက်ပြီး ဆင်ခြေပေးဖို့ အခက်တွေ့သွားသည်။

ဆက်ပြောရင်လည်း အတာနှင့်နှစ်ယောက်တည်း သိပ်သွားချင်နေမှန်း သိသာသွားတော့မည်။ အတာ့ကိုတွေ့ရဖို့က အရေးကြီးသည် မဟုတ်လား။ သူ တစ်ယောက်တည်း သွားတွေ့ဖို့အတွက် ခင်ဦးလှိုင်က လိပ်စာမပေးမှာ သေချာနေ၏။

“ကောင်းပြီလေ၊ ဒါဆိုလည်း မနက်စောစော အိပ်ရာထပြီး ခင်ဦး ပြင်ထားဆင်ထားပါ၊ ကိုကိုတို့ အတာ့ကို အတူတူ သွားခေါ်ပြီး ဘုရားသွားကြတာပေါ့”

တကယ်တော့ ခင်ဦးလှိုင်တို့သာ ဟန်ဆောင်ကောင်းနေကြသည် မဟုတ်။ သူကလည်း ကျရာဇာတ်ရုပ်အတိုင်း ပီပြင်စွာ ဟန်ဆောင်နေရသည်ပဲ။

✞✞✞

www.burmeseclassic.com

www.burmeseclassic.com

အတာ့ကို တွေ့ရမည်ဆိုသောအသိကြောင့် ကောင်းကောင်းပင် အိပ်မပျော်။ အိပ်ဆေးသောက်အိပ်ရအောင်လည်း မနက်စောစောမနိုးရင် အခက် . . . ဟု ပူမိသည်။ အတာ့ကို ပြောမည့်စကားများကို စိကြည့်ရင်းကပင် သူ မှေးခနဲ အိပ်ပျော်သွား သည်။

မနက်လင်းတော့ ခင်ဦးလှိုင်၏ အရိပ်အခြည်ကို အကဲခတ်ရသည်။

သူ အဝတ်အစားလဲနေစဉ်မှာပင် ခင်ဦးလှိုင်၏အသံကို ကြားရသည်။

"ကိုကိုရေ မပြီးသေးဘူးလား"

"ပြီးပြီ ခင်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ခင်ဦးလှိုင်ကြားအောင် အသံမြှင့်ပြောရင်းကပင် သူ့ ရေးလက်စ စာအုပ်လေးကို ကွယ်ဝှက်ယူခဲ့ရ၏။

"ဒီနေ့ ကိုကို အရင်နေ့တွေနဲ့ မတူဘူး၊ စိတ်ရောကိုယ်ပါ တော်တော်ရွှင်နေတာနော်"

"ခင်ဦးရယ် . . . ဘုရားသွားမှာဆိုတော့ စိတ်က ကြည်လင်ပြီးသား ဖြစ်နေတာလေ"

"အသိအကျွမ်းဟောင်းနဲ့ ပြန်တွေ့ရမှာလည်း ပါမှာပါနော် "

ခင်ဦးလှိုင်စကားကို မသိဟန်ဆောင်ပြီး ကားထဲဝင်ထိုင်လိုက်၏။

ခင်ဦးလှိုင်ကလည်း ဘာထူးသေးလို့တုန်း။ အတတ်နိုင်ဆုံး မျက်စိအေးအောင် တမင်ဝတ်စားလာခဲ့သည်ပဲ . . . ဟု ကားမောင်းနေသော ခင်ဦးလှိုင်ကို ကြည့်ရင်း မှတ်ချက်ချမိသည်။

ခင်ဦးလှိုင်လည်း သုံးယောက်အဆုံကို တွေးရင်း သူ့လို စိတ်လှုပ်ရှားနေမှာ သေချာသည်။ သူနှင့်ခင်ဦးလှိုင်တို့ကိုတွဲပြီး တွေ့ရင် အတာ ဘယ်လိုမြင်မည်မသိပေ။

"ဒီအိမ်ပဲ ကိုကို"

ခြံရှေ့မှာ ကားရပ်လိုက်သောအခါ သူ ဆင်းဖွင့်ပြင်၏။

ခင်ဦးလှိုင်စကားကြောင့် သူ့လှုပ်ရှားခြင်းတို့ ရပ်တန့်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုမဆင်းဘဲ ကားပေါ်မှာ ဒီအတိုင်း ထိုင်နေ၊ ခင်ဦးက အသေအချာ ပြောပြီးထားဆိုတော့ ပြင်ဆင်ပြီး မမအတာ စောင့်နေမှာ၊ ကားပေါ်ရောက်မှ ကိုကို့ကို တွေ့လိုက်ရတော့ ရုတ်တရက် ဝမ်းသာသွားရအောင်လို့လေ"

ဒီနေရာမှာတော့ ခင်ဦးလှိုင်၏ စီစဉ်ညွှန်ကြားရာအတိုင်း သူပြုမူတာ အန္တရာယ်အကင်းဆုံးဖြစ်မည် ထင်၏။ ခင်ဦးလှိုင် စိတ်ကွက်အောင် သူ မပြုရဲ၊ ခင်ဦးလှိုင်၏အလိုကို တတ်နိုင်သမျှ ဖြည့်စွမ်းဖို့ ဆုံးဖြတ်ထားပြီးဖြစ်၏။

"ကောင်းသားပဲ ခင်ဦး"

သူ့ကိုထားခဲ့ပြီး ခင်ဦးလှိုင် အိမ်ပေါ်တက်သွား၏။ သူကတော့ စာအုပ်လေးကို မသိမသာ လှစ်ကြည့်ရင်း ရင်ခုန်နေမိသည်။

ခင်ဦးလှိုင်ပြောသလိုပင် အချိန်ကြာကြာ မစောင့်ရဘဲ အတာနှင့်အတူ ထွက်လာကြသည်။ အတာနှင့် ခင်ဦးလှိုင်တို့ကတော့ အလှချင်းပြိုင်နေကြသည့်အလား . . . ဟု အောက်မေ့ရသည်။

မမြင်မတွေ့ရတာကြာပြီဖြစ်သော ချစ်သူ၏မျက်နှာသည် ပဲရိုးရှေ့တုန်းကနှယ် နှစ်လိုဖွယ် ဖြစ်နေ၏။

ကားနားရောက်သည်အထိ သူ့ကို အတာ ဂရုမထားမိပေ။ ခင်ဦးလှိုင်ကလည်း ကြိုပြောထားသည့်ပုံ မပေါ်ပေ။

အတာ ကားပေါ်တက်ဖို့ နောက်ခန်းတံခါးကို ဖွင့်ပေးရင်း



www.burmeseclassic.com

www.burmeseclassic.com



က ခင်ဦးလှိုင် လက်တို့ပြောလိုက်၏။

"မမအတာ ရှေ့မှာထိုင်နေတဲ့သူ ဘယ်သူလဲဆိုတာ ကြည့်စမ်းပါဦး"

ခင်ဦးလှိုင်၏ စကား၊ လက်ရိပ်ခြေရိပ်တို့ကြောင့်ပင် သူ့ကို အတာတွေ့သွား၏။ သူကလည်း နောက်လှည့်ပြီး အတာ့ကို ခေါ်လိုက်မိသည်။

"အတာ"

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်နေဆဲမှာပင် ခင်ဦးလှိုင်က ကားထဲဝင်ထိုင်ပြီး စက်ကောက်နှိုးလိုက်သည်။

"ကိုအောင်မင်းထိုက် တော်တော်ပိန်သွားတာပဲနော်၊ အဲဒီလောက်ထိ ဖြစ်လိမ့်မယ်လို့ မထင်ထားမိဘူး"

"ဟုတ်တယ် အတာ"

နောက်ကို လှည့်လှည့်ပြီး စကားပြောရတာ လွတ်လပ်အားရခြင်း မရှိပေ။

ဘုရားပေါ် ရောက်ခဲ့ကြရင်လည်း ခင်ဦးလှိုင်က အနားမှာရှိနေသည်မို့ လွတ်လပ်ခွင့်တွေ ဆုံးရှုံးဦးမှာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကို လက်ျာရစ်ပတ်ရင်းက အောင်မြေအရောက်မှာပင် သုံးယောက်သား ဝတ်ပြုလိုက်ကြ၏။

ဘုရားမှာဆုတောင်းရင်းကပင် တွေးဖြစ်သေးသည်။

သုံးယောက်သား အတူယှဉ်ထိုင်ရင်း ဆုတွေတောင်းဖြစ်ကြပေမယ့် ရည်ရွယ်ချက်တွေကတော့ တူကြမည်မထင်ပေ။

အောင်မြေမှ အထမှာပင် သူနှင့်အတာတို့အတွက် ခင်ဦးလှိုင်က အခွင့်အရေးတစ်ခု ပေးလာသည်။

“ကဲ . . . မမအတာ ကိုကိုနဲ့ နေနှင့်ဦး၊ ခင်ဦးတော့ ကိုကို့ကျန်းမာရေးအတွက် ရည်ရွယ်ပြီး အဓိဋ္ဌာန်ပုတီးစိပ်ပေးလိုက်ဦးမယ်၊ ကိုကို . . ခင်ဦးပုတီးစိပ်တာ မိနစ်နှစ်ဆယ်လောက်ပဲကြာမှာ”

ခင်ဦးလှိုင်က လက်ရိပ်ခြေရိပ်ဖြင့် ပြောသည်ကို အတာတစ်ယောက် အလုံးစုံနားလည်နိုင်စွမ်းရှိမည် မထင်။

“ကောင်းပြီ ခင်ဦး၊ ကိုကိုတို့ ဆံတော်အတွင်းမှာပဲ ခဏထိုင်နေမှာ”

သူတို့ရှိမည့်နေရာကို ပြောလိုက်သည်။

ခင်ဦးလှိုင် မျက်ကွယ်ပြုသွားမှပင် အတာ့လက်ကို အသာကိုင်ပြီး ဆံတော်တွင်းသို့ တက်လာခဲ့သည်။

“စောစောက ခင်ဦးလှိုင် ဘာပြောပြီး ဘယ်သွားတာလဲ ကိုအောင်မင်းထိုက်၊ ကိုအောင်မင်းထိုက်ကို သူက ကိုကိုလို့ ခေါ်တယ်နော်၊ ပြီးတော့ အရမ်းလည်း ဂရုစိုက်ပုံရတယ်”



www.burmeseclassic.com

www.burmeseclassic.com



အတာ့မေးခွန်းတွေက စုံနေသလို သိချင်တာတွေလည်း များနေ၏။

သူနှင့်ခင်ဦးလှိုင်အကြောင်းကိုတော့ နှစ်ဦးနှစ်ဘက် အနာတရမရှိအောင် ထိန်းထိန်းသိမ်းသိမ်း ပြောဖို့စဉ်းစားရ၏။

"ရော့ အတာ . . . ဒီစာအုပ်လေးထဲမှာ အတာနဲ့ခွဲနေရတဲ့ အချိန်တွေအတွက် သတိရစကားတွေ ရေးထားတာ၊ ဒီစာအုပ်ကို အတာသိမ်းထား၊ အတာယူထားလိုက်တဲ့ စာအုပ်လေးပါတယ် မဟုတ်လား"

"ပါတယ်"

သူရေးတာကို ဖတ်ပြီး အိတ်ဖွင့်ကာ စာအုပ်လေးပေး၏။ သူထပ်ပေးသော စာအုပ်လေးကိုလည်း အိတ်ထဲထည့်ထားလိုက်၏။

ခဏခဏဖတ်ထားကြောင်းကို စာအုပ်လေးက သက်သေပြနေသည်၊ နောက်ဆုံးစာရွက်လွတ်တွေမှာပင် ရေးပြ၏။

"ခင်ဦးက ကျွန်တော့်အစ်မယောက်ျားရဲ့ ညီမအရင်းလေ၊ မော်လမြိုင်က အိမ်ကို လာတက်နေတာ၊ ကျွန်တော်တို့ အိမ်ဘေးက ခြံမှာ ခဏနေတာ၊ ခုနပြောသွားတာက ကျွန်တော့်ကျန်းမာရေး အတွက် ပုတီးစိပ်ဆုတောင်းပေးမယ်လို့ ပြောတာ၊ ခင်ဦးဟာ ခင် စရာကောင်းတဲ့ ကျွန်တော်တို့ရဲ့ ညီမလေးတစ်ယောက်ပဲ"

သူ့အနေနှင့်ကတော့ ခင်ဦးလှိုင်နှင့် ပတ်သက်ပြီး ဒီလောက်ပဲ ပြောခွင့်ရှိသည်။ ခင်ဦးလှိုင် သူ့အပေါ် ထားသော



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထားနှင့် သူနှင့် အခြေအနေတို့ကို ပြောပြလိုက်ပါက ခင်ဦးလှိုင်၏သိက္ခာကို အကြောင်းမဲ့ စော်ကားရာကျမည် . . . ဟု တွေးမိသည်။

"လူတစ်ယောက်အတွက် ကျန်းမာရေးဟာ အရေးကြီးဆုံးပဲ"

"အတာ့ကို သတိရပြီး လွမ်းဖျားလွမ်းနာဖြစ်တာပဲနေမှာ အခု အတာ့ကို မြင်ရတွေ့ရတော့ ကျွန်တော်ဖြစ်နေတဲ့ ရောဂါဝေဒနာတွေက မရှိတော့သလိုပဲ"

"အတာ အကောင်းပြောတာ"

"အတာ သကြ်န်ကျဖို့ သုံးလလောက်ပဲ လိုတော့တာနော်"

"အတာပြောပြမယ်၊ ပိတောက်ဆိုတာ သူ့အချိန် သူ့ရာသီကျမှ ပွင့်ကြတာ၊ ဒါပေမဲ့ . . . "

စကားပြောနေရင်းကပင် အတာ့အသံတွေ တိတ်သွား၏။

ပတ်ဝန်းကျင်ကို အသေအချာကြည့်မိမှ ခင်ဦးလှိုင်ကို တွေ့လိုက်ရသည်။ နာရီကို ကြည့်လိုက်တော့ ဆယ်မိနစ်ပင် ရှိနေသေး၏။ ခင်ဦးလှိုင်ကတော့ သူ့စိတ်ကို စမ်းသည့်အနေဖြင့် မသိမသာ ဟပေးပြီး အလစ်ဖမ်းသည့် သဘောဆောင်နေ၏။

✝✝✝

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၈

"ဒါဆို မင်းနဲ့အတာတို့ တွေ့ဖို့ ခင်ဦးက ကြားဝင်ပေးခဲ့တာပေါ့ ဟုတ်လား၊ ခင်ဦးက ငါတို့ထင်ထားတာထက်တောင် လေးစားဖို့ ကောင်းနေသေးတယ်"

"သိပ်မချိုးမွမ်းနဲ့ ကျော်လတ်၊ ငါ့ကို မိနစ်နှစ်ဆယ်ကြာမယ်လို့ပြောပြီး ဆယ်မိနစ်နဲ့ ပြန်ရောက်လာတာ"

"ဘာလဲ မင်းတို့ ကောင်းကောင်း အလွမ်းမသယ်လိုက်ရဘူးပေါ့ ဟုတ်လား အောင်မင်းထိုက်"

"အလွမ်းသယ်တာထက် ဘာမှကိုဖြစ်ဖြစ်မြောက်မြောက် မပြောရဘူး၊ အိမ်မှာ ထမင်းဖိတ်ကျွေးဖို့ကိစ္စလည်း မေ့သွားတယ်၊ သင်္ကြန်မှာ အတာ့ဆီက အဖြေရပြီးရင် မိဘတွေကို ပြောပြီး တောင်းရမ်းဖို့ကိစ္စကိုပါ မပြောဖြစ်လိုက်ဘူး ကျော်လတ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်လတ်ကတော့ သူစကားကို နားထောင်ပြီး ကောင်း ကောင်းဆဲတော့၏။

ဆရာတစ်ယောက် စာသင်ပြီး ပြန်သွားချိန်မှာပင် သူနှင့် ကျော်လတ်တို့ အညောင်းပြေ လမ်းလျှောက်ရင်း စကားပြောနေ ကြခြင်းဖြစ်၏။

ဒီနေ့တစ်နေ့လုံးကတော့ ဆရာတွေနှင့် ချိန်းပြီးသားမို့ သူမှာ အားချိန်မရှိပေ။

"နေပါဦး ဘုရားတင်သွားကြတာလား"

"လေးငါးနေရာ သွားကြတာပေါ့၊ ပြီးတော့ ခင်ဦးက ထမင်းကျွေးသေးတယ်၊ ဒါပေမဲ့ကွာ တစ်လျှောက်လုံး တပူးတွဲတွဲ လုပ်နေတော့ ငါနဲ့အတာတို့ ကောင်းကောင်း စကားမပြောရဘူး"

"အေးပေါ့၊ မျက်ရိပ်ပြရုံပဲ ရမယ်၊ လူအလစ်မှာ ပြောရ အောင်ကလည်း မင်းအတာက ကန်းနေတာကိုး၊ စကားပြောချင် ရင် စာအုပ်တို့ ဘော်လ်ပင်တို့ အဆင်သင့်ရှိနေဦးမှ"

အတာ့ကို ဒီလိုချိုးချိုးနှိမ်နှိမ် ပြောတာမျိုး သူ မကြိုက်ပေ။

"ဒါနဲ့ ခင်ဦးတစ်ယောက် မမြင်ပါလား"

"ဆယ်နာရီလောက်ကတည်းက ကားတစ်စီးနဲ့ ထွက်သွား တာပဲ၊ သူ့သူငယ်ချင်းတွေဆီ စာသွားကြည့်တာများလားမှ မသိဘဲ"

ကျော်လတ်မေးလိုက်မှပင် ခင်ဦးလှိုင်ကို သတိရသွား၏။ ခင်ဦးလှိုင်တစ်ယောက် တစ်နေ့လုံး ပျောက်ဆုံးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာသုံးယောက် စာသင်ခြင်းပြီးဆုံး၍ ညနေစောင်းသောအခါမှ ခင်ဦးလှိုင်တစ်ယောက် ပြန်ရောက်လာ၏။

ခင်ဦးလှိုင်ကို တွေ့တွေ့ချင်းမှာပင် ကျော်လတ်က မေး၏။

"နေပါဦး ခင်ဦး . . . နင် ဘယ်ပျောက်နေတာလဲ"

"ဒီလို ကိုကျော်လတ်ရေ့ မမအတာကို၊ ကိုကို့ကိုယ်စားလိုက်ပို့ပေးတာ၊ ကိုကျော်လတ်တို့က ဒီနေ့ မအားဘူး မဟုတ်လား၊ ဒီတော့ ကိုကို့ကိုယ်စား ဧည့်ဝတ်ကျေအောင် ခင်ဦးက ပြုစုရတာလေ"

ခင်ဦးလှိုင်စကားကြောင့်ပင် အံ့ဩသွားမိသည်။

"မနက်ဆယ်နာရီကတည်းက အခုချိန်အထိပေါ့ ဟုတ်လား ခင်ဦး"

"ဟုတ်တယ် ကိုကို၊ မမအတာနဲ့ နှစ်ယောက်တည်း သွားကြတာ၊ ပထမဆုံး သန်လျင်ဘက်ကူးပြီး ရေလယ်ဘုရားတို့ ကျိုက်ခေါက်တို့ကို လိုက်ပို့ပေးလိုက်တာ၊ ပြီးမှ ရန်ကုန်ဘက် ပြန်ကူးလာ ပြီး ဈေးဝယ်ထွက်ကြတာလေ၊ မမအတာအတွက် လက်ဆောင်တွေ ဝယ်ပေးတာကို မယူဘူးလို့ ငြင်းတယ်၊ ခင်ဦး အတင်းပေးခဲ့ရသေးတယ်လေ"

သူတို့ကို ရှင်းပြပြီး ခင်ဦးလှိုင် ထွက်သွားလေ၏။

သက်ပြင်းမောချပြီး သူ မှတ်ချက်ချလိုက်သည်။

"ဟင်း . . . အခြေအနေကတော့ ယဉ်ယဉ်လေးနဲ့ကို



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ရေမှတ်ရောက်နေပြီပဲ”

“မင်းစကားက ဘာလဲ၊ ငါက ခင်ဦးလုပ်တာတွေ လိုက်လျှောတာတွေကို အံ့ဩနေတာ”

“အတာ့ကို ဒီလောက် လိုက်လျှောပြီး လုံးနေတာ အကြောင်းရှိရမယ် ကျော်လတ်၊ ငါတော့ ပေါ့ပေါ့မတွေးဘူး”

“ဘာလဲ . . . မင်းက ခင်ဦးအနေနဲ့ တစ်ဖက်လှည့်နဲ့ အချိုသတ် အယုံသွင်းပြီး မင်းနဲ့လမ်းခွဲခိုင်းဖို့ ကြိုးစားနေတယ်လို့ စွပ်စွဲချင်တဲ့သဘောလား”

“အဲဒီလောက်အထိတော့ ငါ မရည်ရွယ်ချင်သေးဘူး ကျော်လတ်၊ ခင်ဦးအနေနဲ့ ဒီလိုမျိုး လုပ်လိမ့်မယ်လို့လည်း မထင်ဘူး၊ ဒါပေမဲ့ တစ်ခုခုတော့ တစ်ခုခုပဲ၊ ငါ အတာနဲ့ တွေ့မှဖြစ်မှာပါ”

အတာနှင့်ခင်ဦးတို့ ဒီလောက်ပေါင်းစည်းမိနေကြရင်တော့ သူ့အတွက် စိုးရိမ်စရာပင်။ အတာက သူ့အကြောင်းတွေကို ပြောပြမည်လား။ ခင်ဦးလှိုင်ကပင် သူ မပြောဘဲ ထားခဲ့သည်များကို အတာသိအောင် အကုန်အစင် ပြောပြမည်တဲ့လား။

နောက်နေ့နေ့လယ်မှာပင် ကျော်လတ်ကိုခေါ်ပြီး ခင်ဦးလှိုင် မသိအောင် အတာတည်းသောအိမ်သို့ သူသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အကြောင်းပြပြီး ခေါ်လာခဲ့သည်က စာကြည့်တိုက်မှာ မေးခွန်းတွေ သွားကူးဖို့ပဲဖြစ်၏။

ရပ်ကွက်ထဲသို့ ချိုးဝင်လိုက်တော့ ကျော်လတ်မေးသည်။

"ဟေ့ကောင် စာကြည့်တိုက်သွားပြီး မေးခွန်းကူးမှာဆို ဒါက ဘယ်တုန်း"

"ဆောရီးပဲ ကျော်လတ်ရာ၊ ငါ အတာ့ဆီသွားချင်လို့ မင်းကို အဖော်ခေါ်လာခဲ့တာပဲ"

အညာမိသွားသော ကျော်လတ်ကတော့ အောင့်သက်သက်ဖြင့် အိမ်ပေါ်အထိ လိုက်ပါလာရတော့သည်။

"ဒေါ်ဒေါ် ကျွန်တော်တို့က အတာရဲ့မိတ်ဆွေတွေပါ၊ ဒီကို လာတဲ့ ခင်ဦးလှိုင်ရဲ့ အစ်ကိုတွေပါ"

"ဪ . . . ခင်ဦးလှိုင်တို့အိမ်ကလား၊ ဒါနဲ့မောင်ရင့် နာမည်က မောင်အောင်မင်းထိုက်လား"

"ဟုတ်ပါတယ် ဒေါ်ဒေါ်"

"ဒါဆိုရင် ခဏလေးကွယ်"

သူတို့နှစ်ယောက်ကိုထားပြီး အဒေါ်ကြီးက အိမ်ထဲပြန်ဝင်သွား၏။ အတာ့၏အရိပ်အယောင်ကိုတော့ မမြင်တွေ့ရသေးပေ။

"အအေးသောက်ကြဦးကွယ်"

"ကျွန်တော်တို့ လာတာက အတာ့ကို အိမ်မှာ ထမင်းစားဖို့ပါပဲ၊ အတာ အပြင်သွားလို့များလား"



www.burmeseclassic.com

www.burmeseclassic.com



"အပြင်သွားတာ မဟုတ်ဘူးကွဲ့၊ ဒီမနက်စောစောပဲ ရွာပြန်သွားတာ"

"ခင်ဗျာ"

သူ အရမ်းအံ့ဩပြီး တုန်လှုပ်သွားရသည်၊ အတာ ရွာပြန်သွားပြီတဲ့ . . . ။

"မင်းရောက်လာလိမ့်မယ်လို့တော့ အတာ ပြောသွားတယ်၊ မင်းလာရင် ဒီစာအိတ်လေး ပေးလိုက်ပါလို့မှာသွားတယ်"

အဒေါ်ကြီး လှမ်းပေးသောစာအိတ်ကို သူယူလိုက်သည်။

အတာကို မမြင်မတွေ့ရတော့ဘူးဆိုသောအသိကြောင့်ပင် များစွာ ဝမ်းနည်းသွားရသည်။

သူတို့ကို ဧည့်ခံသော အအေးဖန်ခွက်များကတော့ ဒီအတိုင်းပင် ကျန်ရစ်နေခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

# ၉

ကိုအောင်မြင့်ထိုက် ...

နှုတ်မဆက်မိခဲ့ဘဲ ပြန်သွားတဲ့အတွက်တော့ စိတ်မကောင်းဘူး။

အခုအတွက် ကိုအောင်မြင့်ထိုက်ရဲ့ လွမ်းဆွတ်သတိရမှုတွေကို အားလုံးဖတ်ပြီးပါပြီ။

ကျန်းမာရေးကို ဂရုစိုက်ပါ ကိုအောင်မြင့်ထိုက်ရယ်။ လူချင်းဝေး နေကြရတယ်ဆိုပေမယ့် မိုးကောင်းကင်တစ်ခုတည်းအောက်မှာ အတူရှိနေကြပါသေးလား ...ဆိုပြီး သံယောဇဉ်စိတ်နဲ့ ဖြေလို့ ရှိမယ်။

ကိုအောင်မြင့်ထိုက် လိုချင်တဲ့အဖြေကို သင်္ကြန်မှာ ပိတောက်တွေ ပွင့်ချိန်မှာ ကြားနာရမှာပါ။

စောင့်လက်စနဲ့ စောင့်လိုက်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com



*သင်္ကြန်အမီ ရန်ကုန်ကို ရောက်လာမှဖြစ်မယ် ထင်တယ်။*

*အတာ*

အတာပေးသွားခဲ့သောစာလေးကိုဖတ်ကြည့်နေတာ အကြိမ်ပေါင်းမရေတွက်နိုင်တော့ပေ။ ခေါက်ရိုးတွေ ကျိုးကြေလုနီးပါးဖြစ်ပြီး နွမ်းဖတ်ဖတ်လေး ဖြစ်နေ၏။

သူတို့စာမေးပွဲပြီးလို့ သင်္ကြန်မတိုင်ခင် အောင်စာရင်းတွေပင် ထွက်ခါနီးနေပြီ။ သင်္ကြန်ရောက်ဖို့လည်း ရက်က သိပ်မဝေးတော့ပေ။

"ပိတောက်ပင်အောက်မှာထိုင်ပြီး ဘာများလုပ်နေသလဲလို့ အောက်မေ့တာ၊ လက်စသတ်တော့ အတာပေးခဲ့တဲ့စာကို ဖတ်ပြီး အလွမ်းသည်နေတာကိုး"

ကျော်လတ်ရောက်လာသောကြောင့်ပင် စာရွက်ခေါက်လေးကို အိတ်ထဲထည့်လိုက်ရ၏။

"မင်းလည်း ပျောက်ပျောက်နေတယ်နော် ကျော်လတ်"

"စာမေးပွဲပြီးပြီ၊ အောင်ရင် ဘွဲ့ရပြီပဲ၊ မင်းလို သူဌေးသား မဟုတ်တော့ အလုပ်အတွက် ရှာရတာတစ်မျိုး၊ ရီနဲ့တွေ့ရတာ တစ်မျိုးဆိုတော့ မအားဘူးလေ၊ နေစမ်းပါဦး မင်း ဒီစာကိုဖတ်တာ အကြိမ်တစ်သောင်းပြည့်ပြီလား၊ မင်းဆီရောက်တာ နှစ်လစွန်းစွန်း လောက်ပဲရှိသေးတယ်၊ စာရွက်ပုံစံက တကယ့်ကို ရှေးဟောင်း

www.burmeseclassic.com



စာရွက်ဖြစ်နေပြီ”

“ငါ . . . အတာတို့ရွာကို လိုက်သွားရင် ကောင်းမလား မသိဘူး ကျော်လတ်၊ မင်းအားရင် အဖော်လိုက်ခဲ့ပါလား”

ကျော်လတ် လိုက်လိုလိုက်ငြား လေပြေထိုးကြည့်မိသည်။

“ဘာအရှုံးထရတာလဲ အောင်မင်းထိုက်ရာ၊ စာမေးပွဲဖြေရလို့ မင်းပင်ပန်းပြီး ရောဂါပြန်ဖြစ်ချင်တာ သတိရသေးလား၊ မင်းခရီးသွားလို့ မဖြစ်ဘူး၊ အနေအထိုင် အစားအသောက် ဆင်ခြင်နေရတဲ့အထဲကွာ၊ ပြီးတော့လည်း သကြ်န်အမီလာမယ်လို့ စာထဲမှာ ရေးထားပေးခဲ့တာပဲ”

“အေးကွာ . . . ငါ သူဆီမလာဖြစ်တာကိုတော့ အတာ နားလည်ကောင်းပါတယ်၊ ဒါပေမဲ့ကွာ ဒီနေ့အထိ ငါစဉ်းစားနေတာ တစ်ခုရှိတယ် ကျော်လတ်”

“ဘာများလဲ”

“သကြ်န်ရောက်ဖို့ ရက်အစိတ်ပဲလိုတော့တာ၊ စာမေးပွဲ အောင်စာရင်းတွေက ရွှေ့အပတ်ထဲ ထွက်ပြီ ဒါက တခြားပါ၊ ငါ သိချင်နေတာက အတာ ရန်ကုန်ရောက်လာတုန်းက ခင်ဦးလှိုင်နဲ့ ရင်းနှီးဖြစ်ပြီး ငါ့အကြောင်း ပြောဖြစ်မှာပဲ၊ ခင်ဦးလှိုင်က ဘာတွေ ပြောပြီး အတာက ဘာတွေပြန်ပြောကြသလဲဆိုတာကို အရမ်းသိ ချင်တာပဲ”

“ဒါဆိုလည်း ခင်ဦးကို တည့်တည့်မေးလိုက်ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ငါ မပြောရက်ဘူးကွာ၊ ခင်ဦးကို ငါသနားတယ်"

အတာနှင့်ပတ်သက်ပြီး သဘောထားသေးလိမ့်မည် . . . ဟု ထင်ထားခဲ့သည်။ တကယ်တမ်းမှာ ခင်ဦးလှိုင်က စိတ်ကောင်းရှိ၏။ သူ့အပေါ်တင်မက အတာ့ကိုပါ ခင်ဦးလှိုင်က သဘောထားကြီးခဲ့သည်။ အပြောအဆိုအနေအထိုင်က ကလေးဆန်ချင်သော်လည်း စိတ်နေစိတ်ထားမှာတော့ ခင်ဦးလှိုင်က မွန်မြတ်နေ၏။

"မင်း ခင်ဦးကို သနားတယ်ဆိုရင်လည်း အတာ့ကို ခေါ်ထဲကရော၊ ဒီရင်ထဲကပါ အပြီးထုတ်လိုက်ပါတော့လား"

"မဆိုင်တာတွေ ပြောမနေနဲ့ ကျော်လတ်၊ ငါသိချင်နေတာကို မင်းသိထားသလား မသိထားဘူးလား ရှင်းရှင်းပြော"

"အေး ငါမသိဘူး၊ တကယ်လို့ သိခဲ့တယ်ဆိုရင်တောင်မှ ငါပြောမှာမဟုတ်ဘူး အောင်မင်းထိုက်၊ မင်းကို ငါပြောလိုက်ဦးမယ်၊ မင်းစိတ်ပင်ပန်းခံပြီး 'အတာရေ' 'အတာရေ' လို့ ရင်ကွဲအောင် တမ်းတနေ ဒီဘဝမှာ မင်းအနေနဲ့ ခင်ဦးနဲ့ပဲ ပေါင်းရမှာလို့ ငါကြိုတင် ဟောကိန်းထုတ်ထားမယ်"

ကျော်လတ်နှင့်စကားပြောလိုက်မိမှ သူ့အလွမ်းတို့သည် ရေစုန်မျှောရမလို ဖြစ်သွားတော့၏။

ခင်ဦးလှိုင်၏အယုအယ၊ အကြင်နာများကို ငဲ့ညှာချင်သော်လည်း သူ့ရင်ထဲမှာတော့ အတာက ရှိနေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုစာမေးပွဲအောင်တဲ့အတွက်ရော၊ ခင်ဦး ဂုဏ်ထူး တန်းတက်ခွင့်ရတဲ့အတွက်ပါ ဂုဏ်ပြုတာ ကိုကို"

"မရဘူး ခင်ဦး၊ ဒီနေ့ကုန်ကျသမျှတွေကို ကိုကိုကပဲ ကျခံမယ်၊ ခင်ဦး မငြင်းရဘူး"

"ကောင်းပြီလေ၊ ကိုကို့တောင်းဆိုမှုကို ခင်ဦးကပဲ အလျှော့ပေးပြီး လိုက်လျောပါ့မယ်"

ခင်ဦးလှိုင်တစ်ယောက် အတော်လေး ဝမ်းသာကြည်နူးနေ၏။ ဒီလိုအပြစ်ကင်းကင်းဖြင့် ပျော်ရွှင်တာမျိုးကိုပဲ သူကြည့်နေချင်သည်။

သံယောဇဉ်ဖြင့်သာ ငြိမ်းချမ်းစေပါ ကလေးရယ်။ ချစ်ခြင်းအတွက် ပိုင်ဆိုင်ရလိုခြင်းအတွက် မင်းရင်တွေပူလောင်မှာကို စိုးတယ် . . . ဟု ရင်ထဲမှာ ပြောနေဖြစ်သည်။

"ဒါနဲ့ ခင်ဦး သင်္ကြန်ရောက်ဖို့ ရက်နှစ်ဆယ်ပဲလိုတော့တာနော်"

"ဟုတ်တယ် ကိုကို၊ ဒီနှစ်သင်္ကြန်က မမသင်းတို့ ကိုကိုဝေတို့လည်း ရှိနေကြတာပဲ၊ ဒါပေမဲ့ကိုကိုက အရင်နှစ်တွေလိုရေ ကစားလို့ မဖြစ်ဘူး၊ အအေးခံလို့ မဖြစ်ဘူး၊ ကိုကို့ကျန်းမာရေးက ရှိသေးတာ မဟုတ်လား"

"ကိုကို မကစားရလည်း ခင်ဦးတို့ ကစားတာ ပျော်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာကို ထိုင်ကြည့်နေမှာပေါ့”

“ခင်ဦးလည်း ဒီနှစ်သင်္ကြန်ကို မဆော့တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုကို့အနားမှာ အဖော်ရအောင် နေပေးမလို့လေ၊ တော်ကြာ အလိုက်မသိတတ်လို့ဆိုပြီး မနှစ်ကလို ကိုကိုထွက်ပြေးသွားမှာစိုးလို့”

“ဒီနှစ်သင်္ကြန် ရန်ကုန်မှာပဲ ကိုကိုရှိနေမှာပါ ခင်ဦး”

သင်္ကြန်အမီ အတာရောက်လာမည်ဆိုသော စကားကြောင့် သူပြန်ပြောလိုက်သည်။ အတာကတော့ ပြုံးလို့ပျော်လို့။

“ကိုကိုသိပြီးပြီလား၊ အခု ခင်ဦးနေတဲ့ ကိုကိုတို့ခြံနဲ့အိမ်ကို ဒယ်ဒီနဲ့ မာမီတို့က ခင်ဦးအတွက် ဝယ်ပေးမယ်တဲ့၊ ပြီးတော့လည်း ဒီနှစ်သင်္ကြန်ကို ရန်ကုန်မှာ လာကျမှာတဲ့ ကိုကို”

“ရေဆော့ရတာ မဆော့ရတာထက် ဒီနှစ်သင်္ကြန်ကတော့ မိသားစုတွေစုံလို့ ပျော်စရာကောင်းမှာပဲ ခင်ဦး”

“ဟုတ်တယ်နော် ကိုကို”

လောလောဆယ်မှာတော့ သူရော ခင်ဦးလှိုင်ပါ ပျော်နေကြ၏။

သင်္ကြန်ရောက်ခဲ့ရင်တော့ သူက ပျော်နေမည်ဖြစ်သလောက် ခင်ဦးလှိုင်ကတော့ စိတ်မကောင်းစရာတွေနှင့် ကြုံနေရ မှာသေချာသည်ပဲ။

✞ ✞ ✞

www.burmeseclassic.com

www.burmeseclassic.com

# ၁၀

သင်္ကြန်ရောက်ဖို့ သီတင်းတစ်ပတ်သာ လိုတော့သည်။

ငုတို့ပွင့်နေကြသော်လည်း ပိတောက်တို့ကတော့ ဖူးငုံရုံသာ ရှိနေကြ၏။ ခင်ဦးလှိုင်တို့မိဘတွေပင် ရန်ကုန်ရောက်နေကြပြီ။ ဒီနေ့ဒီအချိန်အထိတော့ အတာရောက်မလာသေးပေ။

"ကိုကို"

အင်းလျားလမ်းပေါ်မှာ ကားမောင်းနေရင်းကပင် သင်္ကြန်မဏ္ဍပ်အတွက် ပြင်နေကြခြင်းများကို ငေးမောနေမိ၏။

"ပြောလေ ခင်ဦး၊ ကန်ပေါင်ကို မသွားချင်လို့လား၊ ခင်ဦး ပဲ ကန်ပေါင်ကဆိုင်မှာ ထိုင်ချင်လို့ဆို"

"ထိုင်မှာပါ၊ ကိုကို အရမ်းငြိမ်နေလို့ပါ"

"ဘာရယ်မဟုတ်ဘူး ခင်ဦး၊ မဏ္ဍပ်တွေထိုးနေတာကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး သင်္ကြန်ရောက်တော့မယ်ဆိုတာကို တွေးနေလို့ပါ”

ဘွဲ့နှင်းသဘင် အနောက်ဘက်ကိုကျော်ပြီးသည်နှင့် ကန်ပေါင်ရိုးဆီသို့ ချိုးကွေ့ဝင်လိုက်သည်။

ကားရပ်ခါနီးမှာပင် အဆက်စပ်မဲ့စွာဖြင့် ခင်ဦးလှိုင် ပြောလိုက်သည်။

“သင်္ကြန်ရောက်ရင် ပိတောက်တွေ ပွင့်ကြတော့မှာပေါ့နော် ကိုကို”

“ဟုတ်တယ် ခင်ဦး၊ ပိတောက်တွေ ပွင့်ကြတော့မှာ၊ သင်္ကြန်လက်ဆေးမိုးကြောင့် ပိတောက်တွေက တစ်နေရာမဟုတ် တစ်နေရာမှာ ပွင့်ဖြစ်ကြမှာပဲ”

သူပြောလိုက်ရင်းကပင် အတော့ကို သတိရမိသည်။

သူ့ရင်ထဲက အကြောင်းတွေကိုတော့ . . . ခင်ဦးလှိုင် တစ်ယောက် သိနိုင်မည် မထင်ပေ။

တန်ဆူးလသည် အင်းလျားကန်ကိုဖြတ်သန်းလာရ၍ ထင်၏။ အခြားရပ်ဝန်းကျင်မှာထက် အပူကို သက်သာစေ၏။

“ကိုကို”

“ဒီနေ့ ခင်ဦး ဘာဖြစ်နေလဲ၊ ပြောစရာရှိတယ်လို့ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာကို ခင်ဦး ခေါ်လာတယ်”

“ဟုတ်တယ် ကိုကို၊ ခင်ဦး ကြောက်နေတာ အမှန်ပဲ၊ မပြောလို့လည်း မဖြစ်ဘူး ကိုကို”

“ဘာအကြောင်းပြောမှာမို့လို့ ခင်ဦး ကြောက်နေရတာလဲ”

“ကိုယ့်လိပ်ပြာ ကိုယ်မလုံလို့ပဲ၊ ဒီစာကို ကိုကိုဖတ်ကြည့်လိုက်ပါ”

ခင်ဦးလှိုင်ကတော့ သူ့ကို ပဟေဠိတွေ လုပ်ပြနေ၏။

တကယ်ပင် ခင်ဦးလှိုင်၏လက်တွေ တုန်ယင်နေ၏။

ပွင့်နေသော စာအိတ်ကို သူယူလိုက်သည်။ အထဲမှ စာခေါက်ကို ဆွဲထုတ်ပြီး သူ ဖတ်လိုက်တော့ . . .

*ကိုအောင်မြင့်ထိုက် ...*

*ဒီစာကို ဖတ်ရတဲ့အချိန်မှာ ဒီစာရေးတဲ့အချိန်ထက် သုံးလလောက် နောက်ကျနေလိမ့်မယ်။*

*ဒီစာကိုဖတ်ရင်း သင်္ကြန်အငွေ့အသက်တွေကို ကိုအောင်မြင့်ထိုက် ခံစားနေရလိမ့်မယ်။*

*ရန်ကုန်မှာ ပိတောက်တွေ ပွင့်ကောင်းပွင့်လိမ့်မယ်။ အခုတစ်ချို့ ထဲမှာတော့ အခု ပွင့်ချင်လွန်းလို့ပဲ ပိတောက်တွေက ကြိုးကြားပွင့်နေကြမှာပါ။*

*အခုကို ဆောက်ပါလို့ မပြောရက်ပါဘူး ကိုအောင်မြင့်ထိုက်ရယ်။*



www.burmeseclassic.com

www.burmeseclassic.com



*ဂုန်ကုန်ကပ်နှံတာနဲ့ မေမေတို့ နှောစပ်ထားတဲ့ဂုဏ်နဲ့ လက်ထပ်ဖို့ ခေါင်းညိတ်ရတော့မယ်။*

*ကိုအောင်မြင့်ထိုက် ဒီစာကို ဖတ်ရတဲ့အချိန်မှာ အတာဟာ အိမ်ထောင်သည်တစ်ယောက် ဖြစ်နေလောက်ပြီလေ။*

*သင်္ကြန်အခါ ရုမကျောက်လာပေမယ့် စာတော့ ကျောက်လာခဲ့ပါတယ်နော်။ ဒီအတွက် အတာ့ကို ခွင့်လွှတ်ပါ။*

*အတာတို့ သင်္ကြန်တိုင်းမှာ မဆုံမိကြပေမယ့် ပိတောက်တွေကတော့ ပွင့်နေကြမှာပဲ။*

*‘အချစ်’ ဆိုတာ ကိုအောင်မြင့်ထိုက် ဘယ်လိုနားလည်ထားလဲဟင်။*

*အတာ့အမေးကို ကိုအောင်မြင့်ထိုက် ဖြေကြည့်ပါဦး။*

*ကိုအောင်မြင့်ထိုက် ဖြေမယ့်အဖြေဟာ ကိုအောင်မြင့်ထိုက် လိုချင်တောင့်တနေတဲ့အရာပါပဲလေ။*

သူဖတ်နေရသော စာသားများ ဆုံးသွားသည်နှင့် အနေရခက်ခြင်းများက သူ့ကို ဒုက္ခပေးတော့၏။

တကယ်ပင် စာထဲမှာပါသည့်အတိုင်း ဖြစ်ပျက်ခဲ့ကြပြီလား။

“ခင်ဦးကို ခွင့်လွှတ်ပါ ကိုကိုရယ်၊ ခင်ဦးကို ရိုက်ချင်လည်း ရိုက်၊ သတ်ပစ်ချင်လည်း သတ်ပစ်လိုက်ပါ”

“အခုမှ ဘာလုပ်လို့ရတော့မှာလဲ ခင်ဦး”



www.burmeseclassic.com

www.burmeseclassic.com



"မပဟုတ်ဘူး ကိုကို ဒီစာကို သင်္ကြန်မရောက်ခင်တစ်ပတ် အလိုမှာ ပေးပါလို့ မမအတာ မှာခဲ့တာ၊ ဒီစာကို ဖောက်ဖတ်မကြည့်မိဘူးဆိုရင် ခင်ဦးမှာ အပြစ်မရှိဘူး၊ ဖောက်ဖတ်မိပြီးမှ ကြိုတင်မပြောခဲ့တဲ့အတွက် ခင်ဦးမှာ အပြစ်ရှိပါတယ်၊ အဲဒီအတွက် ခင်ဦးကို၊ ကိုကို အပြစ်ပေးပါ"

ခင်ဦးလှိုင်ပြောနေသော စကားများကို သူ မကြား တစ်ချက် ကြားတစ်ချက်။

သူ့အာရုံတို့သည် ဝမ်းနည်းမှုတို့ ကြီးစိုးနေ၍ အစိုးမရချင်တော့ပေ။

"ပြဿနာဖြစ်ပြီဆိုတော့ ငါပြောရတော့မယ် အောင်မင်းထိုက်"

"မင်းက ဘာပြောချင်တာလဲ၊ ဒီကိစ္စတွေမှာ ခင်ဦး ပတ်သက်နေတာကို ပြောချင်တာလား"

အခုချိန်ကျမှတော့ သူသိလို့လည်း အပိုတွေပဲဖြစ်၏။

"ခင်ဦးက မင်းနဲ့သူ့အကြောင်းကို စပြောခဲ့တာ မဟုတ်ပါဘူး၊ အတာက မေးလွန်းလို့ ခင်ဦးက တကယ်ဖြစ်ခဲ့တဲ့ အခြေအနေတွေကိုပဲ ပြောပြတာပါ၊ ဒါက တစ်ပိုင်းပါ၊ အတာက



www.burmeseclassic.com

www.burmeseclassic.com



သူ ရန်ကုန်လာခဲ့တာ ပြဿနာတစ်ခုခု ရှိနေတဲ့ပုံပဲ၊ ဘာလဲဆိုတာ ငါတို့ မသိဘူး၊ မင်းအိမ်ရောက်တော့ သူအားငယ်သွားတယ်၊ ခင်ဦးရဲ့ အယုအယတွေ၊ မင်းနဲ့ ပတ်သက်နေတာကို သူတွေ့သွားလိမ့်မယ်၊ အဲဒီမှာတင် ဒီစာကိုရေးပေးထားခဲ့တာနေမှာ အောင်မင်းထိုက်"

"မသိတော့ဘူးကွာ၊ အခုချိန်မှာ ငါ ဘာမှလုပ်လို့မရတော့ဘူး၊ အေး . . . စာကိုဖွင့်ဖတ်တဲ့ ခင်ဦးကိုလည်း ချက်ချင်းမပေးရကောင်းလားလို့ဆိုပြီး ငါသတ်ရင်လည်း ခင်ဦး သေရုံပဲရှိတော့မှာကွ"

"အဲဒီစာ ဖွင့်ဖတ်တဲ့သူကို သတ်ချင်သပဆိုရင်တော့ ငါ့ကိုသာသတ်၊ အဲဒီစာကို ခင်ဦးတားတဲ့ကြားက ငါ ဖွင့်ဖတ်ခဲ့တာပဲ၊ ငါတို့ ကြိုသိခဲ့တယ်၊ မင်းကို မပြောရဘူး၊ ချက်ချင်း မပေးရဘူး၊ အတာပြောတဲ့ရက်ကျမှ ပေးဖို့ ငါပဲ အကြံပေးခဲ့တာ၊ ဒါကြောင့် ငါ အတပ်ပြောခဲ့တာပေါ့၊ ဒီဘဝမှာ ခင်ဦးကိုသာ မင်းပေါင်းရမယ်ဆိုတာလေ မှတ်မိသေးလား"

"ငါ မသိချင်တော့ဘူးကွာ"

"အေး ပြီးခဲ့တာတွေကို မသိချင်ပေမယ့် ရှေ့ဆက်ဖြစ်မှာတွေကိုတော့ မင်းသိရမယ်၊ အခုဆိုရင် ခင်ဦးရဲ့မိဘတွေလည်း ရောက်နေကြပြီ၊ ဧပြီလကုန်မှာ မင်းနဲ့ခင်ဦးကို လက်ထပ်ပေးဖို့ စီစဉ်နေကြတယ်၊ ဒီကိစ္စကိုတော့ မင်း မငြင်းပါနဲ့ကွာ၊ မင်းငြင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ထွက်သွားမယ်ဆိုရင် မင်း ခင်ဦးကို သတ်ပစ်လိုက်တာနဲ့ အတူတူပဲ၊ ငါပြောတာတွေကို ကြားရဲ့လား အောင်မင်းထိုက်”

ကိုယ်ဖြစ်ချင်တာတွေ မဖြစ်ဘဲ ကံကြမ္မာ၏ ကြိုးဆွဲရာကို က,ရတော့မည်တဲ့လား။

သူ့မှာရွေးချယ်စရာ မရှိတော့ပေ။

သူ့နှလုံးသားကို အတာက နှုတ်ယူသွားခဲ့ပြီပဲ။

ဖြစ်သမျှ ကံစီမံသမျှတွေကို လည်စင်းပြီးပေးရုံသာ ရှိတော့၏။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၁၁

သူနှင့်ခင်ဦးလှိုင်တို့နှင့် ပတ်သက်ခဲ့သော တတိယမြောက် သင်္ကြန်သည် ပြီးဆုံးသွားခဲ့၏။ အတာနှင့်ပတ်သက်ခဲ့သည်ကတော့ ဒုတိယမြောက် သင်္ကြန်ပြီးဆုံးသွားခြင်း မည်၏။

တိုက်ဆိုင်သည်ဟု ပြောမည်လား။

သင်္ကြန်မတိုင်မီ နှစ်ရက်မှာပင် သူနှင့်ခင်ဦးလှိုင်တို့ မင်္ဂလာကိစ္စအတွက် လူကြီးတွေ အပြီးသတ်ဆွေးနွေးဖြစ်ကြသည်။ ထိုနေ့ညနေမှာပင် ဦးလေးကြီးငွေ၏သားများဖြစ်သော ငွေတိုးနှင့် ငွေပိုးတို့ ရန်ကုန်ရောက်လာကြသည်။

"ဒီနေ့ကတော့ အကြောင်းပြစရာ ဘာမှမရှိဘဲ ဝိုင်းဖွဲ့ဖြစ်ကြတာ မဟုတ်ဘူးနော်"

"ရှင်းစမ်းပါဦး ငွေတိုးရ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာထိုင်ဖြစ်ကတည်းကပင် ငွေတိုးက စကားစ၏။ အတိုင်အဖောက်ညီစွာဖြင့် ကျော်လတ်က စကားထောက်ပေးသည်။

ငွေတိုးတို့ရောက်လာရင်း ရည်ရွယ်ချက်က ရန်ကုန်သင်္ကြန် လည်ဖို့ပဲဖြစ်၏။ သင်္ကြန်ကာလတွေမှာပင် ငွေတိုးတို့ညီအစ်ကိုနှင့် ကျော်လတ် အတွဲမိသွားခဲ့၏။

"ဒီလိုရှိတယ် ကိုကျော်လတ်၊ ကျွန်တော်တို့ ဖိုးသမားတွေဟာ အကြောင်းတစ်ခုခုရှာပြီး သောက်တတ်ကြတာ၊ ဒီနေ့ အကြောင်းကတော့ အစ်ကိုကြီးနဲ့ မခင်ဦးတို့ မင်္ဂလာဖိတ်စာကို မြင်လိုက်ရတဲ့အတွက်ပဲ၊ ဒီတော့ ဒီနေ့ဝိုင်းကို . . . "

"ခဏလေး ငွေတိုး၊ မင်းပြောမှာကို ငါပဲ ဆက်ပြောပ့ါမယ်၊ ဒီခေါင်းစဉ်ကြောင့်ပဲ ဒီဝိုင်းကို ငါပဲ ဒကာခံရမှာ မဟုတ်လား"

"ဒါပေ့ါ အစ်ကိုကြီးရာ"

သူ့စကားကို ငွေစိုးကပါ ထောက်ခံလိုက်သည်။

ပုလင်းသံခွက်သံတွေ အမြည်းမှာသံတွေကြားမှာပင် သူ့မှာ ပျော်ချင်သလိုလို ဝမ်းနည်းချင်သလိုလို ဖြစ်နေ၏။

တိုက်ဆိုင်သည်က သူတို့ဝိုင်းနှင့် ခပ်လှမ်းလှမ်းမှာ ပိတောက်ပင်ကြီးတစ်ပင်ရှိသည်။

သင်္ကြန်လွန်ပြီမို့ ပိတောက်တို့က မျက်စိရှေ့မှာပင် တဖြုတ် ဖြုတ်ကြွေကျနေ၏။

ပိတောက်ကြွေများကို နှမြောတသစွာ ကြည့်နေဆဲမှာပင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်လတ်က အနာပေါင်းကို ထိုးဆွလာသည်။

"ငါ့မှာတော့ ဒီဖိတ်စာကို မြင်ရတွေ့ရမှပဲ ခင်ဦးနဲ့ အောင်မင်းထိုက်တို့ တကယ်လက်ထပ်ဖြစ်တော့မှာပါလားလို့ သက်ပြင်းချနိုင်တော့တယ်"

"ကျွန်တော်တို့အစ်ကိုကြီးက လူအေး၊ ပြီးတော့ စိတ်ရင်းကောင်းတော့ သူ့အတွက် အမြဲတမ်းကံကောင်းနေတာချည်းပဲ"

ငွေတိုးကတော့ ယမကာလေးဝင်သွားပြီမို့ ပိုလို့အာသွက်နေသည်။

"ကျွန်တော်တို့ ရွာကို ခဏလာတုန်းကလည်း ခဏအလျောက်ပဲ၊ ကံကောင်းခြင်းတွေ ရခဲ့တာပဲ၊ အတာ့ကို ကိုကျော်လတ် သိတယ်မဟုတ်လား"

"သိတော့သိတယ်၊ ဒါပေမဲ့ လူချင်းတော့ ဒီနေ့အထိ မဆုံဖြစ်လိုက်ဘူး၊ ဒီကောင်ကြီး ပြောတာရယ် သူများတွေ ပြောတာနဲ့ပဲ သူ့အလှကိုသိရတာ၊ ကျက်သရေရှိရှိနဲ့ လှတယ်ဆို"

"သိပ်ဟုတ်တာပေါ့ ကိုကျော်လတ်ရာ၊ လှလည်းလှတယ် ဣန္ဒြေလည်းရှိတယ်၊ ဆံပင်ကလည်း ကောင်းလိုက်သမှ ပြောမနေနဲ့"

မသောက်မစားသောသူ့ကို ရှေ့မှာထားပြီး ရင်နာအောင် ဝိုင်းဖွဲ့ပြောနေကြခြင်းလား။

"ဒါနဲ့ အဲဒီအတာက အိမ်ထောင်ကျသွားပြီ မဟုတ်လား ငွေတိုး"



www.burmeseclassic.com

www.burmeseclassic.com



ငွေတိုးတို့ ညီအစ်ကို သကြ်န်ရက်နှင့်ကပ်ပြီး ရန်ကုန် ရောက်လာကြပေမယ့် သူနှင့်စကားအေးအေးဆေးဆေး မပြောဖြစ် ပေ။

အတာနှင့်ပတ်သက်ပြီး သာကြောင်း၊ မာကြောင်းလောက် ကိုတောင် စကားမဆုံဖြစ်ကြပေ။

"ဘယ်က အိမ်ထောင်ကျရမှာလဲ၊ အတာက ကျွန်တော် တို့ရဲ့ အစ်မဝမ်းကွဲ၊ အတာ့အဖေနဲ့ ကျွန်တော့်အမေက မောင်နှမ အရင်းကြီး"

ငွေစိုး ရုတ်တရက် ဝင်ပြောလိုက်ခြင်းကြောင့် ငွေတိုးက ပါးစပ်အဟောင်းသားဖြစ်သွား၏။

သူ နားကြားမှားသလား . . . ဟု ငွေစိုးကို အလန့်တကြား မေးလိုက်ရသည်။

"ငွေစိုး . . . မင်း ဘာပြောလိုက်တယ်၊ အတာ အိမ်ထောင် မကျသေးဘူး ဟုတ်လား"

သူ့အမေးစကားကြောင့်ပင် ထွေနေသော ငွေစိုး ငိုင်ကျ သွား၏။ ကျော်လတ်လည်း အမူးပြေပြီး စိတ်ဝင်စားဟန်တူသည်။

ငွေတိုးကတော့ ငွေစိုးကို ငေါက်ငမ်းလိုက်သည်။

"ဟေ့ကောင် ငွေစိုး . . . ဘာလို့ ဒီစကားကို မင်း ပြော လိုက်ရတာလဲ၊ အစ်ကိုကြီး စိတ်မချမ်းသာအောင် လုပ်တာလား၊ မင်းကွာ ငါ အတန်တန် မှာထားရက်ကနေ"



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်ကုန်ပြီ မသိ။

တစ်စုံတစ်ခုတော့ မှားယွင်းနေတာ သေချာနေပြီ။ မှားခဲ့ပြီ . . . ဟု သူထင်ခဲ့သမျှတို့သည် ဒီအချိန်ရောက်မှ နောက်ကြောင်းပြန်လှန်လို့ မရအောင် အကြီးအကျယ်မှားယွင်းခဲ့ကြခြင်းပဲ။

"ငွေတိုး . . . မင်း ဘာဖြစ်လို့ ပြောမယ့်စကားကို ဟန့်လိုက်ရတာလဲ၊ ငါ့ကို အတာကလည်း လိမ်တယ်၊ မင်းတို့ကလည်း လိမ်တယ်၊ ငါ အလိမ်ခံခဲ့ရတာပေါ့ ဟုတ်လား၊ ပြောစမ်းပါဦး ငွေတိုး"

"ကျွန်တော့်ကို သတ်ချင်သတ်လိုက်တော့၊ ကျွန်တော် လုံးဝ မပြောတော့ဘူး အစ်ကိုကြီး"

ချက်ချင်းဆိုသလို နှုတ်ပိတ်ဖို့ ကြိုးစားလိုက်သော ငွေတိုးကြောင့်ပင် ဒေါသထောင်းခနဲ ထွက်သွားသည်။

ထိုင်ရာမှ ဝုန်းခနဲထပြီး ငွေတိုးဂုတ်ကို ဆွဲမလိုက်မိ၏။

"အောင်မင်းထိုက် . . . ဒီ့ပြင်ဝိုင်းကလူတွေ ကြည့်နေကြတယ်၊ မင်း အေးအေးဆေးဆေး ပြန်ထိုင်နေလိုက်ပါ၊ ကဲ . . . ငွေတိုးကလည်း ငွေတိုးပြောမယ့်စကားကို မပိတ်ပင်နဲ့၊ မင်းတို့နှစ်ယောက်စလုံး အတာနဲ့ပတ်သက်တာကို အမှန်အတိုင်း ပြောပြပါ၊ ဒီလိုမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောဘူးဆိုရင် မင်းတို့အစ်ကိုကြီး ရမ်းမှာပဲ၊ အဲဒါမှ ပြဿနာ ပိုရှုပ်ထွေးကုန်မယ်၊ အတာ အပျိုအတိုင်းပဲ ရှိနေသေးတယ်ဆိုတဲ့ စကားကို ငါလည်း စိတ်ဝင်စားတာ အမှန်ပဲ၊ ဒီတော့ကွာ ဖြစ်ခဲ့တာတွေကို မင်းတို့နှစ်ယောက် အမှန်အတိုင်း ပြောပြပါ"

ကျော်လတ်၏ အထိန်းအသိမ်းကောင်းမှုကြောင့်ပင် ရုပ်ပျက်ဆင်းပျက် မဖြစ်လိုက်ရခြင်း ဖြစ်၏။

"ဒါဆိုရင် ငွေစိုးက စကားမပြောတတ်ဘူး၊ ကျွန်တော်ကပဲ ဒီကိစ္စကို ရှင်းပြပါ့မယ်"

"ဟော့ကောင် ငွေတိုး . . . မင်း အစအဆုံး ရှင်းပြနေတာကို ငါ သည်းခံပြီး နားမထောင်နိုင်ဘူး၊ ငါမေးတာကိုပဲ မင်း တစ်ခုချင်းဖြေ"

သူ့ဒေါသ မပြေသေးတာတော့ အမှန်ပင်။ ဝမ်းနည်းစိတ်တို့ကလည်း လသာသာအောက်မှာကြွေကျနေသော ပိတောက်တို့နှယ် ပြန့်ကျဲလို့နေ၏။

"ကောင်းပါပြီ အစ်ကိုကြီး၊ အစ်ကိုကြီး မေးပါ"

"အတာ ရန်ကုန်ကိုလာတယ်၊ ပြန်သွားတယ်၊ သင်္ကြန်မတိုင်ခင်တစ်ပတ်အလိုကျမှ ပေးပါလို့ပြောပြီး ခင်ဦးဆီမှာ စာတစ်စောင်ထားခဲ့တယ်၊ အဲဒီစာထဲမှာ ရွာပြန်ရောက်တာနဲ့ မိဘသဘောတူတဲ့လူနဲ့ လက်ထပ်ရမှာလို့ ရေးထားတယ်၊ အဲဒါ ဟုတ်လား"

"အဲဒီထိဟုတ်တယ် အစ်ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



“အဲဒီအထိဟုတ်ရင် နောက် ဘာဆက်ဖြစ်လို့လဲ”

ငွေတိုးက ချက်ချင်းမဖြေဘဲ ပြည့်လုနီးပါးရှိနေသော အရက်ခွက်ကို ကုန်အောင်မော့ချလိုက်သည်။ ပြီးမှ . . .

“မထူးပါဘူး အစ်ကိုကြီးရာ ပြောလက်စနဲ့တော့ အကုန်လုံး ဇာတ်ရည်လည်အောင် ပြောတော့မယ်၊ အစ်ကိုကြီး ကျွန်တော့်ကို မေးခွန်းတွေ ထပ်မမေးနဲ့ အစအဆုံး ကျွန်တော် ပြောပြမယ်”

ငွေတိုး၏တောင်းဆိုမှုကို သဘောတူလိုက်ရသည်။

သူက အတာနှင့်ပတ်သက်ပြီး သိချင်နေသူပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၁၂

“ထပ်ပြီး ပြောဦးမယ် အစ်ကိုကြီး၊ ဒီစကားတွေကို နားထောင်ပြီးတာနဲ့ အစ်ကိုကြီး ဝမ်းနည်းရင် ဝမ်းနည်းပါ။ ဒီဝိုင်းက ထတာနဲ့ အဲဒါတွေအားလုံးကို မေ့ပစ်ဖို့ ကတိပေး”

အခုအခြေအနေတွေရောက်နေမှတော့ ငွေတိုး၏တောင်းဆိုမှုကို သူလက်ခံရပေမည်။ နှုတ်မှမဖြေဘဲ သူခေါင်းညိတ်လိုက်၏။

“အတာ ရန်ကုန်ကို ဆင်းလာတဲ့ကိစ္စက စပြီး ပြောရမှာပဲ၊ အစ်ကိုကြီးနဲ့ အတာတို့ မတွေ့ခင်မှာပင် ဆီဆုံကုန်းရွာက မိုးလွင်ဆိုတဲ့လူရဲ့မိဘတွေက အတာနဲ့ လက်ထပ်ပေးဖို့ စကားကမ်းလှမ်းတာရှိတယ်၊ အစ်ကိုကြီး ရုတ်တရက်ရောက်လာတယ်၊ ပြီးတော့ ပြန်သွားတယ်၊ မိုးလွင်တို့က တစ်ခေါက်ထပ်လာတယ်၊ အဲဒီမှာတင် ကျွန်တော့်ဦးလေးက အတာ့ကို အပြတ်မေးတယ်၊ အစ်ကိုကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတာတို့အခြေအနေက ဘယ်လိုလဲပေါ့၊ အတာက သူ့ကို ဆယ်ရက်အချိန်ပေးဖို့ပြောပြီး ရန်ကုန်ဆင်းလာတာပဲ၊ အတာ့ ရည်ရွယ်ချက်က အစ်ကိုကြီးနဲ့တွေ့၊ လူကြီးတွေနဲ့ တရားဝင် တောင်းရမ်းဖို့ ကိစ္စအတွက် လာခဲ့တာပဲ၊ ရွာဓလေ့နယ်ဓလေ့က ရန်ကုန်မှာလို မဟုတ်ဘူး၊ နယ်က ကျဉ်းတယ်၊ အမြင်တွေက အမျိုးမျိုး၊ အကျဉ်းချုပ်ပြောရရင်တော့ ဒီမှာ အဲဒီကိစ္စပြောဖို့ ဘယ်လိုမှ မဖြစ်ဘူး၊ ဒီကြားထဲ မခင်ဦးနဲ့အစ်ကိုကြီးတို့အကြောင်းကို အတာ သိသွားတယ်၊ သူ့တာသာသူ အားငယ်တာလည်း ပါလိမ့်မယ် အစ်ကိုကြီး၊ အတာ ရွာပြန်ရောက်လာတာ မြန်လွန်းတော့ တစ်ခုခုဖြစ်ပြီ ဆိုတာ သိလိုက်တယ်၊ အတာက မျိုးလွင်ကို လက်ထပ်ဖို့ ခေါင်းညိတ်လိုက်တယ်”

ဇာတ်ရည်ကတော့ လည်သလောက် ရှိသွား၏။

နောက်ဆက်တွဲ အဖြစ်အပျက်တွေကတော့ ကျန်နေသေးသည်။

ငွေတိုးက ခဏနားပြီး အရက်တစ်ငုံသောက်လိုက်သေးသည်။ ငွေတိုး ဆက်ပြောမည့်စကားတွေက သူ့အတွက်တော့ ဝမ်းနည်းချင်စရာတွေပင်။ သူနှင့်အတာတို့ ဒီဘဝမှာ မဆုံဆည်းကြဖို့ ကံကြမ္မာက စီရင်နိုင်ခဲ့လေသည်။

“ဆက်ပြောစမ်းပါ ဦးငွေတိုး”

“ပြောမယ် ကိုကျော်လတ်၊ ဒီသတင်းကြားတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့လည်း အစ်ကိုကြီးကို ဒေါသဖြစ်မိသေးတယ်၊ ကျွန်တော့်ဦးလေးနဲ့ အဖေတို့လည်း အကြီးအကျယ် စကားများကြသေးတယ်၊ အစ်ကိုကြီးကို ချိုးချိုးနှိမ်နှိမ်ပြောလာတော့ အဖေကလည်း ဘယ်ခံမလဲ၊ သူ့တူအရင်းပဲ မဟုတ်လား၊ အတာကလည်း သူ့အားငယ်မှု၊ ဝမ်းနည်းမှုနဲ့ ကြိတ်မှိတ်နေခဲ့တာကိုး၊ ပြဿနာက ထပ်တက်တယ်၊ မိန်းကလေးရှင်က လက်ခံပါပြီလို့ စကားပြန်တဲ့အချိန်မှာပဲ မျိုးလွင်တို့ဘက်က နောက်ဆုတ်သွားတယ်၊ အစ်ကိုကြီးနဲ့အတာတို့ ရက်ပိုင်းလောက် တွေ့ဖြစ်ကြတဲ့သတင်း၊ အတာ ရန်ကုန်အထိ လိုက်တဲ့သတင်း၊ အဖေနဲ့ဦးလေးတို့ ရန်ဖြစ်ကြတဲ့သတင်းတွေကို လူတွေကချဲ့ကားကြတာလေ၊ မျိုးလွင်တို့ငြင်းတာနဲ့ ဦးလေးအနေနဲ့ တစ်ရှက်ကနေ နှစ်ရှက်ဖြစ်သွားရတာ၊ ဒါကြောင့် အခုအချိန်အထိ အတာအပျိုဘဝမှာပဲ ရှိနေသေးတာ၊ နောက်နောင်ကိုလည်း ဘယ်သူနဲ့မှ လက်မထပ်ဖြစ်ဘဲ တစ်ယောက်တည်း နေသွားတော့မှာ သေချာတယ် အစ်ကိုကြီး”

လသာသာအောက်ဆီမှာ ပိတောက်တို့ရာတော့ အုံသင်းဖွဲ့ကာ ကြွေကျနေဆဲပင်။

သူမျက်ဝန်းတို့သည် ဝမ်းနည်းခြင်းကြောင့် ဝေဝါးစပြုလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငွေတိုး မပြောနဲ့ဆိုလို့ ဘာမှဝင်မပြောဘဲ ကျွန်တော် တစ်လျှောက်လုံး ငြိမ်နေခဲ့တာ၊ အစ်ကိုကြီးကို ဘယ်သူမှ လိမ်ခဲ့ကြ တာ မဟုတ်ဘူး၊ ကျွန်တော့်မှာ ပြောစရာတစ်ခု ကျန်သေးတာ၊ အဲဒါကတော့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် ရန်ကုန်ဆင်းလာ ရတဲ့အကြောင်းပဲ"

ငွေတိုးပြောလို့ ဇာတ်လမ်းဆုံးမှပင် ငွေစိုးက စကားဆက် ဖို့ ကြိုးစားပြန်၏။

သူတစ်ယောက်တည်း မသောက်ပေမယ့် ကျန်သည့်သူ တွေလို အာရုံတွေ ထွေပြားနေရ၏။

BURMESE CLASSIC .com

အမူးလွန်နေသော ကျော်လတ်က . . .

"ပြောစမ်း ငွေစိုး . . . မင်း ဘာပြောချင်သေးလဲ၊ မင်းမှာ ပြောဖို့ အခွင့်အရေး ရှိတယ်"

"ပြောမယ် . . . ပြောကိုပြောမှဖြစ်မှာ ကိုကျော်လတ်၊ ကျွန်တော်တို့ ရန်ကုန်ဆင်းလာတာ တခြားမဟုတ်ဘူး၊ သကြၤန်လည် ဖို့ယက်သက် တစ်ခုတည်း မဟုတ်ဘူး၊ ကျွန်တော်တို့ အစ်မအတာ ခံစားနေရတာကို မကြည့်ရက်လို့ အစ်ကိုကြီးနဲ့အတာတို့ ဒီဘဝမှာ ပြန်ပေါင်းနိုင်ဖို့ လာခဲ့ကြတာ၊ ဒီရောက်ရင် ဘာတွေဖြစ်ခဲ့ကြတာ လဲဆိုတာကို စုံစမ်းမယ်၊ အတာ ဘာတွေဖြစ်နေလဲဆိုတာကို အစ်ကိုကြီးသိအောင် ပြောပြမယ်၊ အစ်ကိုကြီးက နားလည်သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ရင် ကျွန်တော်တို့ဦးလေး ကျွန်တော်တို့နှစ်ယောက်ကို သတ်ရင် သတ်ပစေ၊ အတော့ကို ကျွန်တော်တို့ကိုယ်တိုင် နိုးထုတ်ပြီး အစ်ကိုကြီးဆီ ပို့ပေးကြမှာလေ၊ အခုတော့ဗျာ အဲဒါတွေအားလုံး သဲထဲရေသွန်သလို ဖြစ်ကုန်ပါပြီ”

ဧပြီလအကုန်မှာ သူနှင့်ခင်ဦးလှိုင်တို့ လက်ထပ်ရတော့မည်။

BURMESE CLASSIC .com

မနက်ဖြန်ဆိုရင် ဖိတ်စာတွေ ဝေတော့မှာ ဖြစ်၏။

သူတို့ဖိတ်စာကို ငွေတိုးတို့ညီနောင်က သယ်ဆောင်သွားကြသည့်အခါ သူဆက်တွေးဖို့ပင် အင်အားများစွာ မဲ့သွားရသည်။

“ဒါပဲ အောင်မင်းထိုက်၊ မင်းတို့ကာယကံရှင်တွေ မဟုတ်ဘူး၊ ကြားလူတွေ ဘယ်လောက်ပဲ ကြိုးစားကြိုးစား မင်းတို့ချင်း မပေါင်းချင်တော့လည်း တလွဲတွေဖြစ်ကုန်တာပဲ၊ ငါ မပြောခဲ့လား၊ ဒီဘဝမှာ ခင်ဦးတစ်ယောက်ကလွဲလို့ ဘယ်သူနဲ့မှ မပေါင်းဖြစ်ပါဘူး ဆိုတာလေ . . . ”

ကျော်လတ်ကတော့ စကားတွေကို လျှာလေးအာလေးဖြင့် ဆက်ပြောနေသေးသည်။

သူကတော့ အလုံးစုံကြားနိုင်စွမ်းမရှိတော့ပေ။

သူ့ဆီမှာ ကြွင်းကျန်ရစ်နေသေးသော အတော့စာထဲမှ နောက်ဆုံးစာသားလေးကို မြင်ယောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



လသာသာအောက်မှာပင် ပိတောက်တို့ ကြွေနေ၏။

အုပ်သင်းဖွဲ့ပြီး ပိတောက်တို့ ကြွေသံကို သူ အတိုင်းသား ကြားနေရသည်။

ပိတောက်ကြွေတို့ မြေပေါ်မှာ မမြင်ရက်စရာ။

အတာ့မျက်နှာလေးကို ကြေကွဲစွာမြင်ယောင်မိလိုက်တော့၏။

မောင်ညိုအေး [ပန်းတော]
တိုက် ၂၅၊ အခန်း [၃၀၄]
၅ လမ်း၊ ဘီ-ဘလောက်
ယုဇနဥယျာဉ်မြို့တော်
ဒဂုံမြို့သစ် [ဆိပ်ကမ်း] မြို့နယ်။
ဖုန်း-၅၉၃၀၄၂



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com